# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၃) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | လေရှီးမြို့နယ်တွင် စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံဖြစ်သော လိမ္မော်ပင်နှင့် အခြားနှစ်ရှည်ပင်များအား ပိုးမွှားများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ရန် အသိပညာပေးလုပ်ငန်း နှင့် နည်းပညာကျွမ်းကျင်သူများ စေလွှတ်၍ သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ပင်းတယမြို့နယ်၊ သစ်အယ်ပင်ကျေးရွာအုပ်စုတွင် ပြန်ပေးပြီးမြေကွက်ခြောက်ကွက်အား မြေပိုင်ဆိုင်မှု ပုံစံ(၇)ရရှိအောင်ဆောင်ရွက်ပေးရန် နှောင့်နှေးကြန့်ကြာမှု ဖြစ်နေသော အဆိုပါမြေခြောက်ကွက်ကို လုပ်ငန်းအဆင်ပြေစေရန်နှင့် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းလုပ်ငန်း (School Milk Program) ပိုမိုထိရောက်အောင်မြင်၍ ရာနှုန်းပြည့်ဖော်ဆောင်သွားနိုင်ရန် နိုင်ငံတော်အစိုးရမှ မည်သို့ဆက်လက် ကူညီပံ့ပိုးပေးမည်နှင့် ယင်းလုပ်ငန်းစဉ်အတွက် သီးသန့်ရန်ပုံငွေချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | လက်ပံတန်းမြို့နယ်ရှိ ရန်ကုန်-ပြည်လမ်းနှင့် ကျွန်းကလေး-မော်အင်း လမ်းဆုံရာ (ကျွန်းကလေး အရှေ့ဘက်လမ်းတာဆုံ) တွင် စံကိုက်မီးပွိုင့်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၉ | ရွှေကူမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ခုံခမ်း၊ ကျွန်းတော်တို့ ကူးတို့ဆိပ်၊ အမှတ်(၁)ရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက် စသော နေရာများတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ နှစ်စဉ်ပြိုကျလျက်ရှိရာ မြစ်ထိန်းကျောက်စီနံရံရေကာတာ ဆောက်လုပ်ပေးရန် | ၁၉ |

အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၀ သံတွဲမြို့နယ်၊ ငပလီမြို့အမှတ်(၅)ရပ်ကွက်၊ ဂျီတွော(လုံးသာ) ရပ်ကွက် အတွင်းရှိ အများပြည်သူအသုံးပြု နေသော ဆိပ်ခံတံတား(Jetty)မှာ ပျက်စီးယိုယွင်းနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မီ (Jetty) တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၃

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း တပ်ဆင်သွယ်တန်းထားကြသော ဆက်သွယ်ရေး ကြိုးလိုင်းများ၊ အင်တာနက်ကွန်ရက် ဖိုက်ဘာလိုင်းများ သည် တရားဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ၊ အဆိုပါကြိုးလိုင်းများအား ဖြုတ်သိမ်းရွှေ့ပြောင်းရန် လိုအပ်လာသည့်အခါ မည်သည့်အဖွဲ့အစည်း တွင် တာဝန်ရှိသည်ကို သိရှိလိုခြင်းနှင့် နိုင်ငံပိုင်ဓာတ်အားတိုင်များတွင် သွယ်တန်းထားမှုကြောင့် လျှပ်စစ်နှင့်အခြားအန္တရာယ် ကင်းရှင်းရန် မည်ကဲ့သို့ အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၈

၁၂ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း ၃၇

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉) နှင့်စပ်လျဉ်း၍အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၅၃

၁၄ လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေး မြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ် ရေးစနစ် (Research and Extension System) ပိုမိုအားပေး ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၅၄

၁၅ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံ၏အမျိုးသား စီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါး ထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲ အကောင် အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၆၂

၁၆ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၈၇

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၉၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၃၀-၅-၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်ငွေ၊ လေရှိုး မဲဆန္ဒနယ်၏ **လေရှိုးမြို့နယ်တွင် စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံဖြစ်သော လိမ္မော်ပင်နှင့် အခြားနှစ်ရှည်ပင်များအား ပိုးမွှားများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးခြင်းမှ ကာကွယ် ပေးနိုင်ရန် အသိပညာပေးလုပ်ငန်းနှင့် နည်းပညာ ကျွမ်းကျင်သူများ စေလွှတ်၍ သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုးမြင့်၊ ပင်းတယ မဲဆန္ဒနယ်၏ **ပင်းတယမြို့နယ်၊ သစ်အယ်ပင် ကျေးရွာအုပ်စုတွင် ပြန်ပေးပြီးမြေကွက် (၆)ကွက်အား မြေပိုင်ဆိုင်မှု**

**ပုံစံ(၇) ရရှိအောင်ဆောင်ရွက်ပေးရန် နှောင့်နှေးကြန့်ကြာမှု ဖြစ်နေသော အဆိုပါ မြေ (၆)ကွက်ကိစ္စအား လုပ်ငန်းအဆင်ပြေစေရန်နှင့် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းလုပ်ငန်း (School Milk Program) ပိုမိုထိရောက်အောင်မြင်၍ ရာနှုန်းပြည့်ဖော်ဆောင်သွားနိုင်ရန် နိုင်ငံတော်အစိုးရမှ မည်သို့ ဆက်လက်ကူညီပံ့ပိုးပေးမည်နှင့် ယင်းလုပ်ငန်းစဉ်အတွက် သီးသန့် ရန်ပုံငွေ ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်ရှိ ရန်ကုန်–ပြည်လမ်းနှင့် ကျွန်းကလေး–မှော်အင်းလမ်းဆုံရာ (ကျွန်းကလေးအရှေ့ဘက်လမ်းတာဆုံ)တွင် စံကိုက်မီးပွိုင့် ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ခုံခမ်း၊ ကျွန်းတော်တို့ ကူးတို့ဆိပ်၊ အမှတ်(၁) ရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက် စသောနေရာများတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ နှစ်စဉ်ပြိုကျလျက်ရှိရာ မြစ်ထိန်း ကျောက်စီနံရံရေကာတာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၏ **သံတွဲမြို့နယ်၊ ငပလီမြို့ အမှတ်(၅) ရပ်ကွက်၊ ဂျိတ္တော(လုံးသာ) ရပ်ကွက်အတွင်းရှိ အများပြည်သူ အသုံးပြုနေသော ဆိပ်ခံတံတား (Jetty)မှာ ပျက်စီးယိုယွင်းနေပါသဖြင့် မည်သည့် ဘဏ္ဍာရေးနှစ်တွင် အဆင့်မီ(Jetty) တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း တပ်ဆင်သွယ်တန်းထားကြသော ဆက်သွယ်ရေးကြိုးလိုင်းများ၊ အင်တာနက်ကွန်ရက် ဖိုက်ဘာလိုင်းများသည် တရားဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ၊ အဆိုပါကြိုးလိုင်းများအား ဖြုတ်သိမ်းရွှေ့ပြောင်းရန် လိုအပ်လာသည့်အခါ မည်သည့်အဖွဲ့အစည်းတွင် တာဝန်ရှိသည်ကို သိရှိလိုခြင်းနှင့် နိုင်ငံပိုင်ခြံမြေများတွင် သွယ်တန်းထားမှုကြောင့် လျှပ်စစ်နှင့် အခြားအန္တရာယ်ကင်းရှင်းရန်၊ မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က **"လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ် (Research and Extension System) ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံ၏ အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေး ကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်၊

(ခ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဂ) ဦးခင်မောင်ဦး၊ ကျောက်တံခါး မဲဆန္ဒနယ်၊

(ဃ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၊

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(စ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ဆ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်၊

(ဈ) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၊

(ည) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

၁၂။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ရှိသည့်အနက် ၃၉၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၂ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၁ ရက်၊

(၂) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၃) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်၊

(၄) မြောင်မဲဆန္ဒနယ်မှ ဦးဒွေးငွေ ခွင့် ၂ ရက်၊

(၅) ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ခွင့် ၂ ရက်၊

(၆) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၇) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၂ ရက်၊

(၈) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၂ ရက်၊

(၉) မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ခွင့် ၂ ရက်၊

(၁၀) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၁၁) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၂ ရက်၊

(၁၂) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၁ ရက်၊

(၁၃) ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်၊

(၁၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၅) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၂ ရက်၊

(၁၆) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

(၁၇) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၂ ရက်နှင့်

(၁၈) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လေရှီးမြို့နယ်တွင် စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံဖြစ်သော လိမ္မော်ပင်နှင့် အခြားနှစ်ရှည်ပင်များအား ပိုးမွှားများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ရန် အသိပညာပေးလုပ်ငန်းနှင့် နည်းပညာကျွမ်းကျင်သူများစေလွှတ်၍ သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး

ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ လေရှီးမြို့နယ်အတွင်းမှာစိုက်ပျိုးထားတဲ့ နှစ်ရှည်သီးနှံပင်ဖြစ်သော လိမ္မော်နှင့် အခြားနှစ်ရှည်ပင်များအား ပိုးမွှားများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးခြင်းမှကာကွယ်ပေးနိုင်ရန် အသိပညာပေးလုပ်ငန်းနှင့် နည်းပညာကျွမ်းကျင်သူများစေလွှတ်၍ သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရန်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ လေရှီးမြို့နယ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ဝန်းကျင်ကတည်းကပင်ပြီးတော့ လိမ္မော်ကိုအလွန်ဖြစ်ထွန်းပြီးတော့ ဒေသခံပြည်သူများရဲ့အဓိကစီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံတောင်သူတွေရဲ့ လိမ္မော်ရောင်းရငွေဟာ တစ်နှစ်မှာ ခန့်မှန်းခြေအားဖြင့် သိန်းပေါင်း ၅၀၀၀ ကနေမှ ၇၀၀၀ ဝန်းကျင်လောက်ရရှိခဲ့တယ်လို့ ပြောလို့ရပါတယ်။ တချို့မိသားစုတွေဆိုလို့ရှိရင်တော့ တစ်အိမ်ထဲမှာပဲ သိန်းရာငွေရရှိခဲ့တဲ့အခြေအနေမျိုးလည်း ရှိခဲ့ဖူးပါတယ်။ သို့သော်လည်းပဲ ၂၀၁၄-၂၀၁၅ ခုနှစ်ဝန်းကျင်လောက်နေစပြီးတော့မှ အိမ်တွေဟာတဖြည်းဖြည်း ခြောက်လာပြီးတော့မှ အခင်းအားလုံးနီးပါးလောက် ပျက်စီးဆုံးရှုံးတာတွေကို တွေ့နေရပါတယ်။ မြေပြင်အခြေအနေအရ လေ့လာတွေ့ရှိချက်အရပြောရမယ်ဆိုလို့ရှိရင်တော့ အပင်အိုလို့ခြောက်နေတဲ့ ပုံစံမျိုးမဟုတ်ပါဘူး။ အပင်ပျိုများလည်း အခင်းတစ်ခုလုံးခြောက်နေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ မြေဩဇာကောင်းနေတဲ့နေရာတွေရော၊ ရေအစိုဓာတ်ရနေတဲ့ နေရာတွေမှာရော ခြောက်နေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ဒေသဟာ မိုးများတဲ့ဒေသဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အရွက်ပိုးတွေ၊ ပင်စည်ပိုးတွေကတော့ အနည်းနဲ့အများထိုးတာ တော့ရှိပါတယ်။ သို့သော်လည်းပဲ အဲဒီ အရွက်ပိုး၊ ပင်စည်ပိုးတွေ ထိုးတာလောက်ကတော့ ကျွန်တော်တို့ဒေသခံတောင်သူတွေက ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် ကာကွယ်နေခဲ့ပေမဲ့လို့ အခုဖြစ်နေတဲ့ပုံစံ၊ ရောဂါကိုတော့ မကာကွယ်နိုင်ဘူးဖြစ်နေပါတယ်။ မြို့နယ်စိုက်ပျိုးရေးဌာနကလည်း ကျွန်တော်တို့ ပစ္စည်းကိရိယာတွေရော၊ နည်းပညာပိုင်းဆိုင်ရာတွေရော သူတို့လက်လှမ်းမမီတဲ့အနေအထားမျိုးကို ကျွန်တော်တို့ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုပြီးတော့ ထင်သာမြင်သာဖြစ်စေရန် ပုံလေးနဲ့တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ရောဂါပိုးမဖြစ်ခင်မှာ ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါကျွန်တော်တို့ဆီမှာ လိမ္မော်ကို အလွန်ဖြစ်ထွန်းတဲ့အနေအထားမျိုးတွေ တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ မိုးတွင်းကာလမှာ၊ လိမ္မော်ပင်တအားသန်ရမယ့်အချိန်ကာလမှာ တစ်ခင်းလုံးခြောက်နေတဲ့အနေအထားကိုသာ အဝေးကနေဆွဲထားတဲ့ပုံဖြစ်ပါတယ်။ ဒီမှာဆိုရင် ရေလည်းပုံမှန်ရနေပါတယ်။ ဒါက လယ်ကွင်းနဲ့လည်းနီးနေတဲ့အတွက်

ကြောင့် ရေကိုပိုပြီးမှန်သွင်းလို့ရတဲ့အနေအထားရှိပါတယ်။ ဒါဟာဆိုလို့ရှိရင်တော့ အရွက်အားကောင်းမယ့်အချိန်ကာလမှာ အခုလိုတစ်ပင်လုံးခြောက်သွားတဲ့အနေအထားမျိုးကို တွေ့ရတာဖြစ်ပါတယ်။ ဒါလည်းပဲ ထိုနည်းလည်းကောင်းပဲ ဒီအချိန် ဒီရက်ပိုင်းလေးမှာ ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ အရွက်ကိုစိမ်းစိမ်းစိုစိုနဲ့ဖြစ်ရမယ့်အချိန်ကာလ ဖြစ်ပါတယ်။ ဒါအခု တစ်ခင်းလုံးခြောက်သွားတဲ့အနေအထားမျိုးပါ။ ဒါလည်းထိုနည်းလည်းကောင်းပါပဲ။ ဒါဆိုလို့ရှိရင် မြေဆီသြဇာအင်မတန်ကောင်းတဲ့နေရာကို ကျွန်တော်ကိုယ်တိုင်ရိုက်ထားခဲ့တဲ့ပုံဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်က ဇွန်လလောက်မှာ ကျွန်တော်တို့ရိုက်ထားတာပါ။ မြေသြဇာလည်းကောင်းတယ်။ ရေလည်းရ တယ်။ ဒါပေမဲ့လို့ အခင်းက အကုန်လုံးခြောက်နေတဲ့အနေအထားကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဆိုလို့ ရှိရင် တစ်ခင်းလုံးခြောက်သွားတဲ့အခါကျတော့ တောဖြစ်သွားတော့ ပြုစုလို့လည်း အလကား အကျိုးမရှိတော့တဲ့အတွက်ကြောင့် ဒါပစ်ထားတဲ့ပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ လိမ္မော်စိုက်တောင်သူတွေရဲ့ဝင်ငွေဟာ ယခင်သိန်းထောင်ချီရရှိနေတဲ့အခြေအနေမျိုးကနေမှ ယခုဆိုလို့ရှိရင်တော့ တစ်မြို့နယ်လုံးရဲ့တောင်သူဝင်ငွေဟာ ရာဂဏန်းတောင်မှပဲအနိုင်နိုင် မရနိုင်တော့တဲ့အနေအထားမျိုးကို တွေ့ရှိရပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ လိမ္မော်ကဲ့သို့သော နှစ်ရှည်ပင်များဖြစ်တဲ့ လက်ဖက်တို့၊ ကော်ဖီတို့၊ မက်မန်းတို့၊ ထောပတ်တို့ အဲဒါတွေလည်းပဲ အများကြီးစိုက်နေကြပါတယ်။ ဒီဟာလည်း ဒီလိုမျိုး လိမ္မော်လိုမဖြစ်ရလေအောင် ကွင်းဆင်းသုတေသနနည်းပညာပေးလုပ်ငန်းတွေ လုပ်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွမ်းကျင်ပညာရှင်တွေကို စေလွှတ်ပြီးတော့ လက်တွေ့ကျတဲ့သုတေသနစမ်းသပ်မှုနဲ့ပညာပေးလုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးဖို့အတွက်ကို လိုအပ်နေတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးပါ့မယ်။ ဦးကျော်ဌေးအနေနဲ့ လေရှီးမြို့နယ်မှာ စိုက်ထားတဲ့ နှစ်ရှည်သီးနှံ၊ လိမ္မော်ပင်နှင့် အခြားနှစ်ရှည်ပင်

တွေ၊ ပိုးမွှားနှင့် ရာသီဥတုပြောင်းလဲမှုတွေကြောင့် ပျက်စီးခြင်းကနေကာကွယ်ပေးနိုင်ဖို့ အသိပညာပေးလုပ်ငန်းနှင့် နည်းပညာကျွမ်းကျင်သူများစေလွှတ်ပြီး သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးဖို့ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ လေရှီးမြို့နယ်ဟာ သမပိုင်းကုန်းမြင့်ဒေသမှာ တည်ရှိပါတယ်။ လိမ္မော်သီးနှံအပြင် အခြားနှစ်ရှည်ပင်တွေဖြစ်တဲ့ သစ်တော၊ မျောက်ငို၊ ထောပတ်၊ မက်မန်း၊ မက်မွန် စတဲ့နှစ်ရှည်ပင်များဖြစ်ထွန်းနိုင်တဲ့ စိုက်ပျိုးရေးရပ်ဝန်းမှာ တည်ရှိပါတယ်။ လက်ရှိအခြေအနေမှာ လေရှီးမြို့နယ်မှာ လိမ္မော် ၁၃၄ ဧက၊ သစ်တော ၁၆ ဧက၊ မျောက်ငို ၁၅ ဧက၊ ထောပတ် ၁၃ ဧက၊ မက်မန်း၊ မက်မွန်နှင့် အခြားနှစ်ရှည်ပင်သီးနှံတွေ ၇၂ ဧက စုစုပေါင်း ဧက ၂၅၀ စိုက်ပျိုးထားပြီးဖြစ်တဲ့အပြင် အခြားအိမ်ခြံဝင်းသီးနှံတွေကိုလည်းပဲ စိုက်ပျိုးထားကြောင်း သိရှိရပါတယ်။ လက်ရှိရင်ဆိုင်ကြုံတွေ့လာနေရတဲ့ နိုင်ငံတစ်ဝန်းလုံး ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်မှုအပေါ် အကျိုးသက်ရောက်မှုများရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပြောင်းလဲလာတဲ့ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမယ့် သီးနှံမျိုးများ၊ သီးနှံစိုက်စနစ်တွေကို တောင်သူတွေကို ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေရှီးမြို့နယ်မှာ လက်ရှိလိမ္မော်စိုက်ပျိုးနည်းစနစ်တွေဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်ခန့်က အစေ့စိုက်စနစ်နဲ့ စိုက်ပျိုးခဲ့ကြတာ ဖြစ်ပါတယ်။ အစေ့စိုက်အပင်များ ဖြစ်တဲ့အတွက် ရာသီဥတုပြောင်းလဲမှုကြောင့် အစိုဓာတ်အနည်း/အများပေါ်မှာမူတည်ပြီးတော့ မြေဆောင်ရောဂါတွေကြောင့် အပင်များခြောက်ပြီး ပျက်စီးမှုဖြစ်ပေါ်နိုင်ပါတယ်။ ဒီအခြေအနေမှာဆိုရင် အပင်ငယ်များပင်လျှင် အစိုဓာတ်ပြတ်လပ်မှုဒဏ်ကို ခံစားရနိုင်ပါတယ်။ လေရှီးမြို့နယ်အတွင်း စိုက်ပျိုးထားတဲ့ လိမ္မော်နှင့် အခြားနှစ်ရှည်ပင်များနှင့်စပ်လျဉ်းပြီး ပြောင်းလဲလာတဲ့ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် စိုက်ပျိုးရေးနည်းစနစ်တွေ၊ ပိုးမွှားရောဂါနှင့် မြေဆီလွှာထိန်းသိမ်းကာကွယ်ရေးနည်းစနစ်တွေကို ခရိုင်မှာရှိတဲ့ မျိုး၊ မြေဆီလွှာနဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများပါဝင်တဲ့ စိုက်ပျိုးပညာပေးရေးအဖွဲ့တွေကလည်း ရာသီအလိုက်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်မှာ တောင်သူပညာပေးဆွေးနွေးပွဲ ၁၅ ကြိမ်လုပ်ခဲ့ပြီး စုစုပေါင်းတောင်သူ ၄၅၁ ဦး နည်းပညာပေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးခေါင်းဆောင်တဲ့ တောင်သူပညာပေးအဖွဲ့ကို အထူးဖွဲ့စည်းပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ လေရှီးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေနဲ့ လိမ္မော်သီးနှံစိုက်ပျိုးနည်းစနစ်နှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ်များ ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါအဖွဲ့မှာ တိုင်းဒေသကြီးမျိုးစေ့ဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲနှင့် သီးနှံကာကွယ်ရေးဌာနခွဲမှ ကျွမ်းကျင်ပညာရှင်များပါဝင်တဲ့ ကွင်းဆင်းပညာရေးအဖွဲ့အနေနဲ့ လိမ္မော်ပင်နှင့် အခြားနှစ်ရှည်ပင်တွေမှာ စနစ်တကျစိုက်ပျိုးနည်းစနစ်တွေ၊ မြေဆီလွှာနှင့် ပိုးမွှားကာကွယ်နှိမ်နင်းရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းတွေနဲ့ လက်ရှိတွေ့ကြုံနေရတဲ့ စိုက်ပျိုးရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်ပြီး ဖြေရှင်းနိုင်ဖို့ ယခုနှစ်မတ်လအတွင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပိုးမွှားရောဂါနှင့် ရာသီဥတုပြောင်းလဲမှုတွေကြောင့် ပျက်စီးခဲ့တဲ့လိမ္မော်ပင်တွေကို အစားထိုးစိုက်ပျိုးနိုင်ဖို့ သက်တမ်းနှစ်နှစ်သား လိမ္မော်ပင်များကို စုဆောင်းပြီး ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စိုက်ပျိုးရာသီအမီ ဒေသခံတောင်သူတွေကို အခမဲ့ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မိုးမကျမီစိုက်ပျိုးသွားနိုင်အောင်လည်းပဲ တစ်ဖက်မှလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ လေရှီးမြို့နယ်အတွင်းရှိတောင်သူတွေကို အဆိုပါလုပ်ငန်းစဉ်မှာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကူညီစည်းရုံးဆောင်ရွက်ပေးနိုင်ရေးကို တင်ပြရင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ မေးခွန်းအပေါ်မှာဖြေကြားပေးသွားတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းလိုပါတယ်။ ကျွန်တော်တို့ ခုနက ဝန်ကြီးဖြေသွားတဲ့ထဲမှာတော့ ဧကအရေအတွက်တွေ၊ ကွင်းဆင်းဆောင်ရွက်ပေးခဲ့တဲ့အနေအထားတွေကို ရှင်းလင်းချပြသွားတာ ကျွန်တော် ကြားခဲ့ရတာ လွဲမှားမှုတွေရှိနေပါတယ်။ ဧကအရေအတွက်ဆိုလို့ရှိရင်လည်း စောစောကဝန်ကြီးဖြေကြားသွားတဲ့ ဧကအရေအတွက်ထက် အများကြီးစိုက်ပျိုးထားတယ်လို့ ကျွန်တော့်အနေနဲ့တင်ပြချင်ပါတယ်။ တကယ်တမ်းအောက်ခြေတောင်သူတွေ ရှာထိကို ဧကစာရင်းတွေ ကောက်ယူတဲ့နေရာမှာ မမှန်ကန်တဲ့ အနေအထားမျိုးတွေ ကျွန်တော်တို့တင်ပြလိုပါတယ်။ နောက်တစ်ခါ ကွင်းဆင်းဆောင်ရွက်မှု

ဆောင်ရွက်တယ်ဆိုတဲ့ဟာကိုလည်း ကျွန်တော်တို့ ကြားရပါတယ်။ ဒီမေးခွန်းတင်ပြပြီးတဲ့နောက်မှာ ကွင်းဆင်းဆောင်ရွက်ခဲ့တာကတော့ ကျွန်တော်တို့ကြားပါတယ်။ သို့သော်လည်းပဲ အကျဉ်းချုံးပြီးတော့ နီးစပ်ရာကျေးရွာလောက်၊ မြို့ပေါ်လောက်ပဲ ပညာပေးဆွေးနွေးပွဲလေးတွေလုပ်တာတွေရှိပါတယ်။ ကျွန်တော်တို့ဖြစ်စေချင်တာက တကယ့်စိုက်ပျိုးတောင်သူအများပိုင်းစိုက်တဲ့နေရာဒေသတွေမှာ ထိထိ မိမိဖြစ်အောင် စိုက်ပျိုးရေးပညာပေးလုပ်ငန်းတွေကို လုပ်စေချင်ပါတယ်။ အဲဒါကြောင့်မို့လို့ မြေဆီ ဩဇာတွေကစ စိုက်ပျိုးမြေနဲ့လက်ရှိဖြစ်နေတဲ့အနေအထားနဲ့ ကိုက်/မကိုက်ဆိုတဲ့ဟာကိုလည်း စမ်းသပ်ပေးစေချင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဆက်စပ်မေးချင်တာကတော့ ဒီထက်ထိရောက်တဲ့၊ လက်တွေ့ကျတဲ့ စိုက်တောင်သူတွေဆီမှာ ကွင်းဆင်းပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်လုပ်ပေးနိုင်ဖို့ ထပ်ပြီးတော့မှ ရှိ/မရှိ၊ ဒါလေးကို ကျွန်တော်ဆက်စပ်ပြီးတော့မေးချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါ့မယ်။ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက်မှာ တာဝန်ပေးဆောင်ရွက်တဲ့ဝန်ထမ်း အရေအတွက်နဲ့ တာဝန်ယူဆောင်ရွက်ရတဲ့အနေအထားမျှတမှုအခြေအနေလေးတွေကို ပြန်လည်စိစစ် ညှိနှိုင်းဆောင်ရွက်သွားရမယ့်အခြေအနေဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးခုနကပြောတဲ့ အဓိကကျတဲ့မြေဆီလွှာစစ်ဆေးရေးလုပ်ငန်းပိုင်းအပါအဝင် သီးနှံတိုးချဲ့စိုက်ပျိုးရေးအပိုင်းကို ပိုမိုပြီး တော့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ အစီအမံများ ပြန်လည်ချမှတ်ပြီး လုပ်ကိုင်ပေးမယ်ဆိုတဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ် မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။

**ပင်းတယမြို့နယ်၊ သစ်အယ်ပင်ကျေးရွာအုပ်စုတွင် ပြန်ပေးပြီးမြေကွက် ခြောက်ကွက်အား မြေပိုင်ဆိုင်မှု ပုံစံ(၇)ရရှိအောင်ဆောင်ရွက်ပေးရန် နှောင့်နှေးကြန့်ကြာမှုဖြစ်နေသော အဆိုပါမြေခြောက်ကွက်ကို လုပ်ငန်းအဆင်ပြေစေရန်နှင့် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးမြင့်(ပင်းတယမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်းတယမြို့နယ်၊ သစ်အယ်ပင်ကျေးရွာအုပ်စုတွင် ပြန်ပေးပြီးမြေခြောက်ကွက်အား မြေပိုင် ဆိုင်မှုပုံစံ(၇)ရရှိအောင် ဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာဌာနမှ အကြောင်းကြားပေးခြင်း မရှိသေး ပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် နှောင့်နှေးကြန့်ကြာမှုဖြစ်နေသော အဆိုပါ မြေခြောက် ကွက်ကိုစွာအား လုပ်ငန်းအဆင်ပြေစေနိုင်ရန် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ သစ်အယ်ပင်ကျေးရွာအုပ်စုတွင် ၂၀၀၄-၂၀၀၅ ခုနှစ် က ကြက်ဆူစီမံကိန်းအတွက် မြေခြောက်ကွက်ကိုသိမ်းဆည်းခဲ့ပါတယ်။ ၁၂-၁၀-၂၀၁၈ ရက်နေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တကွ ခရိုင်မြေစာရင်းအဖွဲ့များရောက်ရှိပြီး ပင်းတယမြို့အုပ်ချုပ်ရေးမှူး ရုံးတွင် အစည်းအဝေးပြုလုပ်ကြပါတယ်။ ထိုအစည်းအဝေးတွင် သိမ်းဆည်းမြေခြောက်ကွက်အနက် မြေကွက်သုံးကွက်ကို ယခင်စိုက်ပျိုးလုပ်ကိုင်သည့်မြေကွက်အတိုင်း အသိအမှတ်ပြုပြီး မူလခြံပိုင်ရှင် ကို ပြန်လည်ပေးအပ်ရန်နှင့် ကျန်မြေကွက်သုံးကွက်ကို ကျန်မူလခြံရှင်အား မြေအစားထိုးပေးရန် သတ်မှတ်ပေးခဲ့ပါတယ်။ ၎င်းနေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးက လုပ်စားပိုင်ခွင့်မြေပုံစံ(၇)ရရှိရေး အတွက် ပြည်နယ်သို့လျှောက်ထားရမည်ဖြစ်ပါတယ်ဟု နှုတ်အားဖြင့်ပြောဆိုခဲ့ပါတယ်။

မူလခြံပိုင်ရှင်များကို မြေသတ်မှတ်ပေးပြီး နောက်ပိုင်း တစ်လကျော်ခန့်အကြာတွင် ပင်းတယ မြို့နယ် မြေစာရင်းဦးစီးမှူးထံသို့ ကျွန်တော်ကိုယ်တိုင် အသိမ်းခံမြေပိုင်ရှင်များ၏ လယ်ယာမြေပိုင်ဆိုင် ဖို့အတွက် ပုံစံ(၇)ကို ပြည်နယ်သို့ ဘယ်လိုတင်လျှောက်ရမည်ကိုသိလို၍ မေးမြန်းရာ ပင်းတယမြို့နယ် မြေစာရင်းဦးစီးမှူးက ခရိုင်ခွင့်ပြုချက်မလာသေးဘူးလို့ ပြောကြားခဲ့ပါတယ်။ ခြံရှင်အချို့သည် ခြံများကို မိုးမလာမီထယ်ရေးများပြုလုပ်လိုသည်ကတစ်ကြောင်း၊ ခြံများကိုလုပ်စားခွင့်ပုံစံ(၇)လိုချင်ကြ ပါတယ်။ ဝန်ထမ်းများသည် ပြန်ပေးသည့်မြေလုပ်စားပိုင်ခွင့်ရရှိအောင် ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါတယ်။ အဆိုပါမြေခြောက်ကွက်အား မြေပိုင်ဆိုင်မှုပုံစံ(၇)ရရှိအောင် ဆောင်ရွက်ရာတွင် ယနေ့ ငါးလခန့်ကြာသည်အထိ သက်ဆိုင်ရာဌာနများမှ အကြောင်းကြားပေးခြင်း မရှိသေးပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် နှောင့်နှေးကြန့်ကြာမှုဖြစ်နေသော အဆိုပါမြေခြောက်ကွက်ကိုစွာအား

လုပ်ငန်းအဆင်ပြေစေရန်နှင့် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရှမ်းပြည်နယ်၊ ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်ရဲ့ မေးခွန်း အပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ပေါင်းစပ်ရှင်းလင်းဖြေကြားပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းမှာပါရှိတဲ့မြေနေရာဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ သစ်အယ်ပင်ကျေးရွာ၊ ကွင်းအမှတ်(၉)၊ အော်ယောအရှေ့ကွင်းအတွင်း ဧရိယာ ၇.၅ ဧကခန့်ရှိတဲ့ မြေနေရာဖြစ်ပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာရှိတဲ့ (၁-ခ)စာရင်းမှတ်တမ်းအရ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအမျိုးအစားဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ အဆိုပါ မြေနေရာတွေကို တောင်သူ ခြောက်ဦးက ယခင်လုပ်ကိုင်ခဲ့ဖူးကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ယခင်တင်ပြချက် အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်/ကျေးရွာအုပ်စု လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနဲ့ ခရိုင်/မြို့နယ်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များဟာ ကျေးရွာအုပ်စုရပ်မိရပ်ဖတွေ၊ အိမ်ထောင်စုကိုယ်စားလှယ်တွေနဲ့ တင်ပြတဲ့တောင်သူ ခြောက်ဦးတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ မှတ်တမ်းမှာ တိုက်ဆိုင် စစ်ဆေးပြီး မြေပြင်သွားရောက်ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရပါတယ်။

ဆက်လက်ပြီး လက်ရှိမြေပြင်မှာ လွတ်ကင်းနေတဲ့ မြေလွတ်၊ မြေရိုင်းတွေကို တောင်သူများမှ တင်ပြထားတဲ့ အနီးစပ်ဆုံးအကျယ်အဝန်းကို စိုက်ပျိုးလုပ်ကိုင်အသုံးပြုခွင့်ရရှိဖို့အတွက် ဦးထွန်းရွှေ ဆိုတဲ့ပုဂ္ဂိုလ်ကို ၁.၅၀ ဧက၊ ဦးကျော်စီမှ ၁ ဧကခန့်၊ ဦးစံရွှေမှ ၁ ဧကခန့်၊ ဦးမြင့်ရွှေမှ ၀.၅၀ ဧက၊ ဦးဆန်းမင်းမှ ၂.၀ ဧကခန့်နှင့် ဦးမောင်ကိုမှ ၁ ဧကခန့် စုစုပေါင်းမြေလွတ်၊ မြေလပ် ဧရိယာခန့်မှန်း

၇.၅ ဧကကို တိုင်းတာဆောင်ရွက်ပြီး ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီကိုလျှောက်ထားဖို့ အားလုံးတွေ့ဆုံညှိနှိုင်းသဘောတူညီချက်ရရှိပြီးကြောင်း စိစစ်သိရှိရ ပါတယ်။ ညှိနှိုင်းသဘောတူညီချက်အရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားနိုင်ဖို့အတွက် ဦးမြင့်ရွှေပါ တောင်သူခြောက်ဦးတို့ကို လျှောက်ထားရမယ့်လျှောက်လွှာ (ပုံစံ-၁)နှင့်မြေပုံတွေကို ပြည့်စုံစွာထုတ်ပေးထားရှိပြီးလည်း ဖြစ်ပါတယ်။ ဦးမြင့်ရွှေပါ တောင်သူ ခြောက်ဦးတို့မှလည်းပဲ ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီကို လျှောက်ထားလာမှုအပေါ် ပြည်နယ်မှလည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

အဆိုပါမြေနေရာတွေကို ဦးမြင့်ရွှေပါ တောင်သူ ခြောက်ဦးအနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ရရှိပြီးနောက် စိုက်ပျိုးတဲ့ သီးနှံများစိုက်ပျိုးမှုတည်ငြိမ်လာတဲ့အခါမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရဖို့အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေ အပိုဒ် ၃၅ အရ ဆက်လက်လျှောက်ထားဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းလုပ်ငန်း(School Milk Program) ပိုမိုထိရောက်အောင်မြင်၍ ရာနှုန်းပြည့်ဖော်ဆောင်သွားနိုင်ရန် နိုင်ငံတော်အစိုးရမှ မည်သို့ဆက်လက် ကူညီပံ့ပိုးပေးမည်နှင့် ယင်းလုပ်ငန်းစဉ်အတွက် သီးသန့်ရန်ပုံငွေချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားရအပ်သော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ယနေ့ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်နေသော နွားနို့ အာဟာရတိုက်ကျွေးခြင်းလုပ်ငန်း(School Milk Program)နဲ့စပ်လျဉ်း၍ မေးခွန်းမေးမြန်းခွင့်ကို

တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အခြေခံပညာသင်ကျောင်းများရှိ မူလတန်းအဆင့်ကလေးများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နို့တိုက်ကျွေးရေးလုပ်ငန်းများ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အနေဖြင့် တောင်ကြီး၊ လွိုင်လင်၊ မူဆယ်၊ လားရှိုး၊ နောင်ချိုမြို့များတွင် နို့ပြုပြင် ထုတ်လုပ်ရေးစက်များတပ်ဆင်ပြီး ဘေးအန္တရာယ်ကင်းစင်သော ပေါင်းတင်ပိုးသတ်နို့ ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိပါတယ်။ အခြေခံပညာကျောင်းများတွင် နို့ချိုတိုက်ကျွေးခြင်းလုပ်ငန်းမှာ ကြီးမား ကျယ်ပြန့်ပြီး ရန်ပုံငွေများစွာလိုအပ်သည့်လုပ်ငန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်ငယ်များအနေဖြင့် ရန်ပုံငွေစုဆောင်းရရှိရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားမိဘများ၊ အလှူရှင်များစုပေါင်းအားဖြင့် တစ်လလျှင်တစ်ကျောင်းနှုန်း တိုက်ကျွေးနိုင်ရန် မနည်းကြိုးစား ဆောင်ရွက်နေရတဲ့အနေအထားမှာရှိပါတယ်။ ဒီလိုအခက်အခဲအမျိုးမျိုးကြားမှာ နို့တိုက်ကျွေးခြင်း လုပ်ငန်းကိုဖြစ်ပေါ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့ မြို့နယ် တိ/မွေး/ကု ဦးစီးမှူး များရဲ့ စွမ်းဆောင်ချက်စေတနာတွေကိုလည်း လေးစားဖွယ်မြင်တွေ့နေရပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းနေအရွယ်ကလေးများ နို့တိုက်ကျွေး ခြင်းအားဖြင့် ကျန်းမာရေးကြံ့ခိုင်၍ ဉာဏ်ရည်မြင့်မားဖွံ့ဖြိုးသော လူငယ်လူရွယ်များ ပေါ်ထွန်းလာနိုင် စေပါတယ်။ ယခုထက်ပိုမိုတိုးချဲ့ဆောင်ရွက်သွားသင့်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ သို့ရာတွင် ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲအမျိုးမျိုးတို့ကို ကျော်ဖြတ်နိုင်ရန် ခိုင်မာတောင့်တင်းသည့် မတည်ရန်ပုံငွေတစ်ရပ် လိုအပ်သည်ဟု ထင်မြင်မိပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရင်းမပျောက် မတည်ငွေကဲ့သို့ဖြစ်စေ၊ အစိုးရ၏သီးခြားရန်ပုံငွေခေါင်းစဉ်နဲ့ဖြစ်စေ ထပ်မံပံ့ပိုးပေး မည်ဆိုပါက ပိုမိုထိရောက်သောလုပ်ငန်းတစ်ခု ပေါ်ထွက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အခြေခံ ပညာကျောင်းများတွင် ဆောင်ရွက်နေသော နွားနို့တိုက်ကျွေးခြင်းလုပ်ငန်း ပိုမိုထိရောက် အောင်မြင် လာစေရန် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) အခြေခံ ပညာကျောင်းများတွင် နို့ချိုတိုက်ကျွေးခြင်းလုပ်ငန်း ပိုမိုထိရောက် အောင်မြင်၍ ရာနှုန်းပြည့် ဖော်ဆောင်သွားနိုင်ရန် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ဆက်လက်ပံ့ပိုး ကူညီဆောင်ရွက်ပေးမည်နည်း။ မေးခွန်း(၂) နွားနို့အာဟာရတိုက်ကျွေးခြင်းလုပ်ငန်းစဉ်အတွက် သီးသန့်ရန်ပုံငွေခွင့်ပြုချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းအနေနဲ့ အခြေခံပညာကျောင်းတွေမှာ နို့တိုက်ကျွေးခြင်းလုပ်ငန်း(School Milk Program)ပိုမိုထိရောက်အောင်မြင်တဲ့အတွက် ရာနှုန်းပြည့်ဖော်ဆောင်သွားနိုင်ရေး နိုင်ငံတော်အစိုးရ အနေနဲ့ မည်ကဲ့သို့ ဆက်လက်ကူညီပြီး အဆိုပါလုပ်ငန်းစဉ်အတွက် သီးသန့်ရန်ပုံငွေခွင့်ပြုပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ အဆိုပါမေးခွန်းအပေါ် ပညာရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ အများပြည်သူများ သန့်ရှင်းလတ်ဆတ်တဲ့ နွားနို့များသောက်သုံးသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေဖို့၊ နွားနို့သောက်သုံးမှုများပြားလာခြင်းအားဖြင့် နို့စားနွား မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေမှုနှင့်အတူ ကျေးလက်လူမှုစီးပွားဘဝတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်တဲ့ ဆောင်ရွက်မှုလုပ်ငန်းစဉ်မှာ အခြေခံ ပညာကျောင်းများ School Milk Program ကို ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်။ ဆွီဒင်နိုင်ငံ အခြေစိုက် Tetra Laval ကုမ္ပဏီ၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Nestle ကုမ္ပဏီ၊ ထိုင်းနိုင်ငံအခြေစိုက် CP ကုမ္ပဏီ၊ ပြည်တွင်းကုမ္ပဏီများဖြစ်တဲ့ Alliance Star ကုမ္ပဏီ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ တစ်ဦးချင်းအလှူရှင်များနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး နို့ပေါင်းစက်အခြေပြု နို့တိုက်ကျွေးခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ စတင်စဉ်က ပြည်ထောင်စုနယ်မြေမှာ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ စတင်ဆောင်ရွက်ခဲ့တဲ့ ပညာသင်နှစ် ကနေ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း တစ်သောင်းသုံးထောင်နီးပါးမှာ ရှိတဲ့ ကျောင်းသားပေါင်း ၂၆ သိန်းကျော်ကို နို့တိုက်ကျွေးခဲ့ပြီးဖြစ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအနေနဲ့ တစ်ဖက်မှလည်း နို့ထုတ်လုပ်မှုတိုးတက်လာရေးအတွက် နို့စားမွေးမြူရေးလုပ်ငန်း

စီမံချက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က စတင်ဆောင်ရွက်ခဲ့ရာမှာ ယခုအချိန်အထိ နိုင်ငံတော်ရဲ့ ထောက်ပံ့ငွေ ကျပ်သန်းပေါင်း ၁၃၁၀ တိတိ သုံးစွဲခဲ့ပြီးတော့ နို့စားနွားကောင်ရေ ၁၂၇၇ ကောင်ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ အခြေခံပညာ ထက်/လယ်/မူကျောင်းများ၊ တက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းများ၊ ပညာရေးကောလိပ်များမှာရှိတဲ့ လေ့ကျင့်ရေးအလယ်တန်းကျောင်းများနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ကျောင်းဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုဆိုင်ရာ(SISP) ရန်ပုံငွေများ ဖြည့်ဆည်းခဲ့ဝေဆောင်ရွက်ပေးလျက်ရှိပါတယ်။ နွားနို့အာဟာရတိုက်ကျွေးခြင်း လုပ်ငန်းစဉ်အတွက် သီးသန့်ရန်ပုံငွေခွင့်ပြုပေးခြင်းမျိုးမရှိသော်လည်းပဲ အခြေခံပညာကျောင်းတွေကို ပံ့ပိုးထားတဲ့ (SISP)ရန်ပုံငွေရဲ့ သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှာ အစားအစာရိက္ခာခေါင်းစဉ်နဲ့ နွားနို့တိုက်ကျွေးခြင်းလုပ်ငန်းများကို ကျခံသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှ ရရှိထားတဲ့ စာရင်းဇယားတွေအရ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၅ ခုမှာ မူလတန်းကျောင်းပေါင်း ၂၆၉၁၇ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူဦးရေပေါင်းဟာ ၄၉၉၁၆၅၆ ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အသက်အရွယ်အလိုက် မူလတန်းအဆင့် ကျောင်းသားကျောင်းသူတစ်ဦး တစ်နေ့သောက်သုံးသင့်တဲ့ နွားနို့ပမာဏဟာ ပျမ်းမျှနှုန်းအားဖြင့် ၆၆၀ မီလီမီတာဖြစ်ပါတယ်။ လက်ရှိမှာတော့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုမ္ပဏီများ၊ အလှူရှင်များမှတိုက်ကျွေးတဲ့ နွားနို့ပမာဏမှာ မူလတန်းအဆင့် ကျောင်းသူကျောင်းသား တစ်ဦးအတွက် တစ်နေ့ကို ၂၅၀ မီလီမီတာခန့် ခန့်မှန်းတန်ဖိုးအားဖြင့် ၄၀၀ ကျပ်နှုန်းဖြင့်သာ တိုက်ကျွေးလျက်ရှိပါတယ်။ မူလတန်းကျောင်းသားကျောင်းသူတစ်ဦးကို လက်ရှိတိုက်ကျွေးနေတဲ့ နွားနို့ ၂၅၀ မီလီမီတာနှုန်းကနေ ကျောင်းဖွင့်ရက်တွေမှာ တိုက်ကျွေးမယ်ဆိုရင် မူလတန်းကျောင်းသား ကျောင်းသူဦးရေပေါင်း သိန်း ၅၀ နီးပါးအတွက် ပညာသင်နှစ်တစ်နှစ်မှာ စုစုပေါင်း ကျပ်ဘီလီယံ ၃၆၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ ပြည်သူများစားသုံးမယ့် နို့နှင့်နို့ထွက်ပစ္စည်းများ ပြည့်မီအောင် ထုတ်လုပ်နိုင်ဖို့အတွက် နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိတဲ့အလျောက် School Milk Program ကိုလည်းပဲ အထောက်အကူပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသကဲ့သို့ အခြေခံပညာကျောင်းတွေမှာ နို့တိုက်ကျွေးခြင်းလုပ်ငန်း ပိုမိုထိရောက်အောင်မြင်

ဖို့ ရာနှုန်းပြည့်ဖော်ဆောင်နိုင်ရေးလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ ဘဏ္ဍာငွေကျခံသုံးစွဲနိုင်မှုနဲ့ ပြည်သူလူထုဒါန်းမှုနဲ့ ဆောင်ရွက်နေရတဲ့အလျောက် အကန့်အသတ်များလည်းရှိနေပြီး အဆိုပါလုပ်ငန်းဟာ ကုန်ကျစရိတ်ပမာဏ အလွန်လည်းများပြားတဲ့အတွက် လတ်တလောမှာ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လက်ပံတန်းမြို့နယ်ရှိ ရန်ကုန်-ပြည်လမ်းနှင့် ကျွန်းကလေး-မှော်အင်းလမ်းဆုံရာ(ကျွန်းကလေးအရှေ့ဘက်လမ်းတာဆုံ)တွင် စံကိုက်မီးပွိုင့်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ယခုမေးမြန်းမယ့် မေးခွန်းကတော့ ရန်ကုန်-ပြည်လမ်းနှင့် လက်ပံတန်း-ကျွန်းကလေး-မှော်အင်းလမ်းတို့၏ဆုံရာ ကျွန်းကလေးအရှေ့ဘက်ကမ်းတာဆုံမီးပွိုင့်ကို စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ စံကိုက်မီးပွိုင့်ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်းကလေးအရှေ့ဘက်ကမ်းတာဆုံမီးပွိုင့်ဟာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင် ၈၈/၂ မှာတည်ရှိပါတယ်။ ၎င်းလမ်းဆုံကို ရန်ကုန်-ပြည်လမ်းမကြီးကို နေ့စဉ်အသုံးပြုဖြတ်သန်းနေရတဲ့ ကားကြီး၊ ကားငယ်အသွယ်သွယ်နှင့် လက်ပံတန်းမြို့အရှေ့ဘက်ခြမ်းမှ ကျေးရွာအုပ်စုငါးအုပ်စု၊ ကျေးရွာအပေါင်း ၁၇ ရွာတို့မှ ကျေးရွာသူကျေးရွာသားများ လက်ပံတန်းမြို့သို့လာရောက်ရာမှာ နေ့စဉ်အသုံးပြုနေတဲ့ လမ်းဆုံဖြစ်ပါတယ်။ ရန်ကုန်-ပြည်လမ်းရဲ့အကျယ်ကတော့ ၂၄ ပေဖြစ်ပြီးတော့ AC လမ်းဖြစ်ပါတယ်။ လက်ပံတန်း-ကျွန်းကလေး-မှော်အင်းလမ်းကတော့ ၁၂ ပေလမ်းအကျယ်ဖြစ်ပြီး ရိုးရိုးကတ္တရာလမ်းဖြစ်ပါတယ်။ အချက်ပြမီးပွိုင့်ပြုလုပ်ထားသော်လည်းပဲ စနစ်ကျတဲ့စံကိုက်မီးပွိုင့်မဟုတ်တဲ့အတွက် လမ်းစည်းကမ်းကို နားမလည်တဲ့ကျေးရွာသူကျေးရွာသားများဟာ ၎င်းလမ်းဆုံမှာ မကြာခဏဆိုသလို နှစ်စဉ်ယာဉ်တိုက်မှုတွေကြောင့် အသက်ဆုံးရှုံးခြင်း၊ ဒဏ်ရာပြင်းထန်စွာရရှိခြင်းများ ရှိနေပါတယ်။

Power Point ပြသခြင်းကို ခွင့်ပြုစေလိုပါတယ်။ ဒါကတော့ Google ကနေပြီးတော့မှ လက်ပံတန်း-ကျွန်းကလေး-မှော်အင်းလမ်းနဲ့ ရန်ကုန်-ပြည်လမ်းကို ရိုက်ပြထားတာပါ။ ဒါကတော့ ကျွန်းကလေးအရှေ့ဘက်ကမ်းတာဆုံဖြစ်ပါတယ်။ အစိမ်းရောင်နဲ့ဝိုင်းထားတာ။ ဒါတွေကတော့ မြေပြင်

မှာရှိတဲ့ မီးပွိုင့်ရဲ့အနေအထားပါ။ ဒါတွေက လမ်းဆုံတွေမှာကွယ်နေတဲ့ ဆိုင်းဘုတ်တွေ၊ ရဲကင်းရုံတွေဖြစ်ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် လမ်းဘေးပလက်ဖောင်းမရှိတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေကတော့ ကွယ်နေတဲ့ဆိုင်းဘုတ်တွေပါ။ လမ်းကိုကြည့်မယ်ဆိုလို့ရှိရင် အဲဒီမှာ လမ်းညွှန်အမှတ်အသားတွေ ကတ္တရာလမ်းပေါ်မှာ မရှိဘူးဆိုတာကို ထင်ရှားပါတယ်။ ဒါတွေကတော့ လမ်းဘေးကျူးကျော်တဲ့ဆိုင်ခန်းတွေကို ရိုက်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ အရှေ့ဘက်ရွာကိုသွားနေတဲ့လမ်းမှာ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ပြည့်ညှက်နေတဲ့ပုံ ရိုက်ထားတာဖြစ်ပါတယ်။ ဒါကတော့ ယာဉ်တိုက်တဲ့ပုံစံပါ။ ဒီနေရာမှာ ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေကတော့ အနိဋ္ဌာရုံတွေ၊ မြင်ကွင်းတွေကို ကျွန်တော် ဒီမှာပြသတော့မှာမဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ စနစ်ကျတဲ့စံကိုက်မီးပွိုင့်ပြုလုပ်ပေးနိုင်ရန် ကျွန်တော် အကြံပြုလိုတာကတော့ (၁)ရန်ကုန်-ပြည်လမ်းနဲ့ လက်ပံတန်း-ကျွန်းကလေး-မှောင်အင်းလမ်းတို့ရဲ့ မီးပွိုင့်ဝန်းကျင် လမ်းနယ်နိမိတ်ကိုကန့်သတ်ထားတဲ့ ပလက်ဖောင်းများပြုလုပ်ပေးခြင်း၊ ၎င်းမီးပွိုင့်အနီးမှာ ယာဉ်များမရပ်နိုင်စေရန် ပလက်ဖောင်းများတွင် ဖြူ နီကြားများရေးဆွဲခြင်း၊ (၂)လမ်းထောင့်များမှာ မြင်ကွင်းမရှင်းသည့် အကာအကွယ်များကို ဖယ်ရှားပေးခြင်း၊ ဥပမာ-ရဲကင်းရုံနဲ့ ကြော်ငြာဆိုင်းဘုတ်များ၊ ကျူးကျော်လမ်းဘေးဆိုင်များ၊ (၃) လမ်းဆုံလေးဘက်မှာရှိတဲ့ ကတ္တရာလမ်းပေါ်မှာ မျဉ်းဝါ၊ ရပ်မျဉ်း၊ ရှေ့သို့တည့်တည့်သွားမည့် မြားသင်္ကေတ၊ ဘယ်/ညာသို့ကွေ့မည့် မြားသင်္ကေတများ ရေးဆွဲပေးခြင်း၊ မျဉ်းလိုင်းများရေးဆွဲပေးခြင်းတို့ဖြင့် မီးပွိုင့်ကိုအသုံးပြုကြမယ့် ကျေးရွာသူကျေးရွာသားများအနေဖြင့် လမ်းစည်းကမ်းကို လွယ်ကူစွာကျင့်သုံးတက်လာမည်ဖြစ်၍ ကျွန်းကလေးတာဆုံမီးပွိုင့်သည် မြို့သူမြို့သားများရဲ့အမြင်အာရုံမှာ စည်းကမ်းကျနသောမီးပွိုင့်၊ သပ်ရပ်တင့်တယ်သောမီးပွိုင့်အဖြစ် ဆွဲဆောင်နိုင်မည်ဖြစ်၍ ယာဉ်တိုက်မှုများတဖြည်းဖြည်းလျော့ပါးလာပြီး စည်းကမ်းကိုလိုက်နာကြမည့် မြို့သူမြို့သားများအဖြစ် မြင်တွေ့လိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၏ လက်ပံတန်းမြို့နယ်ရှိ ရန်ကုန်-ပြည်လမ်းနှင့် ကျွန်းကလေး-မှော်အင်းလမ်းဆုံရာ(ကျွန်းကလေးအရှေ့ဘက်လမ်းတာဆုံ)တွင် စနစ်ကျတဲ့စံကိုက် မီးပွိုင့်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ခုန ကိုယ်စားလှယ်တော်ကြီးလည်းတင်ပြသွားတဲ့အတွက် ကျွန်တော် မြန်မြန်လေးပဲ ပြပါမယ်။ ဒါကတော့ ခုန လမ်းဆုံတည်နေရာကို ပြတဲ့မြေပုံပဲဖြစ်ပါတယ်။ လက်ပံတန်းမြို့နယ်၊ မြို့မရဲစခန်းအပိုင် နယ်မြေ အတွင်းရှိ ကျွန်းကလေးကျေးရွာဟာဆိုရင် မြို့မရဲစခန်းအရှေ့ဘက် နှစ်မိုင်ခန့်အကွာ ရန်ကုန်-ပြည်ကားလမ်းမကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ တောင်၊ မြောက်တန်းလျက်တည်ရှိပြီး လက်ပံတန်း-ကျွန်းကလေး-မှော်အင်းကားလမ်းနှင့် ရန်ကုန်-ပြည်ကားလမ်းဆုံတဲ့နေရာဖြစ်ပါတယ်။ အဲဒီကျွန်းကလေး တာဆုံမှာ နယ်မြေလုံခြုံရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေးအတွက် ၁၉၉၅ ခုနှစ်ခန့်မှစပြီးတော့ နယ်မြေလုံခြုံရေးရဲကင်းက ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီနောက် အများပြည်သူ များသွားလာရေးလွယ်ကူပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ၂၀၁၅ ခုနှစ်အတွင်း မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရန်ပုံငွေနဲ့ မီးပွိုင့်လေးခု တပ်ဆင် ပေးခဲ့ပါတယ်။ အဆိုပါမီးပွိုင့်များတပ်ဆင်ပြီးနောက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမရှိသော်လည်း ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်ခြောက်ဦး ဖွဲ့စည်းပြီးတော့ ကျွန်းကလေးတာဆုံ မီးပွိုင့်မှာ တစ်နေ့နှစ်ဦးကျစီ တာဝန်ချထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါလည်း ကိုယ်စားလှယ်တော်ကြီးပြသွားတဲ့ပုံတွေနဲ့ အလားတူပါပဲ။ ဒါကတော့ ရန်ကုန်-ပြည်လမ်းမကြီးပေါ် မြောက်ဘက်ကမြင်တွေ့ရတဲ့ လမ်းဆုံပုံပါ။ ရန်ကုန်-ပြည်လမ်းမကြီးအတိုင်း တောင်ဘက်ကမြင်တွေ့ရတဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ လမ်းဆုံကို လက်ပံတန်းမြို့အဝင်လမ်းကို မြင်တွေ့ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ လမ်းဆုံကနေပြီးတော့ မှော်အင်းကျေးရွာဘက်အသွားလမ်းကို မြင်တွေ့ရတဲ့ပုံဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်-ပြည်ကားလမ်းကို AC ကတ္တရာခင်းခြင်း၊ လမ်းချဲ့ခြင်းများပြုပြင်လာခဲ့၍ ကျွန်းကလေးလမ်းဆုံနေရာမှာ လမ်းများပိုကျယ်လာမှုနှင့်အတူ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ မီးပွိုင့်ကိုသတိပြု၍ သွားလာမှုအားနည်းခြင်း၊ မီးပွိုင့်တိုင်များမှာလည်း ယခင်လမ်းအခြေအနေပေါ်မူတည်၍ စိုက်ထူထားသဖြင့် ကိုယ်စားလှယ်တော်

ကြီးတင်ပြသွားတဲ့အတိုင်း အနည်းငယ်မြင့်မားနေခြင်းတို့ကြောင့် ကျွန်းကလေးတာဆုံမှာ ၂၀၁၈ ခုနှစ်မှာ ယာဉ်တိုက်မှုလေးမှု၊ ၂၀၁၉ ခုနှစ် မတ်လအထိ ယာဉ်တိုက်မှုတစ်မှုဖြစ်ပွားခဲ့ပါသဖြင့် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ရန်ကုန်-ပြည်ကားလမ်းနှင့် ကျွန်းကလေး-မှော်အင်းလမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များမှပြည်သူများကို လက်ကမ်းစာစောင်များဖြန့်ဝေပြီးတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယာဉ်တိုက်မှုများဖြစ်ပွားရာမှာ အများစုမှာ လမ်းဆုံရောက်ရှိချိန်မှာ မီးပွိုင့်ကိုကြည့်ရှု မောင်းနှင်သွားလာမှုအားနည်းခြင်း၊ ယခုတပ်ဆင်ထားတဲ့ မီးပွိုင့်မှာလည်း သာမန်ထက်အနည်းငယ် မြင့်နေခြင်းတို့ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာလမ်းဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကတာဝန်ရှိသူများ၊ ကျွမ်းကျင်သူများပူးပေါင်း၍ မြေပြင်ကွင်းဆင်းတိုင်းတာကြည့်ရှုစစ်ဆေးပြီး လိုအပ်ပါက စံကိုက်မီးပွိုင့်ပြုလုပ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရွှေကူမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ခုံခမ်း၊ ကျွန်းတော်တို့ ကူးတို့ဆိပ်၊ အမှတ်(၁)ရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက် စသောနေရာများတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ နှစ်စဉ်ပြိုကျလျက်ရှိရာ မြစ်ထိန်းကျောက်စီနံရံရေကာတာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရွှေကူမြို့နယ်ရှိ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ခုံခမ်းရပ်- ကျွန်းတော်ကူးတို့ဆိပ်- အမှတ်(၁)ရပ်ကွက်နှင့် ရန်ကြီးအောင်ရပ် အမှတ်(၂)ရပ်ကွက်စသောနေရာများတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ နှစ်စဉ်ပြိုကျလျက်ရှိပါတယ်။ ရှိတဲ့ မြစ်ကမ်းပါးတွေကို ကျောက်စီနံရံနှင့် ရေကာတာများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီးမှ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ရဲ့ ရွှေကူမြို့နယ်ရဲ့ မြစ်ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်နေတဲ့ မြစ်ကမ်းပါးဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ မြစ်ကူးတာဝါတိုင်ကို ပြီးခဲ့တဲ့နှစ်မှပဲ ၂.၅ ဘီလီယံ တင်ဒါခေါ်ယူပြီးမှ ဆောက်လုပ်ထားတဲ့မြစ်ကူးတာဝါတိုင်ဖြစ်ပါတယ်ခင်ဗျ။ ဒါကတော့ အရင် မြစ်ကမ်းပါးပြိုကျမှုကြောင့် ကိုယ်ထူကိုယ်ထနှင့်လုပ်ထားတဲ့အတွက် မအောင်မြင်ဘဲရှိနေတဲ့ အနေ အထားပါခင်ဗျ။ ကျွန်တော်တို့ ရွှေကူမြို့ရဲ့ မြစ်ကမ်းပါးပြိုကျရတဲ့ အဓိကအကြောင်းအရင်း နှစ်ရပ် ရှိပါတယ်။ မိုးရွာသွန်းချိန်မှာကျတော့ မြစ်ကမ်းပါးရဲ့အပေါ်ပိုင်းကို မိုးရေတိုက်စားပြီးမှ ပြိုကျပါတယ်။ နောက်တစ်ချက်ကတော့ မြစ်ရေကြီးချိန်မှာ မြစ်ကမ်းပါးအောက်ပိုင်းကို မြစ်ရေတိုက်စားမှုကြောင့် ပြိုကျခြင်းဖြစ်ပါတယ်ခင်ဗျ။ ဒီဟာကတော့ အခုလက်ရှိပါ။ ဒီမြေကာနံရံတွေကို တည်ဆောက်ပေး တယ်။ သို့ပေမဲ့ ကျွန်တော်တို့ရဲ့ ဒီဇိုင်းတွက်ချက်မှု အားနည်းတာကြောင့် အပေါ်ပိုင်းကို ထိန်းချုပ်ထား နိုင်တဲ့အတွက်ကြောင့်မို့လို့ မိုးရေတိုက်စားတဲ့အခါကျရင် ကမ်းပါးရဲ့အပေါ်ပိုင်းကို ကာကွယ်မှုမပေး နိုင်ခြင်းကို တင်ပြလိုခြင်းဖြစ်ပါတယ်။

ဒီဘက်ပုံ(၂)ကတော့ ကျွန်တော်တို့ အမှတ်(၂)ရပ်ကွက်က လက်ရှိက အခုဆိုရင် တည်ဆောက် ပြီးသွားပြီ ဖြစ်ပါတယ်။ ပုံ ၁ ကတော့ ကျွန်တော်တို့ မြစ်ကမ်းထိန်းနံရံကို တည်ဆောက်ဖို့က သူ့ရဲ့ အကွာအဝေးက Google ကနေဖတ်တာ ပေ ၃၁၃၆ ပေရှိပါတယ်ဆိုတဲ့အကြောင်း တင်ပြလိုရင်း ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ဒုတိယဦးစားပေးအနေနဲ့ အမှတ်(၁)ရပ်ကွက်ကနေ ကျွန်းတော်ကူးတို့ဆိပ်ကနေမှ အထက်ပိုင်းဘက်ကို ဘလက်ဆိပ်ကမ်းအထိကို ပေ ၂၅၄၄ ပေ တည် ဆောက်ရန်ကျန်ရှိတယ်ဆိုတဲ့အကြောင်းကို တင်ပြလိုခြင်းဖြစ်ပါတယ်ခင်ဗျ။ ဒီအမှတ်(၂)ရပ်ကွက် ရန်ကြီးအောင်ကနေမှ လျှပ်စစ်တာဝါတိုင်တည်ဆောက်ထားတဲ့နေရာဆိုလို့ရှိရင် အလျားပေ ၁၇၉၄ ပေ ဟာဆိုလို့ရှိရင် ကမ်းပါးရဲ့အမြင့်ဟာ ပေ ၆၀ ကျော်အထိရှိပါတယ်။ အဲဒီဟာကိုလည်း သေချာ ကွင်းဆင်းလေ့လာပြီးမှ မြေပြင်နဲ့ကိုက်ညီတဲ့ဒီဇိုင်းအဖြစ် သတ်မှတ်ပေးသင့်ကြောင်းကိုလည်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုလိုပါတယ်ခင်ဗျ။

ဒါကတော့ ကျွန်တော့်အနေနဲ့ ဒီမြေကာနံရံတွေရဲ့ဟာကို အကြမ်းဖျင်းလေ့လာတဲ့အခါကျတော့ ဒါ ပုံ(၁)၊ ပုံ(၂)၊ ပုံ(၃)၊ ပုံ(၄)ဆိုပြီးမှ လေ့လာတွေ့ရှိရတဲ့ ဒီဇိုင်းဖြစ်ပါတယ်ခင်ဗျ။ ဒါကတော့ ကွင်းဆင်း တဲ့ဆီမှာ ထိန်းကျောင်းမှု Mechanism ဟာ လိုအပ်နေပါတယ်။ ထိန်းကျောင်းတဲ့စနစ်ကိုလည်း ပြုပြင် ပြောင်းလဲဖို့ လိုအပ်နေပါတယ်။ အဲဒီမှာ လုပ်ဆောင်တဲ့နေရာမှာ လက်ရာသေသပ်ကောင်းမွန်မှု မရှိတာ

တွေ၊ နောက်တစ်ခါ ကျွန်တော်က ဒီ Gravity ဒီဇိုင်းနဲ့ ဒီအလေ့အကျင့်ကိုတွက်ချက်ပြီးမှလုပ်တော့ ကျောက်ရဲ့ဆိုဒ်တွေက ၆ ပေ ၉ လက်မနှင့် Estimate မှာဖော်ပြထားပါတယ်။ ကျောက်ရဲ့ဆိုဒ်တွေက မမှန်တာတွေ၊ ကျောက်အရည်အသွေးမမီတာတွေ တွေ့ရှိရတာကို တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျ။ ဒါကြောင့်မို့လို့ သက်ဆိုင်တဲ့ဝန်ကြီးဌာနက တင်ဒါအောင်မြင်တဲ့လုပ်ငန်းရှင်တွေဟာဆိုရင် တာဝန်မှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိရပါမယ်။ နောက်တစ်ခါ ဒီဒီဇိုင်းနဲ့ အရည်အသွေးတွေကို တိကျခိုင်မာစွာရေးဆွဲသတ်မှတ်ပြီးမှ ဈေးနှုန်းသာပြိုင်ဆိုင်တဲ့ စနစ်မျိုးကို ဆောင်ရွက်သင့်ပါတယ်ခင်ဗျ။ ဒါမှလည်း ထိန်းကျောင်းတဲ့စနစ်က ကောင်းမွန်လာပြီးမှ ကုန်သလောက်သာအကျိုးရှိမယ်ဆိုတဲ့ စနစ်မျိုးဖြစ်အောင် နိုင်ငံတော်ဘဏ္ဍာကို အလေအလွင့်မရှိအောင် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်ခင်ဗျ။ အဲဒီမှာလည်း ပြည်သူတွေ ပူးပေါင်းပါဝင်ဖို့ အခွင့်အလမ်းတွေ ထိန်းကျောင်းတဲ့နေရာကို ပါဝင်နိုင် အောင်ဆောင်ရွက်ဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ ဒီထိန်းကျောင်းတဲ့နေရာမှာ ကိုယ်စားလှယ်တွေ ကလည်းပါဝင်တဲ့ SOV ကိုလည်း အမြန်ဆုံးပေါ်ပေါက်ပြီးမှ အကျိုးသက်ရောက်ဖို့လည်း လိုပါတယ်ခင်ဗျ။ ဒါကြောင့်မို့ သို့ဖြစ်ပါသောကြောင့် ကျွန်တော်တို့ ရွှေကူမြို့နယ်မှာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းပေါ်မှာရှိတဲ့ ခုံခမ်းရပ်၊ ကျွန်းတောကူးတို့ဆိပ်မှာ အမှတ်(၁) ရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက်အမှတ်(၂)ရပ်ကွက် စသောနေရာများမှာ မြစ်ရေတိုက်စားမှုတို့ကြောင့် ကမ်းပါးနှစ်စဉ်ပြိုကျလျက်ရှိသော မြစ်ထိန်း၊ ကျောက်စီနံရံများကို တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၏ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ခုံခမ်း-ကျွန်းတော်တို့ကူးတို့ဆိပ်-အမှတ်(၁)ရပ်ကွက်၊ ရန်ကြီးအောင်ရပ်ကွက်စတဲ့နေရာများမှာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ နှစ်စဉ်ပြိုကျလျက်ရှိရာ ကျန်ရှိသော မြစ်ထိန်းကျောက်စီနံရံရေကာတာကို ဆောက်လုပ်သွားရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ

ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းများနှင့် ကမ်းပါး ထိန်းလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပေးလျက်ရှိပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပေါင်းစပ် ဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်မှာ ဧရာဝတီမြစ်ကမ်းနှင့် နီးကပ်နေတဲ့ ရွှေကူမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများကို ဧရာဝတီမြစ်ရေ တိုက်စားမှုမှ ကာကွယ် ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေ စုစုပေါင်း ကျပ် ၁၂၆၈.၅၃ သန်းဖြင့် ကျောက်စီမြေထိန်းတမံ စုစုပေါင်း အလျား ၄၀၄၇ ပေတည်ဆောက်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါ။ ဒီမှာကတော့ ကျွန်တော်တို့ နှစ်စဉ် ၂၀၁၃-၂၀၁၄ ခုနှစ်ကနေ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ နှစ်စဉ် ကျွန်တော်တို့ ဆောင်ရွက် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်ပေးခဲ့တဲ့ လုပ်ငန်း၊ တည်းနေရာ၊ လုပ်ငန်းပမာဏနှင့် ကုန်ကျစရိတ်တွေ တင်ပြထားခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၃-၂၀၁၄ ခုနှစ်ကနေ ၂၀၁၇-၂၀၁၈ ခုနှစ်ကတော့ စောစောက တင်ပြသွားတဲ့အတိုင်း စုစုပေါင်း ပေ ၄၀၄၇ ပေ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အဲဒီအပြင်ကို အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ကချင်ပြည်နယ် အစိုးရရန်ပုံငွေ ကျပ်သန်း ၂၇၀ နဲ့ကျောက်စီမြေထိန်းတမံ အလျားပေ ၁၀၀၀ တည်ဆောက်ပေးလျက် ရှိပြီးတော့ ဒီအချိန်မှာတော့ လုပ်ငန်းအားလုံးရဲ့ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ၂၀၁၉ ခုနှစ် ဇွန်လတတိယပတ်အတွင်း လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးရန် လျာထား ပါတယ်။ ဒါကတော့ ကျွန်တော် ၂၀၁၃-၂၀၁၄ ခုနှစ်မှာဆောင်ရွက်တဲ့လုပ်ငန်းပြတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၆-၂၀၁၇ ခုနှစ်အမှတ်(၃) မင်းတုန်းရပ်ကွက်မှာ ၁၉၀.၅ ပေရှိပြီး ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းပြတဲ့ပုံ ဖြစ်ပါတယ်။ ဒါကလည်း ၂၀၁၆-၂၀၁၇ ခုနှစ်မှာပဲ အမှတ်(၃) မင်းတုန်းရပ်ကွက်မှာပဲ ၁၉၀.၅ ပေ နောက်တစ်ပိုင်း အပိုင်း(၂)ကို ဆောင်ရွက်ထားတဲ့ပုံ ဖြစ်ပါတယ်။

ဒါကလည်း ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အမှတ်(၃) မင်းတုန်းရပ်ကွက်မှာ ၁၁၈၂ ပေ ဆောင်ရွက် ခဲ့တဲ့ လုပ်ငန်းပြတဲ့ပုံ ဖြစ်ပါတယ်။ ဒါကလည်း ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျွန်တော်တို့ အဲဒီမင်းတုန်း ရပ်ကွက်မှာ နောက်ထပ် ၁၁၈၂ ပေဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းပြတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၇-၂၀၁၈ ခုနှစ် အမှတ်(၃) စိုင်းကုန်းရပ်ကွက်၊ အမှတ်(၄) မြို့မရပ်ကွက် ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်ခဲ့တဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကလည်း ၂၀၁၇-၂၀၁၈ မှာပဲ နောက်ထပ်ပေ ၁၀၀ ဆောင်ရွက်

ခဲ့တဲ့လုပ်ငန်းပြတဲ့ပုံ တွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ယခုလက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်မှာ ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါကတော့ အမှတ်(၂) ရန်ကြီးအောင်ရပ်ကွက်မှာ ဖြစ်ပြီးတော့ ရွှေကူလုပ်ငန်းရဲ့ ၇၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပါတယ်။ အဲဒီအပြင် ဒီမှာပြထားတာကတော့ အပြာရင့်ရောင် ၂၀၁၃-၂၀၁၄ ခုနှစ်ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေ၊ အဝါကတော့ ၂၀၁၆-၂၀၁၇ ခုနှစ် မှာ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေ၊ ပန်းရောင်ကတော့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာပဲ ဆောင်ရွက်ပြီးလုပ်ငန်း ဖြစ်ပြီးတော့ အစိမ်းရောင်ကတော့ ၂၀၁၈-၂၀၁၉ ခုနှစ်ဆောင်ရွက်ဆဲ ကျောက်စီမြေထိန်းတမံ ဖြစ်ပါ တယ်။ အခုကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ခုနှစ်မှာဆောင်ရွက်ရန် လျာထားတာကတော့ အနီရောင်နဲ့ ပြထားတဲ့နေရာဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ် ရွှေကူမြို့နယ် အတွင်း ရွှေကူမြို့ ခုံခမ်း-ကျွန်းတောဆိပ်နေရာမှာ မြစ်ကမ်းထိန်းကျောက်စီမြေထိန်းတမံ အလျား ၁၀၀၀ ပေ တည်ဆောက်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရန်ပုံငွေ ကျပ်သန်း ၃၀၀ ကို သဘောတူထားပြီး ကချင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရရှိရေးအတွက် ဆက်လက်တင်ပြ ထားရှိပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သံတွဲမြို့နယ်၊ ငပလီမြို့အမှတ်(၅)ရပ်ကွက်၊ ဂျိတ္တော(လုံးသာ) ရပ်ကွက်အတွင်းရှိ အများပြည်သူအသုံးပြု နေသော ဆိပ်ခံတံတား(Jetty)မှာ ပျက်စီးယိုယွင်းနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မီ (Jetty)တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းကြည်(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ သံတွဲမြို့နယ်၊ ငပလီမြို့အမှတ်(၅)ရပ်ကွက်အတွင်းမှာရှိတဲ့ အများပြည်သူအသုံးပြုနေသော ဆိပ်ခံဘောတံတား (Jetty)ဟာ သံတွဲမြို့ ဆိပ်ကမ်းအာဏာပိုင်လက်အောက်မှာရှိပြီး နှစ်ပေါင်း ၇၀ ကျော်ကာလမှ ယနေ့ တိုင် ပျက်စီးယိုယွင်းနေခြင်းအား ဖွံ့ဖြိုးတိုးတက်လာသော ခရီးသွားလုပ်ငန်းအတွက် လိုအပ်လျက်

ရှိနေပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မီ (Jetty) တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဆိုသည့် မေးခွန်းကို မေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပေလီမြို့ဟာ နာမည်ကျော်သာယာလှပတဲ့ ကမ်းခြေမြို့ တစ်ခုဖြစ်ပြီး နှစ်စဉ်ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တော်များ ဝင်ရောက်လည်ပတ်လျက်ရှိသော Tourism ဇုန်ဧရိယာတစ်ခုဖြစ်ပါတယ်။ ပေလီမြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ အများပြည်သူအသုံးပြု နေသာ Jetty သည် နှစ်ပေါင်း ၇၀ ကျော်မှ ယနေ့အထိ အသုံးပြုနေသော Jetty တစ်ခုဖြစ်ပါတယ်။ ယခင်က ရန်ကုန်-သံတွဲ-စစ်တွေ ပယ်လယ်ကူသင်္ဘောကြီးများ ကုန်တင်ကုန်ချဝင်ရောက်ဆိုက်ကပ်ခဲ့ ပြီး ဆိပ်ခံဘောတံတားတစ်ခုဖြစ်ပါတယ်။ ယခုအခါမှာတော့ သဘာဝဘေးဒဏ်ခံရခြင်း၊ ပြန်လည် ပြင်ဆင်မှုအားနည်းနေခြင်းတို့ကြောင့် ပျက်စီးယိုယွင်းနေတဲ့ Jetty မှာ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း စက်လှေများနှင့် အနီးအနားမှာရှိတဲ့ ကျေးရွာများသို့သွားသော ခရီးသည်ပို့ဆောင်ရေး ရေယာဉ်ငယ် များသာဖြစ်သလို ဆိုက်ကပ်အသုံးပြုနေတာကို တွေ့ရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ယိုယွင်းပျက်စီးနေတဲ့ Jetty ကို နိုင်ငံတော်အစိုးရ မှနိုင်ငံတကာအဆင့်မီ Jetty တစ်ခုအဖြစ် ပြုပြင်ဆောက်လုပ်ပေးနိုင်ပါက ရှပ်ပြေးခရီးသည်တင် အမြန်ယာဉ်များဖြင့် တောင်ကုတ်မြို့၊ မာန်အောင်မြို့နှင့် စစ်တွေမြို့များသို့လည်းကောင်း၊ ဂွမြို့နှင့် ရန်ကုန်မြို့များသို့လည်းကောင်း ရေလမ်းခရီးမှ လျင်မြန်လွယ်ကူစွာအချိန်တိုအတွင်း သွားရောက် နိုင်မှာ ဖြစ်ပါတယ်။ ၎င်းအပြင် ပေလီကမ်းခြေမှာလာရောက်တည်းခိုကြတဲ့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်တော်များကလည်း အဆင့်မီ Jetty မှ အဆင်ပြေချောမွေ့စွာ အပျော်စီးလှေသင်္ဘောများဖြင့် အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ တံငါရွာများသို့ လည်ပတ်ခြင်း၊ ငါးဖမ်းခြင်း၊ ရေငုတ်၍ သန္တာကျောက် တန်းများနှင့်ရောင်စုံငါးများကို ကြည့်ရှုခြင်းတို့ကို ပျော်ရွှင်စွာလုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ လုံးသာဆိပ်ကမ်း Jetty ကို Google ကနေတွေ့ရတဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ အခု လက်ရှိအသုံးပြုနေတဲ့ ကျဉ်မြောင်းတဲ့ Jetty ဖြစ်ပါတယ်။ နှစ်ပေါင်း ၇၀ ကျော်ကနေတော့ အခု ပြန်လည်ထိန်းသိမ်းပြင်ဆင်ပြီးတော့ သွားလာရေးခက်ခဲတာကို တွေ့နေရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ Jetty ဘေးနားမှာရှိတဲ့ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းကနေပြီးတော့ ဆောက်လုပ်ခွင့် ပြုထားတဲ့ စျေးဆိုင်လေးတွေဖြစ်ပါတယ်။ ဒါကသွားလာရခက်ခဲတဲ့ Jetty မှာ ကုန်တင်ကုန်ချပြုလုပ် နေတဲ့ ခရီးသည်တင်လှေငယ်လေးတွေနဲ့ ကုန်တင်စက်လှေလေးတွေရဲ့ပုံတွေကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကတော့ ငါးဖမ်းစက်လှေများနှင့် ခရီးသည်တင်စက်လှေများဟာ Jetty မှာဆိုက်ကပ်နေတဲ့ပုံဖြစ်ပါတယ်။ Jetty ပုံက အခြေအနေက တော်တော်ဆိုးဆိုးရွားရွားဖြစ်နေပါပြီ။ ဒါကတော့ အခုလက်ရှိအသုံးပြုနေတဲ့ Jetty ပါ။ ဒါကတော့ ရေကျတဲ့အချိန်မှာ တွေ့ရတဲ့ Jetty ပါ။ ဒီဘက်မှာရှိတဲ့ ကျောက်တန်းကြီးကတော့ ယခင်တုန်းက နှစ်ပေါင်း ၄၊ ၅၊ ၆၀ ကတည်းက လုပ်ခဲ့တဲ့ Jetty ဖြစ်ပြီးတော့ အခုအချိန်မှာ ပျက်စီးပြီးတော့ ကျောက်ခဲတွေကစုပုံပြီးတော့ ဖြစ်နေပါတယ်။ ရှေ့ဆက်ပြီးတော့ Jetty ကို ဆက်ပြီးတော့လုပ်မယ်ဆိုလို့ရှိရင် ပင်လယ်ကူးသင်္ဘောတွေဆိုက်ကပ်ပြီးတော့ ခရီးသွားလာတာတွေ အဆင်ပြေမှာတွေ့ရပါတယ်။ ဒါလည်း ပျက်စီးယိုယွင်းနေတဲ့ Jetty ပါ။ ဒါကတော့ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာအသုံးပြုနေတဲ့ Jetty ပုံဖြစ်ပါတယ်။ သွားရေးလာရေးအားလုံးအဆင်ပြေအောင် စီစဉ် ဆောင်ရွက်ထားတာကို တွေ့ရပါတယ်။ ဒါကတော့ စင်ကာပူနိုင်ငံမှာ အသုံးပြုနေတဲ့ Jetty ပုံပါ။ အန္တရာယ်ကင်းရှင်းစွာနဲ့ မိသားစုတွေပျော်ပျော်ရွှင်ရွှင် သွားလာလို့ရတဲ့ အပန်းဖြေလို့ရတဲ့ Jetty မျိုး ဖြစ်ပါတယ်။ အဲဒီ Jetty ကနေဖြင့်တော့ ကျွန်တော်တို့တွေက ဂွမြို့သို့လည်းကောင်း၊ ရန်ကုန်မြို့သို့လည်းကောင်း၊ တောင်ကုတ်မြို့သို့လည်းကောင်း၊ မာန်အောင်မြို့သို့လည်းကောင်း၊ စစ်တွေမြို့သို့ လည်းကောင်း အချိန်တိုအတွင်းမှာ ရှုပ်ပြေးရေယာဉ်တွေနဲ့ သွားလာတဲ့ပုံကို ပြထားတာဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးတိုးတက်လာသော ခရီးသွားလုပ်ငန်းအတွက် ဒေသလိုအပ်ချက်နှင့်အညီ ခရီးသွားများ အချိန်တိုအတွင်း အန္တရာယ်ကင်းရှင်းပြီး အဆင်ပြေလွယ်ကူစွာ ခရီးသွားလာနိုင်ရေးအတွက် ယိုယွင်းပျက်စီးပြီး အတက်၊ အဆင်းအန္တရာယ်များသည့် Jetty အား နိုင်ငံတကာအဆင့်မီ Jetty တစ်ခုအဖြစ် အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်ရဲ့ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့အမှတ်(၅)ရပ်ကွက် ဂိုတ္တော

(လုံးသာ)ရပ်ကွက်အတွင်းရှိ အများပြည်သူအသုံးပြုနေတဲ့ ဆိပ်ခံတံတား(Jetty)အား သံတွဲမြို့ ဆိပ်ကမ်းအာဏာပိုင်လက်အောက်တွင်ရှိပြီး နှစ်ပေါင်း ၇၀ ကျော်မှစ၍ ယနေ့တိုင် ပျက်စီးယိုယွင်းနေခြင်းကို ဖွံ့ဖြိုးတိုးတက်လာတဲ့ ခရီးသွားလုပ်ငန်းအတွက် လိုအပ်လျက်ရှိပါသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်မှာ အဆင့်မီ(Jetty)တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါမည်နည်းနှင့် အကောင်အထည်ဖော်ဆော်ရွက်ရန် အစီအစဉ်မရှိပါက အဘယ်ကြောင်ဆိုသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိတဲ့ ဆိပ်ကမ်း(၂)ခုမှာ ဂျိတ္တော(လုံးသာ)ဆိပ်ကမ်းနှင့် သပြုချိုင်ဆိပ်ကမ်းတို့ဖြစ်ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါ ခင်ဗျား။ ဒီပုံက ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ပုံတွေလည်းတင်ပြသွားပြီးပါပြီ။ ဂျိတ္တော(လုံးသာ)ဆိပ်ကမ်း၊ ကျောက်စီကျောက်တန်း ဆိပ်ခံတံတားပုံဖြစ်ပါတယ်။ အဲဒီဂျိတ္တော(လုံးသာ) ဆိပ်ကမ်းရှိ ကျောက်စီကျောက်တန်းတံတားကို ၁၉၁၈ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ဂျိတ္တော(လုံးသာ)ဆိပ်ကမ်းဟာဆိုရင် ကျောက်ဆောင်တွေပေါများခြင်း၊ လုံလောက်တဲ့ ရေအနက်မရှိခြင်း၊ ဆိပ်ကမ်းရဲ့သဘာဝအနေအရ လှိုင်းဒဏ်၊ လေဒဏ်များမှ အကာအကွယ်မရှိခြင်း စတာတွေကြောင့် ၁၉၆၂ ခုနှစ် မတိုင်မီကာလများမှာ ပင်လယ်ကူးသင်္ဘောများနှင့် ကမ်းရိုးတန်းသွား သင်္ဘောများ အဆိုပါဆိပ်ကမ်းအနီးရှိ ရေလယ်တွင် သတ်မှတ်ပေးထားသည့်နေရာ၌ ကျောက်ချရပ်နားပြီးတော့ လှေ၊ သမ္ဗာန်များမှတစ်ဆင့် ကုန်တင်/ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပါတယ်။ မိုးရာသီမှာတော့ ကမ်းရိုးတန်းသွား သင်္ဘောကုန်တင် သင်္ဘောကြီးများ ဆိုက်ကပ်အသုံးပြုနိုင်ခြင်း မရှိခဲ့တဲ့နေရာလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကမ်းရိုးတန်းသွား သင်္ဘောများဆိုက်ကပ်နိုင်ရန် သဘာဝအရ အကာအကွယ်ကောင်းပြီး လှိုင်းဒဏ်၊ လေဒဏ်ခံနိုင်သော၊ ရေစူးကောင်းသော ဆိပ်ကမ်းနေရာကို သပြုချိုင်မှာ ရှာဖွေတွေ့ရှိခဲ့ရာ သပြုချိုင်ဆိပ်ခံဘောတံတားကို ၁၉၆၄ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပါသဖြင့် ကမ်းရိုးတန်းသွားသင်္ဘောများနှင့် ကမ်းနီး/ကမ်းဝေးငါးဖမ်းရေယာဉ်များ ဆိုက်ကပ်အသုံးပြုလျက်ရှိပါတယ်။

ဒါကတော့ ဂျိတ္တော(လုံးသာ) ကျောက်စီကျောက်တန်းဆိပ်ခံတံတားနှင့် အသစ်တည်ဆောက်လိုက်တဲ့ သပြုချိုင်ဆိပ်ခံတံတား တည်နေရာပြတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒါကတော့ သပြုချိုင် ဆိပ်ကမ်း

ဆိပ်ခံဘောတံတားကို ပြသထားတဲ့ပုံ ဖြစ်ပါတယ်။ ဂျိတ္တော(လုံးသာ)ဆိပ်ခံတံတားတာဟာဆိုရင် ကျောက်တန်းတံတားဖြစ်ပြီး ကျောက်စီချဉ်းကပ်လမ်းမှာ အလျား ၂၇၅ ပေ၊ အကျယ် ၆ ပေရှိပြီးတော့ ချဉ်းကမ်းလမ်းရဲ့ထိပ်မှာ L ပုံစံ ကျောက်စီဆိပ်ခံရှိပါတယ်။ အဲဒီအပြင် ကျောက်စီချဉ်းကပ်လမ်းရဲ့ ဘေးဘက်မှာတော့ စက်လှေငယ်များ ဆိုက်ကပ်အသုံးပြုနိုင်ရန်အတွက် ကျောက်စီလမ်းနှင့် သစ်သား တံတားဦးတိုဆိပ်ခံတို့ကိုပါ တည်ဆောက်ပေးထားခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်က ဂျိတ္တော(လုံးသာ)ဆိပ်ခံတံတားရဲ့ ကျောက်စီချဉ်းကပ်လမ်း အလျား ၁၉၀ ပေ နှင့် သစ်သားတံတား ဦးတိုဆိပ်ခံတို့ကို ရန်ပုံငွေကျပ် ၅၀.၅၇၂ သန်းနှင့် ပြုပြင်ပေးခဲ့ပါတယ်။ လက်ရှိ အချိန်မှာတော့ ကျောက်ဆောင်များနှင့်မလုံလောက်တဲ့ ရေစူးတို့ကြောင့် ဂျိတ္တော(လုံးသာ)ဆိပ်ကမ်းကို ငါးဖမ်းရေယာဉ်များ မဆိုက်ကပ်နိုင်ဘဲ ဆိပ်ကမ်းအနီးမှာ ကျောက်ချထားပြီး ရေထွက်ကုန်နှင့်ပစ္စည်း များကိုဒေသသုံး မော်တော်ရေယာဉ်ငယ်၊ စက်လှေငယ်တို့ဖြင့် တစ်ဆင့်သယ်ယူလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂျိတ္တော (လုံးသာ)ဆိပ်ခံတံတားနေရာကို ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် လိုအပ် သည်များ လမ်းညွှန်မှုပြုနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၉-၃-၂၀၁၇ ရက်နေ့မှာတင်ပြခဲ့ ပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်ပြမှုနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကို ၂၁-၃-၂၀၁၇ ရက်နေ့မှာ တောင်းခံ လာခဲ့တဲ့အတွက် အဲဒီဆိပ်ခံတံတားနေရာကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ပါ ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ၁၁-၄-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးသို့ သဘောထားတင်ပြထားခဲ့ပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအနေနဲ့လည်း အဆိုပါအမှုတွဲကို လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ရန် စီးပွားရေးရာကော်မတီသို့ ၁၃-၄-၂၀၁၇ ရက်နေ့မှာ အမှုတွဲကို လွှဲပြောင်းပေးပို့ခဲ့ပါ တယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ဂျိတ္တော(လုံးသာ)ဆိပ်ခံတံတားနေရာကို ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ပါ ကြောင်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လွှဲပြောင်းလက်ခံရယူပြီး ဆိပ်ခံတံတားပြုပြင်တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေနဲ့ နည်းပညာပိုင်းကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း တပ်ဆင်သွယ်တန်းထားကြသော ဆက်သွယ်ရေးကြိုးလိုင်းများ၊ အင်တာနက်ကွန်ရက်ဖိုက်ဘာလိုင်းများသည် တရားဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ၊ အဆိုပါကြိုးလိုင်း များအား ဖြုတ်သိမ်းရွှေ့ပြောင်းရန် လိုအပ်လာသည့်အခါ မည်သည့်အဖွဲ့အစည်းတွင် တာဝန်ရှိသည်ကို သိရှိလိုခြင်းနှင့် နိုင်ငံပိုင်ဓာတ်အားတိုင်များတွင် သွယ်တန်းထားမှုကြောင့် လျှပ်စစ်နှင့်အခြားအန္တရာယ် ကင်းရှင်းရန် မည်ကဲ့သို့အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော် လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြချင်လိုတဲ့မေးခွန်းကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး တပ်ဆင်သွယ်တန်းထားကြသော ဆက်သွယ်ရေးကြိုးလိုင်းများ၊ အင်တာနက်ကွန်ရက်ဖိုက်ဘာလိုင်း များအား တရားဥပဒေနဲ့အညီ ညီညွတ်မှုရှိ/မရှိနှင့် အဆိုပါကြိုးလိုင်းများအား ဖြုတ်သိမ်းပြောင်းရွှေ့ရန် လိုအပ်သည့်အခါ မည်သည့်အဖွဲ့အစည်းတွင် တာဝန်ရှိသည်ကိုသိရှိလိုခြင်းနှင့် နိုင်ငံတော်ပိုင် ဓာတ်တိုင်များတွင် သွယ်တန်းထားမှုများကြောင့် လျှပ်စစ်နှင့် အခြားအန္တရာယ်များ ကင်းရှင်းရန်၊ မြို့တော်များနှင့်တကွ ကျေးလက်ဒေသများသာယာလှပစေရန် မည်ကဲ့သို့အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒီမေးခွန်းဖြစ်ပေါ်ရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားလိုင်းများမှာ သွယ်တန်းတဲ့ဓာတ်တိုင်များမှာလည်းကောင်း၊ သီးခြားလိုင်းများမှာလည်းကောင်း အင်မတန်မှ ရုပ်ဆိုး အကျည်းတန်တဲ့ တယ်လီဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ သွယ်တန်းထားတာတွေကို ရှင်းလင်း ဆောင်ရွက်နိုင်ဖို့ မြို့နယ်/ခရိုင်/တိုင်းဒေသကြီးအဆင့်ဆင့် တာဝန်ရှိပုဂ္ဂိုလ်တွေကို စုံစမ်းမေးမြန်းတဲ့ အခါမှာ ဒါတွေဟာပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့်သာ လုပ်တာဖြစ်ကြောင်း၊ သူတို့လည်း အသေးစိတ်မသိကြောင်း၊ ညွှန်ကြားချက်အရသာဆောင်ရွက်နေခြင်းဖြစ်ကြောင်း အကြောင်းပြန်ကြား လာပါတယ်။ ဒီအတွက်ကြောင့် ဒီကိစ္စများကို ဖြေရှင်းဖို့ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ စာချုပ်များ၊ လုပ်ထုံးလုပ်နည်းများကိုလေ့လာကြည့်တဲ့အခါမှာ ဝမ်းနည်းစရာကောင်းတာကတော့ ၂၀၁၃ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့တဲ့ လျှပ်စစ်ဥပဒေဟာ ဒီကနေ့အထိ

နည်းဥပဒေမရှိသေးတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ တာဝန်ရှိပုဂ္ဂိုလ်များ နည်းဥပဒေများရေးဆွဲဖို့ တိုက်တွန်းပါတယ်ခင်ဗျား။

ဒါပေမဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာတော့ ဆက်သွယ်ရေးဦးစီးဌာနက စံချိန်စံညွှန်း သတ်မှတ်ချက်တွေကို ညွှန်ကြားချက်တစ်ရပ်အနေနဲ့ ထုတ်ပြန်ခဲ့တာတွေ့ရပါတယ်။ Power Point အနေနဲ့လည်း တင်ပြထားပါတယ်။ အလားတူပဲ အခုလိုကိစ္စမျိုးအတွက် သက်ဆိုင်ရာလျှပ်စစ်အဖွဲ့ အစည်းတွေက ကုမ္ပဏီတွေနဲ့ စာချုပ်တွေချုပ်ဆိုဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အခု Power Point မှာတင်ပြထားတဲ့ ကုမ္ပဏီတစ်ခုရဲ့သဘောတူစာချုပ်မှာဆိုလို့ရှိရင် ဖန်ပြင်ကြေးနန်းကြိုး တပ်ဆင်ချိတ်ဆွဲခွင့်ဆိုတဲ့ အပိုဒ် ၅(၂)မှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးတိုင်တစ်တိုင်ပေါ်တွင် ဖန်ပြင် ကြေးနန်းကြိုးသုံးချောင်းအထိသာ အများဆုံးတပ်ဆင်သုံးစွဲခွင့်ပြုမယ်ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးတိုင်တစ်တိုင်ပေါ်တွင် ခွင့်ပြုပေးထားသူတစ်ဦးရဲ့ Telecom Note တပ်ဆင်ချိတ်ဆွဲ ထားပြီးဖြစ်ပါက မည်သူမျှထပ်မံတပ်ဆင်ချိတ်ဆွဲခြင်းမပြုရလို့လည်း ဆိုထားပါတယ်။ အပိုဒ် ၅(၃)မှာ ဆိုရင် အကယ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးတိုင်ပေါ်မှာ ဖန်ပြင်ကြေးနန်းကြိုးသုံးချောင်းအထိသာ တပ်ဆင်ချိတ်ဆွဲထားရမှာဖြစ်ပြီးတော့ အခြားမည်သူမျှထပ်မံချိတ်ဆွဲခြင်းမပြုရလို့ ဆိုထားပြန်ပါတယ်။ ဒါဟာ ခုနကပြောထားတဲ့ ညွှန်ကြားချက်အပိုဒ် ၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် ၂ မှာလည်း အခုလို တင်ပြ ထားပါတယ်။

သို့သော်လည်း နောက်ထပ်တစ်ပုံမှာဖော်ပြထားတဲ့အတိုင်း ကြည့်ပေးဖို့ သက်ဆိုင်ရာ ပြည်ထောင်စုပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို မေတ္တာ ရပ်ခံပါတယ်။ အပိုဒ် ၇(၄)မှာဆိုရင် ဓာတ်တိုင်တွေပြင်ဖို့ လျှပ်စစ်လုပ်ငန်းအရ ပြင်မယ်၊ လဲမယ်ဆိုရင် ခုနကသွယ်တန်းထားတဲ့ကြိုးတွေကို ကိုယ့်စရိတ်နဲ့ကိုယ် အချိန်မီဖြုတ်သိမ်းပေးဖို့လည်း သဘောတူ ထားကြပါတယ်။ တစ်ခါ အပိုဒ် ၇(၆)မှာဆိုရင်လည်း အချိန်မီလာမဖယ်ရင် လျှပ်စစ်ဌာနက ကိုယ့်ဘာသာကိုယ်ဖယ်ခွင့်ရှိကြောင်းနဲ့ စရိတ်ကိုလည်း ဆက်သွယ်ရေးသမားက ပေးချေရမှာ ဖြစ်ကြောင်း သဘောတူထားတာတွေ့ရပါတယ်။ ချတ်ဆွဲခွင့်ရသူရဲ့တာဝန်တွေပါတဲ့စာပိုဒ် ၉ မှာဆိုရင် စိတ်ဝင်စားစရာတစ်ခုကိုတွေ့ရမှာဖြစ်ပါတယ်။ အပိုဒ် ၉(၂)မှာဆိုရင် မီးရထားလမ်းကူး၊ လမ်းကျော် တွေနဲ့ သီးခြားတိုင်ထားဖို့၊ အမြင့်ကို ၂၁ ပေထားဖို့၊ လိုအပ်ရင် တိုင်လဲဖို့၊ ကျန်တဲ့နေရာတွေမှာလည်း အနည်းဆုံး ၁၈ ပေရှိဖို့ စည်းကမ်းသတ်မှတ်ထားပါတယ်။ ၂၁ ပေ၊ ၁၈ ပေဆိုတဲ့ ဆက်သွယ်ရေးရဲ့ ညွှန်ကြားချက်အပိုဒ် ၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် ၁၄ မှာ အခုလိုတင်ပြဖော်ပြထားတာဖြစ်ပါတယ်။

အပိုဒ် ၉(၆)မှာဆိုလို့ရှိရင် ယာဉ်ကြောင့်တိုက်ခိုက်မှုတွေဖြစ်လာရင် ခာတ်အားပြဿနာတွေအတွက် လိုအပ်တာတွေ ဆက်သွယ်ရေးသမားကပြင်ပေးဖို့၊ နစ်နာမှုတွေလျော်ပေးဖို့ စသည်ဖြင့်ရေးသားထား ပါတယ်။ ပြဿနာ ဒီကစပါတယ်။ ကျွန်တော်တို့နယ်မြေမှာ မီးလောင်မှုဖြစ်တဲ့အခါမှာ မီးသတ်ကားက လာပါတယ်။ လမ်းတစ်လမ်းကို ဝင်ဖို့ကြိုးစားပါတယ်။ လမ်းကကျဉ်းလို့ဝင်လို့မရပါဘူး။ အဆင်မပြေ ပါဘူး။ နောက်တစ်လမ်းကဝင်တဲ့အခါမှာ ကားကဆက်သွားမယ့်အခါမှာ ဆက်သွယ်ရေးကြိုးနဲ့ရင်ဆိုင် တိုးပါတယ်။ အဲဒါ ကျွန်တော်တို့ဘယ်လိုလုပ်ကြရင်ကောင်းပါမလဲ။ မီးကြိုးကတော့ အမြင့်မှာ ရှိပါတယ်။ မီးသတ်ကားနဲ့လွတ်ပါတယ်။ ဆက်သွယ်ရေးကြိုးနဲ့ မီးဘေးဒုက္ခ ပြည်သူတွေရင်ဆိုင်ရတဲ့ အခါမှာ မီးသတ်ကားဝင်လို့မရခဲ့ပါဘူး။ မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ ဖြစ်ခဲ့ရပါတယ်။

တစ်ခါ ဆက်သွယ်ရေးကဏ္ဍရဲ့ညွှန်ကြားချက် အပိုဒ် ၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် ၁၇ မှာလည်း အခုတင်ပြထားတဲ့အတိုင်း ဖန်ပြင်ကြေးနန်းကြိုးတွေဆက်သွယ်လို့ပဲဖြစ်ဖြစ်၊ သူများကဝင်တိုက်လို့ပဲ ဖြစ်ဖြစ် လျှပ်စစ်စနစ်ကိုထိခိုက်မယ်ဆိုရင် နစ်နာမှုအတွက် ချက်ချင်းကုစားပေးဖို့ ဆက်သွယ်ရေး ဆောင်ရွက်သူမှာ အပြည့်အဝတာဝန်ရှိကြောင်း ဖော်ပြထားပါတယ်။ Power Point မှာလည်း တွေ့နိုင် ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေမှာ ဆက်သွယ်ရေးပစ္စည်းတွေကို တပ်ဆင်ရင်းနဲ့မီးပြတ်ပါတယ်။ မီးပြတ်တဲ့အခါ ပြည်သူလူထုက စိတ်ပူတဲ့အတွက် နောက်နောင်အခုလိုလာပြီးတော့ တပ်ဆင်တဲ့သူတွေ လာတဲ့အခါမှာ ရပ်ကွက်ထဲမှာ တင်းမာမှုတွေမကြာခဏဖြစ်ရပါတယ်။ တစ်ခါ ကျွန်တော့်နယ်မြေမှာ ကြုံတွေ့ရတာလေးတစ်ခုကတော့ လမ်းထိပ်ကဓာတ်တိုင်ကို လာတပ်ဆင်တဲ့သူတွေကို တာဝန်ရှိသော ပုဂ္ဂိုလ်များက တွေ့ဆုံမေးမြန်းတဲ့အခါမှာ မြန်မာစကားမပြောတတ်တဲ့၊ တိုင်းရင်းသားစကားလည်း မဟုတ်တဲ့သူနဲ့ ရင်ဆိုင်တိုးရပါတယ်။ ဒါဟာ ကျွန်တော်တို့စဉ်းစားစရာဖြစ်ပါတယ်။ အဆိုပါ နိုင်ငံခြားသားတွေက ကျွန်တော်တို့ရဲ့ လျှပ်စစ်ပစ္စည်းတွေ၊ ဆက်သွယ်ရေးပစ္စည်းတွေကို ဘယ်လို ယုံကြည်မှုအနေနဲ့ လုပ်ကိုင်ခွင့်ပြုထားတာလဲ။ ကျွန်တော်တို့ပြည်သူတွေက ဘယ်လိုယုံကြည်ရမှာလဲ ဆိုတာ စဉ်းစားစရာတစ်ခုဖြစ်ကြောင်း ဒါကြောင့်မို့လို့ အထက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၏ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း တပ်ဆင်သွယ်တန်းထားကြတဲ့ ဆက်သွယ်ရေးကြိုးလိုင်းများ၊ အင်တာနက်ကွန်ရက်ဖိုက်ဘာလိုင်းများ တပ်ဆင်ထားခြင်းဟာဆိုရင် တရားဥပဒေနဲ့အညီ ညီညွတ်မှုရှိ/မရှိနှင့် အဆိုပါကြိုးလိုင်းများအား ဖြုတ်သိမ်းရွှေ့ပြောင်းရန်လိုအပ်တဲ့အခါမှာ မည်သည့်အဖွဲ့အစည်းမှာ တာဝန်ရှိသည်ကိုသိရှိလိုခြင်းနှင့် နိုင်ငံတော်ပိုင်ဓာတ်အားတိုင်များမှာ သွယ်တန်းထားမှုများကြောင့် လျှပ်စစ်နှင့်အခြားအန္တရာယ်များ ကင်းရှင်းရန်၊ မြို့တော်များနှင့်တကွ မြို့ပြကျေးလက်ဒေသများသာယာလှပစေရန် မည်ကဲ့သို့အမြန်ဆုံးအရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးမြန်းချက်များကို ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရန်အတွက် အချိန်ပိုအနည်းငယ်ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆက်သွယ်ရေးလုပ်ငန်းတည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စတဲ့ရည်ရွယ်ချက်များဖြင့် ဆက်သွယ်ရေးဥပဒေကို ၈-၁၀-၂၀၁၃ ရက်နေ့မှာပြဋ္ဌာန်းခဲ့ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီများကို အဆိုပါဥပဒေရဲ့ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက စိစစ်ထုတ်ပေးလျက်ရှိပြီး ပြည်သူလူထုအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်စေခဲ့ပါတယ်။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ အဓိကကျတဲ့ ဆက်သွယ်ရေးအခြေခံအဆောက်အဦများဖြစ်တဲ့ တာဝါတိုင်များနှင့် ဖိုင်ဘာကွန်ရက်များ တည်ဆောက်ခြင်း အစရှိတဲ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုပေးထားတဲ့ သက်ဆိုင်ရာလိုင်စင်ရကုမ္ပဏီများက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရပါတယ်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကလည်း လုပ်ငန်းဆောင်ရွက်မယ့် ဒေသရှိ သက်ဆိုင်ရာမြေနှင့်အဆောက်အဦ အသုံးပြုပိုင်ခွင့်(Right of Way) စီမံခန့်ခွဲပိုင်ခွင့်

ရှိတဲ့သူရဲ့ ခွင့်ပြုချက်ရယူထားခြင်းရှိ/မရှိ၊ ဆက်သွယ်ရေးဥပဒေပါစည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊ လိုင်စင်ပါစည်းကမ်းချက်များနှင့်ညီညွတ်မှုရှိ/မရှိ အစရှိသည်တို့ကို စိစစ်၍ လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက် ပြီး ဆက်သွယ်ရေးဖိုက်ဘာကေဘယ်လ်ကြိုးများကို ဖြုတ်သိမ်းရွှေ့ပြောင်းရန် လိုအပ်လာတဲ့အခါ မှာလည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ပိုင်ရှင်ဖြစ်တဲ့ သက်ဆိုင်ရာလိုင်စင်ရကုမ္ပဏီများ ထံသို့လည်းကောင်း၊ သက်ဆိုင်ရာမြေနှင့် အဆောက်အဦစီမံခန့်ခွဲပိုင်ခွင့်ရှိသူထံသို့လည်းကောင်း ညှိနှိုင်းအကြောင်းကြားပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီ များအနက် အချို့ကုမ္ပဏီများက ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ လျှပ်စစ် ဓာတ်တိုင်များပေါ်မှာ လျှပ်စစ်ကေဘယ်လ်ကြိုးနဲ့ ဆက်သွယ်ရေးဖိုက်ဘာကေဘယ်လ်ကြိုးများကို သက်ဆိုင်ရာလျှပ်စစ်ဌာနများ၏ ခွင့်ပြုချက်ဖြင့် မျှဝေသွယ်တန်းအသုံးပြုလျက်ရှိပါတယ်။ အဲဒီလို မျှဝေသွယ်တန်းအသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများအနေနဲ့ လျှပ်စစ်ဓာတ်တိုင်များနဲ့ဆက်စပ်တဲ့ မြေနဲ့အဆောက်အဦစီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဖြစ်တဲ့ ရန်ကုန်နဲ့မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအသီးသီးတို့နဲ့ စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်သွယ်ရေးဖိုက်ဘာကေဘယ်လ်ကြိုးများဟာဆိုရင် လျှပ်စစ်ကူးဝင် နိုင်မှုမရှိခြင်း၊ လျှပ်စစ်ကြိုးနဲ့သတ်မှတ်အကွာအဝေးမှာသာ သွယ်တန်းခွင့်ပြုထားခြင်းတို့ကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်နိုင်ခြေ အလွန်နည်းပါးပြီး လျှပ်စစ်ဓာတ်တိုင်များကိုမျှဝေသုံးစွဲခြင်းဖြင့် သီးခြား တိုင်အသစ်များ ထပ်မံစိုက်ထူခြင်းများလျော့နည်းသွားမှာဖြစ်တဲ့အတွက် မြို့ကြီးများမှာ တိုင်တွေ များပြားရှုပ်ထွေးမှုလျော့ကျသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း ရန်ကုန်မြို့တော်အပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ်များရှိ မြို့ကြီးအချို့မှာ ယိုင်နဲ့နေတဲ့ ဆက်သွယ်ရေးတိုင်များနဲ့ ရှုပ်ထွေးစွာတပ်ဆင်ထားတဲ့ ဆက်သွယ်ရေးကြိုးများကြောင့် မြို့ရဲ့အလှအပ ကို ထိခိုက်စေလျက်ရှိသည်မှာ အမှန်ပဲဖြစ်ပါတယ်။ သို့ပါ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေ နဲ့ ၂၀၁၈ ခုနှစ် ဇွန်လမှစပြီးတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ် ၂၀ နဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်မြေအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့မှာ စိုက်ထူထားတဲ့ ဆက်သွယ်ရေးတိုင်များနဲ့ သွယ်တန်းထားတဲ့ ဆက်သွယ်ရေးကေဘယ်လ်ကြိုးများကို ထုတ်ပြန်ထားတဲ့

စည်းကမ်းချက်များနှင့်အညီ စနစ်တကျသွယ်တန်းတပ်ဆင်တည်ဆောက်ထားမှုရှိ/မရှိကို မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ရန်အတွက် ပြင်ပကျွမ်းကျင်သူအဖွဲ့ကို ငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ ပြင်ပကျွမ်းကျင်သူတွေရဲ့စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်ပြီးတော့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများကို လျော့ကျနေတဲ့ကေဘယ်လ်များ၊ ကြံ့ခိုင်မှုမရှိတဲ့ ဆက်သွယ်ရေးတိုင်များနှင့် ရွဲ့စောင်းနေသည့် ဆက်သွယ်ရေးတိုင်များ၊ ရှုပ်ထွေးနေတဲ့ ဆက်သွယ်ရေးကြိုးတွေကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြန်လည်ပြုပြင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ပထမအဆင့်အနေနဲ့ လမ်းမတော်မြို့နယ်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်၍လည်းကောင်း၊ ဗဟန်းမြို့နယ်မှာ ၂၀၁၉ ခုနှစ် မေလမှစတင်၍လည်းကောင်း သက်ဆိုင်ရာဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် ကျန်မြို့နယ်များတွင်လည်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် ဆက်လက်ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ် ၁၄ မြို့နယ်၊ မော်လမြိုင်မြို့နှင့် မုံရွာမြို့တို့မှာ လိုင်စင်ရကုမ္ပဏီများက တည်ဆောက်ထားတဲ့ ဆက်သွယ်ရေးကြိုးများနှင့် ဆက်သွယ်ရေးတိုင်များကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားတဲ့စည်းကမ်းချက်များနှင့်အညီ စနစ်တကျသွယ်တန်းတပ်ဆင်တည်ဆောက်ထားမှုရှိ/မရှိကို မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ရန်အတွက် ပြင်ပကျွမ်းကျင်သူအဖွဲ့ကို ၂၀-၅-၂၀၁၉ ရက်နေ့မှာ တင်ဒါခေါ်ယူပြီးတော့ ငှားရမ်းနိုင်ရေးဆောင်ရွက်လျက်ရှိတဲ့အတွက် ပြီးစီးတဲ့အခါမှာ ယင်းအဖွဲ့ရဲ့စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်ပြီးတော့ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလိုင်စင်ရကုမ္ပဏီများကို ညွှန်ကြားသွားမှာဖြစ်ပါတယ်။ အဲဒီအပြင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရန်အတွက် ရေရှည်စီမံချက်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အခြားသက်ဆိုင်ရာဌာနများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများ ပူးပေါင်းပါဝင်သည့် ဆက်သွယ်ရေးစနစ်များပိုမိုကောင်းမွန်စေရန်နှင့် စနစ်တကျရှိစေရန်အတွက် Smart Pole ဟုခေါ်ဆိုတဲ့ Antenna တွေ၊ CCTV တွေ၊ လျှပ်စစ်လမ်းမီးတွေ၊ Wifi Device တွေ စသည်တို့တပ်ဆင်အသုံးပြုနိုင်တဲ့ ဘက်စုံသုံးဆက်သွယ်ရေးတိုင်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးအခြေခံအဆောက်အဦများ၊ တာဝါတိုင်နှင့် ဆက်သွယ်ရေးကြိုး ဖိုက်ဘာကေဘယ်လ်များ တည်ဆောက်တပ်ဆင်ခြင်းနဲ့စပ်လျဉ်းတဲ့

လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီကို ၁၉-၃-၂၀၁၉ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပထမအဆင့်အနေနဲ့ ဘက်စုံသုံးဆက်သွယ်ရေးတာဝါတိုင် Smart Pole နဲ့ Mono Pole များကိုတည်ဆောက်ခြင်းနဲ့ Last Mile လို့ခေါ်တဲ့ သုံးစွဲသူများထံနောက်ဆုံးချိတ်ဆက်ပေးမယ့် ဆက်သွယ်ရေးလိုင်းတိုင်များ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်မှာ မြေအောက်ဆက်သွယ်ရေးပိုက်စနစ် (Underground Duct System)တည်ဆောက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများကို လျော့ကျနေတဲ့ကေဘယ်လ်များကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပြန်လည်ပြင်ဆင်စေခြင်း၊ ကြံ့ခိုင်မှုမရှိတဲ့ဆက်သွယ်ရေးတိုင်များကို အသစ်လဲလှယ်စေခြင်း၊ ရွဲ့စောင်းနေတဲ့တိုင်များကို တည့်မတ်စေခြင်း၊ ရှုပ်ထွေးနေတဲ့ တယ်လီဖုန်းကြိုးများကို ပြန်လည်ရှင်းလင်းစေခြင်း အစရှိတဲ့ လုပ်ငန်းများကိုဆောင်ရွက်စေခြင်းဖြင့် ရန်ကုန်မြို့တော်အပါအဝင် ပြည်နယ်နဲ့တိုင်းဒေသကြီးများမှာ ဆက်သွယ်ရေးကေဘယ်လ်ရှုပ်ထွေးမှုများ လျော့ကျသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။ ကျွန်တော့်ကို ကျေးဇူးပြုပြီးတော့ Slide နံပါတ်-၂ ကို ပြန်ပြပေးစေချင်ပါတယ်။ အားလုံးမြင်တဲ့အတိုင်းပါပဲ။ ဒါဟာ သတ်မှတ်ထားတဲ့ စည်းကမ်းချက်မှာ တိုင်တစ်တိုင်မှာ သုံးကြိုးပဲသွယ်ရမယ်ဆိုပြီးတော့ စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားပါတယ်။ အခုအားလုံးမြင်တဲ့အတိုင်းပါပဲ။ သုံးကြိုးမကပါဘူး။ ကျွန်တော်ဆိုလိုချင်တာ ဒါ လက်တွေ့လည်း တကယ်ဖြစ်နေတဲ့အခြေအနေပါ။ ဒါကို ဘယ်လိုပုံစံမျိုးနဲ့ ဖြေရှင်းမလဲ။ အထူးသဖြင့် ရပ်ကွက်ထဲကိုဝင်တဲ့လမ်းတွေမှာ ကျွန်တော်တင်ပြထားတဲ့ Power Point တွေမှာလည်းပါပါတယ်။ တချို့နေရာတွေမှာ ခြောက်ပေလောက်ပဲလွတ်ပါတယ်။ အထူးသဖြင့် Container ကားတွေနဲ့ လမ်းမတန်းကိုသွားတဲ့အခါမှာ Container ကားတွေနဲ့ ဒီ တယ်လီဖုန်း Cable ကြိုးတွေနဲ့ ချိတ်မိတဲ့အခါမှာ ညဘက်မှာ ဓာတ်တိုင်များ လဲပြိုပြီးတော့ အန္တရာယ်ရှိတဲ့အရာတွေဟာ ကျွန်တော်တို့မြို့နယ်မှာ အပြင်းအထန် ခံစားနေရပါတယ်။ ဒါကြောင့်မို့လို့ ခုန ပြည်ထောင်စုဝန်ကြီးဖြေသွားတဲ့အထဲမှာ ရန်ကုန်တိုင်းဒေသကြီးမှာတော့ နှစ်မြို့နယ်ကို ဆောင်ရွက်နေတာကြားပါတယ်။ ဒါ အဓိကမြို့နယ်ကြီးတွေမှာ Cable ကြိုးတွေဟာ

အင်မတန် ရှုပ်ထွေးနေပါတယ်။ ဒါကို ဝန်ကြီးဌာနအနေနဲ့ အမြန်ဆုံး ဘယ်လိုစီစဉ်ဆောင်ရွက်ပေးမလဲ ဆိုတာကို ကျွန်တော်တို့မြို့နယ်ကို ဘယ်လိုစီစဉ်ဆောင်ရွက်ပေးမလဲ။ လုပ်နေတာတော့ ကြားပါတယ်။ ဘယ်လို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးမလဲဆိုတာကို ကျွန်တော် တိတိကျကျသိချင်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး စောစောကတင်ပြသွားတဲ့ ပုံတွေရော၊ အချက်အလက်တွေအားလုံးကလည်း အင်မတန်မှပြည့်စုံပါတယ်။ အခုဆက်စပ်မေးခွန်းကလည်း မေးသင့်တဲ့ဟာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ကတော့ ခုနပြောသလို ကျွန်တော်တို့ မေးခွန်း ပို့တဲ့အခါမှာတော့ ကျိုးကြောင်းဖော်ပြချက်မှာတော့ ပြည့်ပြည့်စုံစုံမပါတဲ့အတွက် ကျွန်တော်တို့ အနေနဲ့ ဒီအချက်အလက်တွေအပေါ်မှာ အသေးစိတ် ဖြေကြားခဲ့နိုင်ခြင်းမရှိတဲ့အတွက် ကျွန်တော် တောင်းပန် ပါတယ်။ ကိုယ်စားလှယ်တော်ကြီးပြောတာမှန်ပါတယ်။ တင်ပြထားတာတွေအားလုံး အမှန်ပါပဲ။ ဒါကြောင့်မို့လို့ ဗဟန်းမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းမြင့်ကလည်း ပြီးခဲ့တဲ့အပတ်က ကျွန်တော်ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ကတော့ ကျွန်တော်တို့အနေနဲ့က Regulator အနေနဲ့ ဆက်သွယ်ရေးလိုင်စင်ရလုပ်ငန်းလိုင်စင်က ကုမ္ပဏီတွေကို သူတို့ဆောင်ရွက်တဲ့လုပ်ငန်းတွေအပေါ်မှာ ကြီးကြပ်ဖို့အတွက်က ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံအရ လူအင်အားနည်းပါးတဲ့အတွက်ကို ယခု ကျွန်တော် တင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်တို့က ပြင်ပကျွမ်းကျင်သူအဖွဲ့တွေကို ငှားရမ်းပြီးတော့ ခုန ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ရှုပ်ထွေးမှုတွေ၊ စည်းကမ်းမဲ့မှုတွေ၊ စည်းကမ်းနဲ့မညီညွတ်မှု တွေကို ကျွန်တော်တို့က စိစစ်ဖို့အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီအဖွဲ့ကို ဘယ်အချိန်လောက် အမြန်ဆုံး အခုကတော့ ကျွန်တော်တို့က တစ်ဆင့်ချင်းငှားရမ်းပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဘယ်အချိန်ပြီးမလဲဆိုတော့ ကျွန်တော်တို့ကဆိုရင် တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေကို စစ်ဆေးဆောင်ရွက်စေပြီးတော့ သူတို့စစ်ဆေးတွေ့ရှိချက်တွေတင်ပြတဲ့အခါမှာ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်ရကုမ္ပဏီတွေကို သုံးလအတွင်း ချို့ယွင်းနေတဲ့ဟာတွေကို ပြုပြင်ဖို့ အတွက်ကို ညွှန်ကြားမှာဖြစ်ပါတယ်။ လက်ရှိမှာလည်း အဲဒီအတိုင်းပဲ ကျွန်တော်တို့က စစ်ဆေးတွေ့ရှိ ချက်တွေရရှိထားတဲ့အပေါ်မှာ ကုမ္ပဏီတွေကို ကျွန်တော်တို့က ညွှန်ကြားထားတာရှိပါတယ်။ အဲဒီတော့

ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း ဒါတွေက အားလုံးအမှန်တကယ်ဖြစ်သင့်နေတဲ့ ကိစ္စတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့လည်း ဒီဟာတွေကို အမြန်ဆုံး ဖြေရှင်းနိုင်ဖို့အတွက်ကို ကျွန်တော် သက်ဆိုင်ရာတိုင်းဒေသကြီးတွေနဲ့ Right of Way ပိုင်ရှင်တွေနဲ့ ပူးပေါင်းပြီးတော့ ကျွန်တော်တို့ကလည်း ပြင်ပကျွမ်းကျင်သူအဖွဲ့တွေငှားရမ်းပြီးတော့ ဒီဟာကို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းတင်တဲ့အချိန်မှာ ကျိုးကြောင်းဖော်ပြချက်နဲ့ ပြည့်ပြည့်စုံစုံပါရှိအောင် တင်ပြဖို့လိုပါတယ်။ ဒါမှသာလျှင် ဖြေကြားတဲ့ဝန်ကြီးဌာနလည်း ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်။ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၅ နာရီအချိန်တွင် ခေတ္တရပ်နားပါသည်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ပြဖို့ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်း(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပြီး အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးထိ လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှုအစီရင်ခံစာ(၁/၂၀၁၉)ကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် နိဒါန်း၊ ရည်ရွယ်ချက်များကို ထားရှိခဲ့မှာဖြစ်ပါတယ်။

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၂၁-၁-၂၀၁၉ ရက်နေ့မှ ၁၅-၃-၂၀၁၉ ရက်နေ့ထိ (၂၅)ရက်ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၁၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ကော်မတီသည် ပုံမှန်အစည်းအဝေးတစ်ကြိမ်ပြီးတိုင်း လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရန် အချိန်ကြန့်ကြာနေခြင်းမှာ-

(က) ပြီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ကိုယ်တိုင်ဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများကိုရည်ညွှန်း၍ အစီရင်ခံစာတွင်တင်ပြရသည့် မဟုတ်ဘဲ ကြယ်ပွင့်မပြမေးခွန်းများနှင့် အဆိုများကိုပါဝင်အောင် ထည့်သွင်းဖော်ပြရခြင်း၊

(ခ) ကြယ်ပွင့်မပြမေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက သတ်မှတ်ချိန်အတိုင်း ဖြေကြားနိုင်ခဲ့ခြင်းမရှိသဖြင့် ကော်မတီမှ အဆိုပါ ဖြေကြားချက်များပါဝင်လာအောင် စောင့်ဆိုင်းရခြင်း၊

(ဂ) ဖြေကြားထားသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများကို ကော်မတီက ကတိဖြစ်/မဖြစ် ပဏာမစိစစ်၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ထပ်မံတိုက်ဆိုင်စိစစ်ရခြင်း၊ ထိုသို့တိုက်ဆိုင်စိစစ်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူခြင်းနှင့် ခွင့်ပြုချက်ရရှိမှသာ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ဖိတ်ကြားရခြင်း၊

(ဃ) နှစ်ဦးနှစ်ဖက်တိုက်ဆိုင်စိစစ်ပြီး ကတိအဖြစ်သတ်မှတ်ခြင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် သတ်မှတ်ခြင်း၊ လုပ်ငန်းပြီးစီးကြောင်း သတ်မှတ်ခြင်း၊ ရှင်းလင်းချက်အဖြစ်ထားရှိခြင်းတို့ကို ထပ်မံဆောင်ရွက်ရခြင်း စသည့်အချက်များသည် လွှတ်တော်ကျင်းပချိန်တစ်ခုအတွင်းတွင် ပြီးစီးနိုင်ရန် အချိန်လုံလောက်မှုမရှိခြင်း၊

(င) ထို့အပြင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အပိုဒ်ခွဲ(င)တွင် ကော်မတီသည် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်ဟု ဖော်ပြထားသည့်အတွက် ကော်မတီ၏အစီရင်ခံစာသည် ပုံမှန်အစည်းအဝေးတစ်ကြိမ်ပြီးတိုင်း ယခင်ပုံမှန်အစည်းအဝေးအတွင်း ဆောင်ရွက်ထားချက်များကို ယခုလွှတ်တော်ကျင်းပချိန်အတွင်းတွင် အချိန်မီ မတင်သွင်းနိုင်ခြင်းဖြစ်ပါတယ်။ သို့ပါသော်လည်း လုံလောက်သည့် အချိန်ကာလနှင့် ဖြေကြားချက်များ အချိန်နှင့်တစ်ပြေးညီရရှိပါက အစီရင်ခံစာကို အချိန်မီတင်သွင်းနိုင်အောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**တွေ့ရှိသုံးသပ်ချက်**

**မူကြမ်း**

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းသည့်အဆိုနှင့် မေးခွန်းများအပေါ်တွင် သုံးသပ်ကြည့်ပါက လုပ်ငန်းပြီးစီးသွားသည်မှာ ၄၉.၂၆ ရာခိုင်နှုန်းရှိနေပြီး ဆောင်ရွက်ဆဲလုပ်ငန်းများမှာ ၅၀.၇၄ ရာခိုင်နှုန်း ကျန်ရှိနေဆဲဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ဆဲလုပ်ငန်းများအရေအတွက် များပြားနေရခြင်းမှာ-

(က) ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်နေခြင်း၊

(ခ) အမှန်တကယ်လိုအပ်သဖြင့် ဝန်ကြီးဌာနမှ ကတိအဖြစ်သတ်မှတ်ဆောင်ရွက်ပေးလိုက်သော်လည်း ပကတိမြေပြင်အခြေအနေတွင် မြေနေရာအလွယ်တကူမရရှိ၍ ကြန့်ကြာနေရခြင်း၊

(ဂ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းဖွဲ့စည်းပုံချမှတ်ဆောင်ရွက်ပေးရန် ကတိဖြစ်ခဲ့သော်လည်း ဝန်ထမ်းနေရာခန့်ထားရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူခြင်းတို့ အပါအဝင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုအစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားချက်ပါ ပူးတွဲပါရှိအောင် ဆောင်ရွက်ရသဖြင့် ကြန့်ကြာနေရခြင်း၊

(ဃ) ကတိဖြစ်သော်လည်း ဘတ်ဂျက်မရရှိသေး၍ ဆောင်ရွက်ရန်ကျန်ရှိနေသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

၇။ ကော်မတီက လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးနောက် လွှတ်တော်အတည်ပြုချက်ရယူထားသည့်လုပ်ငန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိလာခြင်း၊ နယ်မြေခံပြည်သူများက လက်ခံရန်ငြင်းဆန်ခြင်းတို့ ပေါ်ပေါက်လာပါက ကတိအဖြစ်သတ်မှတ်ထားချက်မှ ပယ်ဖျက်ပေးရန် တင်ပြတောင်းဆိုလာသည့်အခါ ကော်မတီအနေဖြင့် ကတိအဖြစ်မှ ပယ်ဖျက်နိုင်ခွင့်မရှိသည့်အတွက်-

(က) သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၏သဘောထားကို ဦးစွာရယူပြီး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရခြင်း၊

(ခ) ထို့နောက် ကတိအဖြစ် ပယ်ဖျက်ရန် သဘောတူပါက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ အတည်ပြုချက်ရယူခြင်းတို့ ပြုလုပ်ရပါသည်။

၈။ ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအတွင်း ကော်မတီမှ လွှတ်တော်တွင် အစီရင်ခံစာတင်သွင်းပြီး အတည်ပြုချက်ရရှိထားသောလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပါက အလိုအလျောက် ကတိအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။ သို့ရာတွင် လုပ်ငန်းတိုက်ဆိုင်စိစစ်စဉ်ကာလအတွင်း အကြောင်းကြောင်းကြောင့် အခက်အခဲတစ်စုံတစ်ရာရှိလာ၍ ကတိအဖြစ်မှ ပယ်ဖျက်လိုပါက လွှတ်တော်သို့ အစီရင်ခံစာမတင်သွင်းမီ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ကြီးဌာနတို့ညှိနှိုင်းပြီး လွှတ်တော်ကိုယ်စားလှယ်၏ သဘောတူညီချက်ဖြင့် ပယ်ဖျက်နိုင်ပါသည်။

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးအထိ အတည်ပြုအဆို ၄၆ခု ရှိပါသည်။ အဆိုများတွင် ဝန်ကြီးဌာနများက ရေရှည်ဆောင်ရွက်ရမည့် အဆိုများရှိသလို လတ်တလော ဖြေရှင်းဆောင်ရွက်ရမည့်အဆိုများလည်း ပါရှိပါသည်။ ထို့အပြင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်ပြီးစီးသွားသည့်အဆိုများလည်း ရှိပါသည်။

(က) ရေရှည်ဆောင်ရွက်သွားရမည့်အဆို -

ဥပမာ - ဒေါက်တာသန်းဝင်း (မြောက်ဥက္ကလာပမဲဆန္ဒနယ်)၏အဆို

**(ခ) လတ်တလောဖြေရှင်းဆောင်ရွက်သွားခဲ့သည့်အဆို -**

**ဥပမာ-** ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို (ဒေါပုံမဲဆန္ဒနယ်)၏အဆို

(ဂ) ဖြေရှင်းဆောင်ရွက်ပြီးစီးသွားသည့်အဆို -

ဥပမာ-ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)၏အဆို

(ဃ) သို့ဖြစ်ပါ၍ အဆိုများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးသွားသည့်အဆို (၂၀)ခုနှင့် ဆောင်ရွက်ဆဲအဆို ၂၆ ခုတို့ရှိကြောင်း သုံးသပ်နိုင်ပါသည်။

၁၀။ ကတိဖြစ်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလွှဲပြောင်းရာတွင် ပြည်ထောင်စုဝန်ကြီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လုပ်ငန်းလွှဲပြောင်းခြင်း သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း လုပ်ငန်းလွှဲပြောင်းခြင်းများ ပြုလုပ်ရန် လိုအပ်ပါက လွှဲပြောင်းသည့်လုပ်ငန်းနှင့် အကြောင်းအရာကို အချိန်နှင့်တစ်ပြေးညီဖော်ပြ၍ ကော်မတီသို့ မိတ္တူပေးပို့ရန် လိုအပ်ပါသည်။

**မှုကြမ်း**

၁၁။ လုပ်ငန်းပြီးစီးကြောင်း အခြေအနေနှင့် ပတ်သက်၍ -

(က) ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအတွင်း ကော်မတီက လွှတ်တော်တွင် အစီရင်ခံစာ တင်သွင်းပြီး အတည်ပြုချက် ရရှိထားသော လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပါက အလိုအလျောက် ကတိအဖြစ်မှ ပယ်ဖျက်သွားခြင်း၊

(ခ) လဆန်းရက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကော်မတီသို့ လုပ်ငန်းဆောင်ရွက်ထားရှိကြောင်း အခြေအနေကို တင်ပြကြရန် ညွှန်ကြားထားရှိပါသည်။ ထိုတင်ပြချက်တွင်လည်း လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးသွားပါကလည်း ကတိအဖြစ်မှ ပယ်ဖျက်သွားခြင်း၊

(ဂ) သို့သော်လည်း ရာနှုန်းပြည့်ပြီးစီးသွားသည့် လုပ်ငန်းအခြေအနေများကို ဓါတ်ပုံမှတ်တမ်းနှင့်တကွ တင်ပြအကြောင်းကြားရန် ပျက်ကွက်နေသည့်အတွက် ကော်မတီအနေဖြင့် မြေပြင်အခြေအနေမှန်ကို သုံးသပ်ရန် အခက်အခဲဖြစ်ပေါ်စေပါသည်။ ထို့သို့ ဓါတ်ပုံမှတ်တမ်းနှင့်တကွ တင်ပြလာသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များစာရင်းကိုလည်း **နောက်ဆက်တွဲ(ဃ)** ဖြင့် ဖော်ပြထားရှိပါသည်။

၁၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)၏ ရမည်းသင်းမြို့နယ်၊ ရေဦးအုပ်စု၊ သရက်ညီနောင်ကျေးရွာ ကိုယ်ထူကိုယ်ထကျောင်းအား အစိုးရမူလတန်းကျောင်းအဆင့်တိုးရရှိရေး ကြယ်ပွင့်မပြမေးခွန်းအား ၂၇-၆-၂၀၁၇ နေ့တွင်ပညာရေးဝန်ကြီးဌာနက ကတိဖြစ်ပြန်ကြားခဲ့သော်လည်း အမှန်တကယ် အဆင့်တိုးပေးသည့်အခါ (၁၉-၁၀-၂၀၁၇)နေ့မှ လျှောက်ထားသော ထီးလှိုင်အုပ်စုအမည်ခံ၍ ရေဦးကျေးရွာအုပ်စုဝင်ဖြစ်သော သရက်ညီနောင်ကျေးရွာရှိ နောက်တိုးလျှောက်ထားသည့် မူလတန်းကျောင်းကိုသာ လွဲမှားစွာ အဆင့်တိုးပေးခဲ့ပါသည်-

(က) ထိုဖြစ်ရပ်ကို မကျေနပ်သည့် ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကော်မတီသို့ တိုင်ကြားလာသည့်အတွက် ဖော်ပြပါနေရာများသို့ ကွင်းဆင်းစိစစ်ခဲ့ကြပါသည်။

(ခ) စိစစ်တွေ့ရှိချက်ကို ကော်မတီတွင် တင်ပြခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့်

ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့အား ကော်မတီတွင် တွေ့ဆုံညှိနှိုင်းခဲ့ကြပါသည်။

(ဂ) သက်ဆိုင်ရာ မြို့နယ်ပညာရေးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သည်ဟု ဆိုသော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အပါအဝင် မြို့နယ်ပညာရေးဝန်ထမ်း အသိုင်းအဝန်းက လက်ဦးမှုရယူဆောင်ရွက်ခဲ့ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနက ကတိပေးခဲ့သည့် ကျေးရွာနှင့် အလှမ်းမကွာဝေးခြင်းတို့ကြောင့် ကွဲလွဲအဆင့်တိုးပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဃ) သို့ဖြစ်ပါ၍ မြို့နယ်တစ်ခုအတွင်းရှိ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် အကြောင်းကိစ္စတစ်ခုကို ဆောင်ရွက်လိုပါက လွှတ်တော်သို့မတင်ပြမီကြိုတင် ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၁၃။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ချက်များ-

(က) ကတိအဖြစ်မှ ပယ်ဖျက်ခြင်း ကိစ္စများ၊

(ခ) ကတိအတိုင်း ဆောင်ရွက်ခြင်းမရှိသေးသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း၊

(ဂ) ကတိဖြစ်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြင်ပတိုင်ကြားသူများနှင့် သက်ဆိုင်ရာ ကိုယ်စားလှယ်များကို ညှိနှိုင်းဆောင်ရွက်ပေးရခြင်း၊

(ဃ) ကွင်းဆင်းစိစစ်ပေးရန်အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

၁၄။ ကော်မတီသို့ တိုင်ကြားလာသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်ကြားစာ ၁၁၇ စောင်နှင့် ပြင်ပတိုင်ကြားစာ ၁၃၅ စောင်၊ စုစုပေါင်း ၂၅၂ စောင်ရှိသည့် တိုင်ကြားစာ အားလုံးကိုလည်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်းနှင့် အသေးစိတ် စာရင်းဇယားကို **နောက်ဆက်တွဲ - င ဖြင့်** ဖော်ပြထားပါသည်။

**အကြံပြုချက်**

၁၅။ ကော်မတီမှ ၁၄-၂-၂၀၁၉ ရက်စွဲဖြင့် ကတိဖြစ် လုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပန်ကြားလွှာ ပေးပို့ထားပါသည်။

သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးရန်လို/မလိုကို ကော်မတီသို့ ပြန်လည် အကြောင်းကြားပေးပါရန် တိုက်တွန်းအပ်ပါသည်။

၁၆။ ဝန်ကြီးဌာနများထံသို့ ၁၀၀ ရာခိုင်နှုန်းပြီးစီးသော လုပ်ငန်းများနှင့်ပတ်သက်၍ ဓါတ်ပုံများ၊ အထောက်အထားများ၊ မှတ်တမ်းမှတ်ရာများကို ကော်မတီသို့ပေးပို့ရန် အကြောင်းကြားထားခဲ့သော်လည်း စက်မှုဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့မှအပ ကျန်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့က လုပ်ငန်းအချို့ကိုသာ ပေးပို့လာသည့်အတွက် ထပ်မံ ပေးပို့ကြပါရန် တိုက်တွန်းအပ်ပါသည်။

၁၇။ ကော်မတီမှ ဆောက်လုပ်ရေး (လမ်း/တံတား/အဆောက်အဦ)လုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရှိ အရည်အသွေးစိစစ်ရန် တာဝန်ရှိသူများက ပူးပေါင်းစိစစ်သွားရန် လိုအပ်ပါသည်။

၁၈။ ပုံမှန်အစည်းအဝေးတစ်ခုအတွင်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပတ်သက်၍ မေးမြန်းသောကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းအရေအတွက်မှာ အနည်းငယ်သာ ရှိသဖြင့် မေးခွန်းများနှင့် ကတိအဖြစ် ဆောင်ရွက်ထားရှိချက်အားလုံးကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကော်မတီသို့ မလာရောက်မီ ကြိုတင်စိစစ်လေ့လာထားရှိရန် နှင့် ယခင်ပုံမှန်အစည်းအဝေးတွင် တိုက်ဆိုင်စိစစ်ထားရှိခဲ့ပြီးသော လုပ်ငန်းလက်ကျန်များနှင့်ပတ်သက် သည့်အခြေအနေကိုလည်း ကော်မတီသို့မလာရောက်မီ ကြိုတင်မှတ်သားထားရှိရန် လိုအပ်ပါသည်။

၁၉။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များ ကိုယ်စားပြု ဖြေကြားထားချက်များနှင့်ပတ်သက်၍ တိုက်ဆိုင်စိစစ်ရန်အတွက် ကော်မတီသို့ လာရောက်ရမည့်သူများက ကြိုတင်လေ့လာမှတ်သားထားရန် လိုအပ်ပါသည်။ သို့မှသာ ကော်မတီ အဖွဲ့ဝင်များက မေးမြန်းစိစစ်ရာတွင် အဆိုပါပုဂ္ဂိုလ်များက ဖြေဆိုနိုင်ခြင်းမရှိသည့်အခါ သက်ဆိုင်ရာ ဌာနဆီသို့ ထပ်မံမေးမြန်းရသည့်အခက်အခဲကို ပြေလည်နိုင်မည် ဖြစ်ပါသည်။

၂၀။ ထို့အပြင် ကော်မတီ၏ အစီရင်ခံစာပါ သုံးသပ်ချက်/အကြံပြုချက်များကို ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကလည်း လေ့လာ မှတ်သားထားရန် အထူးလိုအပ်ပါသည်။

**နိဂုံး**

၂၁။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ ၉၈ တို့အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ်အသီးသီးကို စိစစ်ဆောင်ရွက်ရသည့် အတွက် ပုံမှန်အစည်းအဝေး အကြိမ်ရေများလာသည်နှင့်အမျှ လုပ်ငန်းအရေအတွက်သည်လည်း များပြားလာသည်ဖြစ်ရာ ထိုလုပ်ငန်းအခြေအနေကို တိုက်ဆိုင်စိစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ရခြင်းနှင့် ကွင်းဆင်းစိစစ်ခြင်း စသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းလျက် ပြည်သူ့လူထု အမှန်တကယ် အကျိုး ရှိမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ မှန်ကန်စွာ ပေါ်ထွက်လာစေရေးအတွက် ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အရ ဤအစီရင်ခံစာ(၁/၂၀၁၉)ကို ပြည်သူ့လွှတ်တော်သို့ တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များ အပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အစီရင်ခံစာ (၁/၂၀၁၉)**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅(က)နှင့် ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ၊ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်သူ့လွှတ်တော်သည် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များစိစစ်ရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ ကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား လွှတ်တော်တွင်ဖြေကြားခဲ့သော မေးခွန်းများ၊ အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ်၌ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ အရ မည်သည့် အခြေအနေအထိ အကောင်အထည်ဖော်

ဆောင်ရွက်ပြီး ဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိ တို့ကို လည်းကောင်း၊ သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့အား တွေ့ဆုံစိစစ်၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ ပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့် အဆိုများအနက်မှ ကတိပြုတာဝန်ယူခဲ့သည့် လုပ်ငန်းများအား မည်သို့ မည်ပုံ ဆောင်ရွက်ထားရှိသည်ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရန်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၂၁-၁-၂၀၁၉ ရက်နေ့မှ ၁၅-၃-၂၀၁၉ ရက်နေ့ထိ (၂၅)ရက်ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၁၂) ကြိမ် ပြုလုပ်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးများ အတွင်းတွင် တင်သွင်းခဲ့သည့် အဆိုများနှင့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်း များကို နေ့စဉ်မှတ်တမ်းတင် စိစစ်ပြီး မေးခွန်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့၊ အဆိုနှင့်ပတ်သက် သည့် အချက်အလက်များ စိစစ်ရေးအဖွဲ့၊ လုပ်ငန်းလက်ကျန် စိစစ်ရေးအဖွဲ့နှင့် တိုင်ကြားစာများ စိစစ်ရေးအဖွဲ့တို့မှ ဤအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းတင် ထားရှိပါသည်။ **(နောက်ဆက်တွဲ-က)**

ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးများတွင် အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပတ်သက်၍ လက်ရှိ ဆောင်ရွက်ဆဲ အခြေအနေပြ ဇယားကို **နောက်ဆက်တွဲ(ဂ)** ဖြင့် ဖော်ပြထားပါသည်။ ထို့အပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များ ကိုလည်း **DVD ချပ်**ဖြင့် ပူးတွဲဖြန့်ဝေထားပါသည်။

၄။ ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ အတည်ပြုအဆို (၄၆)ခုရှိပြီး ထိုအဆိုများထဲမှ လုပ်ငန်းပြီးစီးသွားသည့် အဆိုမှာ (၂၀)ခုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အဆို(၂၆)ခု ရှိပါသည်။ ထို့ပြင် ကြယ်ပွင့်ပြကတိဖြစ်မေးခွန်းပေါင်း (၃၆၂)ခုရှိပြီး လုပ်ငန်းပြီးစီးသွားသည်မှာ (၁၇၂)ခုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း (၁၉၀)ခု ရှိပါသည်။ ထို့ပြင် ကြယ်ပွင့်မပြ ကတိဖြစ် မေးခွန်းပေါင်း (၁၈၀၅)ခု ရှိပြီး လုပ်ငန်းပြီးစီးသွားသည်မှာ (၉၁၉)ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း (၈၈၆)ခု ရှိပါသည်။ ထို့ကြောင့် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ အတည်ပြုအဆိုနှင့် ကတိဖြစ်

မေးခွန်း စုစုပေါင်း(၂၂၁၃)ခုရှိသည့်အနက်မှ (၁၁၁၁)ခုမှာ လုပ်ငန်းပြီးစီးသွားပြီး ဆောင်ရွက်ဆဲ လုပ်ငန်းကျန်မှာ (၁၁၀၂)ခု ရှိနေပါသည်။ **(နောက်ဆက်တွဲ - ခ )**

၅။ ကော်မတီသည်ပုံမှန်အစည်းအဝေး တစ်ကြိမ်ပြီးတိုင်း လွှတ်တော်သို့အစီရင်ခံစာ တင်သွင်းရန် အချိန်ကြန့်ကြာနေရခြင်းမှာ-

(က) ပြီးခဲ့သည့် လွှတ်တော်တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ကိုယ်တိုင် ဖြေကြားခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများကိုသာ ရည်ညွှန်း၍ အစီရင်ခံစာတွင် တင်ပြရသည်မဟုတ်ဘဲ ကြယ်ပွင့်မပြ မေးခွန်းများနှင့် အဆိုများကို ပါဝင်အောင် ထည့်သွင်းဖော်ပြရခြင်း၊

(ခ) ကြယ်ပွင့်မပြ မေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက သတ်မှတ်ချိန်အတိုင်း ဖြေကြားနိုင်ခဲ့ခြင်း မရှိသဖြင့် ကော်မတီက အဆိုပါ ဖြေကြားချက်များ ပါဝင်လာအောင် စောင့်ဆိုင်းရခြင်း၊

(ဂ) ဖြေကြားထားသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများကို ကော်မတီက ကတိဖြစ်/မဖြစ် ပဏာမစိစစ်၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ထပ်မံ တိုက်ဆိုင်စိစစ်ရခြင်း၊ ထိုသို့ တိုက်ဆိုင်စိစစ်ရန် အတွက် လွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက် ရယူခြင်းနှင့် ခွင့်ပြုချက် ရရှိမှသာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ဖိတ်ကြားရခြင်း၊

(ဃ) နှစ်ဦးနှစ်ဖက် တိုက်ဆိုင်စိစစ်ပြီး ကတိအဖြစ်သတ်မှတ်ခြင်း၊ ဆောင်ရွက်ဆဲလုပ်ငန်း အဖြစ် သတ်မှတ်ခြင်း၊ လုပ်ငန်းပြီးစီးကြောင်း သတ်မှတ်ခြင်း၊ ရှင်းလင်းချက်အဖြစ် ထားရှိခြင်းတို့ကို ထပ်မံဆောင်ရွက်ရခြင်း စသည့်အချက်များသည် လွှတ်တော် ကျင်းပချိန် (session) တစ်ခုအတွင်းတွင် ပြီးစီးနိုင်ရန် အချိန်လုံလောက်မှုမရှိခြင်း၊

(င) ထို့အပြင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀၊ အပိုဒ်ခွဲ (င)တွင် **"ကော်မတီသည် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ် အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်**"ဟု ဖော်ပြထားသည့် အတွက် ကော်မတီ၏ အစီရင်ခံစာသည် ပုံမှန်အစည်းအဝေး တစ်ကြိမ်ပြီးတိုင်း ယခင် ပုံမှန်အစည်းအဝေးအတွင်း ဆောင်ရွက်ထားချက်များကို ယခု လွှတ်တော်ကျင်းပချိန် (session) အတွင်းတွင် အချိန်မီ မတင်သွင်းနိုင်ခြင်း ဖြစ်ပါသည်။ သို့ပါသော်လည်း

လုံလောက်သည့် အချိန်ကာလနှင့်ဖြေကြားချက်များ အချိန်နှင့် တပြေးညီရရှိပါက အစီရင်ခံစာကို အချိန်မီတင်သွင်းနိုင်အောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## တွေ့ရှိသုံးသပ်ချက်

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေး အထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းသည့် အဆိုနှင့်မေးခွန်းများအပေါ်တွင် သုံးသပ်ကြည့်ပါက လုပ်ငန်းပြီးစီးသွားသည်မှာ (၄၉.၂၆%)ရှိနေပြီး ဆောင်ရွက်ဆဲလုပ်ငန်းများမှာ (၅၀.၇၄**%)** ကျန်ရှိနေဆဲ ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ဆဲလုပ်ငန်းများ အရေအတွက် များပြားနေရခြင်းမှာ -

(က) ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်နေခြင်း၊

(ခ) အမှန်တကယ်လိုအပ်သဖြင့် ဝန်ကြီးဌာနမှ ကတိအဖြစ် သတ်မှတ်ဆောင်ရွက်ပေးလိုက်သော်လည်း ပကတိမြေပြင်အခြေအနေတွင် မြေနေရာအလွယ်တကူ မရရှိ၍ ကြန့်ကြာနေရခြင်း၊

(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဝန်ထမ်းဖွဲ့စည်းပုံ ချမှတ်ဆောင်ရွက်ပေးရန် ကတိဖြစ်ခဲ့သော်လည်း ဝန်ထမ်းနေရာခန့်ထားရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုချက်၊ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူခြင်းတို့ အပါအဝင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားချက်ပါ ပူးတွဲပါရှိအောင် ဆောင်ရွက်ရသဖြင့် ကြန့်ကြာနေရခြင်း၊

(ဃ) ကတိဖြစ်သော်လည်း ဘတ်ဂျက်မရရှိသေး၍ ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

၇။ ကော်မတီက လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးနောက် လွှတ်တော်အတည်ပြုချက် ရယူထားသည့် လုပ်ငန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိလာခြင်း၊နယ်မြေခံပြည်သူများက

လက်ခံရန် ငြင်းဆန်ခြင်းတို့ ပေါ်ပေါက်သဖြင့် ကတိအဖြစ်သတ်မှတ်ထားချက်မှ ပယ်ဖျက်ပေးရန် တင်ပြတောင်းဆိုလာသည့်အခါ ကော်မတီအနေဖြင့် ကတိအဖြစ်မှ ပယ်ဖျက်နိုင်ခွင့် မရှိသည့်အတွက်-

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ သဘောထားကို ဦးစွာ ရယူပြီး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရခြင်း၊

(ခ) ထို့နောက် ကတိအဖြစ် ပယ်ဖျက်ရန် သဘောတူပါက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ အတည်ပြုချက် ရယူခြင်းတို့ကို ပြုလုပ်ရပါသည်။

၈။ ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအတွင်း ကော်မတီမှ လွှတ်တော်တွင် အစီရင်ခံစာ တင်သွင်းပြီး အတည်ပြုချက် ရရှိထားသော လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပါက အလိုအလျောက် ကတိအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။ သို့ရာတွင် လုပ်ငန်းတိုက်ဆိုင် စိစစ်စဉ်ကာလအတွင်း အကြောင်းကြောင်းကြောင့်အခက်အခဲ တစုံတရာရှိလာ၍ ကတိအဖြစ်မှ ပယ်ဖျက်လိုပါက လွှတ်တော်သို့ အစီရင်ခံစာမတင်သွင်းမီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး လွှတ်တော် ကိုယ်စားလှယ်၏ သဘောတူညီချက်ဖြင့် ပယ်ဖျက်နိုင်ပါသည်။

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးအထိ အတည်ပြုအဆို (၄၆)ခု ရှိပါသည်။ အဆိုများတွင် ဝန်ကြီးဌာနများ က ရေရှည်ဆောင်ရွက်သွားရမည့် အဆိုများရှိသလို လတ်တလော ဖြေရှင်းဆောင်ရွက်သွားရမည့် အဆိုများလည်း ပါရှိပါသည်။ထို့ပြင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ပူးပေါင်းဖြေရှင်းဆောင်ရွက် ပြီးစီးသွားသည့် အဆိုများ လည်း ရှိပါသည်။

(က) ရေရှည်ဆောင်ရွက်သွားရမည့် အဆို -

ဥပမာ - ဒေါက်တာသန်းဝင်း (မြောက်ဥက္ကလာပ မဲဆန္ဒနယ်)၏ **"နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို"**

**(ခ) လတ်တလောဖြေရှင်းဆောင်ရွက်သွားခဲ့သည့်အဆို -**

**ဥပမာ-** ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို (ဒေါပုံမဲဆန္ဒနယ်)၏ **"ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေး များကို ပိုမိုမြင့်တင် ကာကွယ်စောင့်ရှောက်နိုင်ရန်**

**လူ့အခွင့်အရေး ချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များအား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို”**

(ဂ) ဖြေရှင်းဆောင်ရွက်ပြီးစီးသွားသည့် အဆို -

ဥပမာ-ဒေါက်တာလှမိုး(အောင်မြေသာစံ မဲဆန္ဒနယ်)၏ **“ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၇) ပုဒ်မ ၂၁ (ဂ)အရ ပြည်ထောင်စု အစိုးရမှ နိုင်ငံ့ဝန်ထမ်းအဆင့်ဆင့်သော ကော်မရှင်အဖွဲ့ဝင်များအတွက် ထိုက်သင့် သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည် သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို”**

(ဃ) သို့ဖြစ်ပါ၍ အဆိုများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးသွားသည့်အဆို (၂၀)ခုနှင့် ဆောင်ရွက်ဆဲအဆို (၂၆)ခုတို့ရှိကြောင်း သုံးသပ်နိုင်ပါသည်။ **(နောက်ဆက်တွဲ - ဂ)**

၁၀။ ကတိဖြစ်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလွှဲပြောင်းရာတွင် ပြည်ထောင်စု ဝန်ကြီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ လုပ်ငန်းလွှဲပြောင်းခြင်း (သို့မဟုတ်) ပြည်ထောင်စု ဝန်ကြီးဌာနအချင်းချင်း လုပ်ငန်းလွှဲပြောင်းခြင်းများ ပြုလုပ်ရန် လိုအပ်ပါက လွှဲပြောင်းသည့်လုပ်ငန်းနှင့် အကြောင်းအရာကို အချိန်နှင့်တပြေးညီ ဖော်ပြ၍ ကော်မတီသို့ မိတ္တူပေးပို့ရန် လိုအပ်ပါသည်။

၁၁။ လုပ်ငန်းပြီးစီးကြောင်း အခြေအနေနှင့် ပတ်သက်၍ -

(က) ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအတွင်း ကော်မတီက လွှတ်တော်တွင် အစီရင်ခံစာ တင်သွင်းပြီး အတည်ပြုချက် ရရှိထားသော လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပါက အလိုအလျောက် ကတိအဖြစ်မှ ပယ်ဖျက်သွားခြင်း၊

(ခ) လဆန်းရက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကော်မတီသို့ လုပ်ငန်းဆောင်ရွက်ထားရှိ ကြောင်း အခြေအနေကို တင်ပြကြရန် ညွှန်ကြားထားရှိပါသည်။ ထိုတင်ပြချက် တွင်လည်း လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးသွားပါကလည်း ကတိအဖြစ်မှ ပယ်ဖျက် သွားခြင်း၊

(ဂ) သို့သော်လည်း ရာနှုန်းပြည့် ပြီးစီးသွားသည့် လုပ်ငန်းအခြေအနေများကို ဓါတ်ပုံ မှတ်တမ်းနှင့်တကွ တင်ပြအကြောင်းကြားရန် ပျက်ကွက်နေသည့်အတွက် ကော်မတီ

အနေဖြင့် မြေပြင်အခြေအနေမှန်ကို သုံးသပ်ရန် အခက်အခဲဖြစ်ပေါ်စေပါသည်။ ထို့သို့ ခါတ်ပုံမှတ်တမ်းနှင့်တကွ တင်ပြလာသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များစာရင်းကိုလည်း **နောက်ဆက်တွဲ(ဃ)** ဖြင့် ဖော်ပြထားရှိပါသည်။

၁၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)၏ ရမည်းသင်းမြို့နယ်၊ ရေဦးအုပ်စု၊ သရက်ညီနောင်ကျေးရွာ ကိုယ်ထူကိုယ်ထကျောင်းအား အစိုးရမူလတန်းကျောင်းအဆင့်တိုးရရှိရေး ကြယ်ပွင့်မပြမေးခွန်းအား(၂၇-၆-၂၀၁၇)နေ့တွင်ပညာရေးဝန်ကြီးဌာနက ကတိဖြစ်ပြန်ကြားခဲ့သော်လည်း အမှန်တကယ် အဆင့်တိုးပေးသည့်အခါ (၁၉-၁၀-၂၀၁၇)နေ့မှ လျှောက်ထားသော ထီးလှိုင်အုပ်စု အမည်ခံ၍ ရေဦးကျေးရွာအုပ်စုဝင်ဖြစ်သော သရက်ညီနောင်ကျေးရွာရှိ နောက်တိုးလျှောက်ထားသည့် မူလတန်းကျောင်းသာ လွဲမှားစွာ အဆင့်တိုးပေးခဲ့ပါသည်-

(က) ထိုဖြစ်ရပ်ကို မကျေနပ်သည့် ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကော်မတီသို့ တိုင်ကြားလာသည့်အတွက် ဖော်ပြပါနေရာသို့ ကွင်းဆင်းစိစစ်ခဲ့ကြပါသည်။

(ခ) စိစစ်တွေ့ရှိချက်ကို ကော်မတီတွင် တင်ပြခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့အား ကော်မတီတွင် တွေ့ဆုံညှိနှိုင်းခဲ့ကြပါသည်။

(ဂ) သက်ဆိုင်ရာ မြို့နယ်ပညာရေးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သည်ဟုဆိုသော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အပါအဝင် မြို့နယ်ပညာရေးဝန်ထမ်း အသိုင်းအဝန်းက လက်ဦးမှုရယူဆောင်ရွက်ခဲ့ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနက ကတိပေးခဲ့သည့် ကျေးရွာနှင့် အလှမ်းမကွာဝေးခြင်းတို့ကြောင့် ကွဲလွဲအဆင့်တိုးပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဃ) သို့ဖြစ်ပါ၍ မြို့နယ်တစ်ခုအတွင်းရှိ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် အကြောင်းကိစ္စတစ်ခုကို ဆောင်ရွက်လိုပါက လွှတ်တော်သို့မတင်ပြမီကြိုတင် ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။-

**မူကြမ်း**

၁၃။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ချက်များ-

(က) ကတိအဖြစ်မှ ပယ်ဖျက်ခြင်း ကိစ္စများ၊

(ခ) ကတိအတိုင်း ဆောင်ရွက်ခြင်း မရှိသေးသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း၊

(ဂ) ကတိဖြစ်သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြင်ပတိုင်ကြားသူများနှင့် သက်ဆိုင်ရာကိုယ်စားလှယ်များကို ညှိနှိုင်းဆောင်ရွက် ပေးရခြင်း၊

(ဃ) ကွင်းဆင်းစိစစ်ပေးရန်အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

၁၄။ ကော်မတီသို့ တိုင်ကြားလာသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်ကြားစာ(၁၁၇)စောင်နှင့် ပြင်ပတိုင်ကြားစာ (၁၃၅)စောင်၊ စုစုပေါင်း(၂၅၂)စောင်ရှိသည့် တိုင်ကြားစာ အားလုံးကိုလည်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်းနှင့် အသေးစိတ် စာရင်းဇယားကို **နောက်ဆက်တွဲ - င ဖြင့်** ဖော်ပြထားပါသည်။

**အကြံပြုချက်**

၁၅။ ကော်မတီမှ ၁၄-၂-၂၀၁၉ ရက်စွဲဖြင့် ကတိဖြစ် လုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပန်ကြားလွှာ ပေးပို့ထားပါသည်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးရန် လို/မလိုကို ကော်မတီသို့ ပြန်လည်အကြောင်းကြားပေးပါရန် တိုက်တွန်းအပ်ပါသည်။

၁၆။ ဝန်ကြီးဌာနများထံသို့ ၁၀၀ ရာခိုင်နှုန်းပြီးစီးသော လုပ်ငန်းများနှင့်ပတ်သက်၍ ဓါတ်ပုံများ၊ အထောက်အထားများ၊ မှတ်တမ်းမှတ်ရာများကို ကော်မတီသို့ပေးပို့ရန် အကြောင်းကြားထားခဲ့သော်လည်း စက်မှုဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့မှအပ ကျန်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့က လုပ်ငန်းအချို့ကိုသာ ပေးပို့လာသည့်အတွက် ထပ်မံပေးပို့ကြရန် တိုက်တွန်းအပ်ပါသည်။

၁၇။ ကော်မတီမှ ဆောက်လုပ်ရေး (လမ်း/တံတား/အဆောက်အဦ)လုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရှိ အရည်အသွေး စိစစ်ရန် တာဝန်ရှိသူများက ပူးပေါင်းစိစစ်သွားရန် လိုအပ်ပါသည်။

၁၈။ ပုံမှန်အစည်းအဝေး(session)တစ်ခုအတွင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ပတ်သက်၍ မေးမြန်းသောကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းအရေအတွက်မှာ အနည်းငယ်

သာရှိသဖြင့် မေးခွန်းများနှင့် ကတိအဖြစ် ဆောင်ရွက်ထားရှိချက် အားလုံးကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကော်မတီသို့ မလာရောက်မီ ကြိုတင်စိစစ်လေ့လာထားရှိရန်နှင့် ယခင်ပုံမှန်အစည်းအဝေးတွင် တိုက်ဆိုင်စိစစ်ထားရှိခဲ့ပြီးသော လုပ်ငန်းလက်ကျန် (ဆောင်ရွက်ဆဲလုပ်ငန်း)များနှင့်ပတ်သက်သည့် အခြေအနေကိုလည်း ကော်မတီသို့မလာရောက်မီ ကြိုတင်မှတ်သားထားရှိရန် လိုအပ်သည်။

၁၉။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ကိုယ်စားပြု ဖြေကြားထားချက်များနှင့် ပတ်သက်၍ တိုက်ဆိုင်စိစစ်ရန်အတွက် ကော်မတီသို့ လာရောက်ရမည့်သူများက ကြိုတင်လေ့လာ မှတ်သားထားရန် လိုအပ်ပါသည်။ သို့မှသာ ကော်မတီအဖွဲ့ဝင်များက မေးမြန်းစိစစ်ရာတွင် အဆိုပါ ပုဂ္ဂိုလ်များက ဖြေဆိုနိုင်ခြင်း မရှိသည့်အခါ သက်ဆိုင်ရာဌာနဆီသို့ ထပ်မံမေးမြန်းရသည့် အခက်အခဲကို ပြေလည်နိုင်မည် ဖြစ်သည်။

၂၀။ ထို့အပြင် ကော်မတီ၏ အစီရင်ခံစာပါ သုံးသပ်ချက်/အကြံပြုချက်များကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း လေ့လာမှတ်သားထားရန် လိုအပ်ပါသည်။

**နိဂုံး**

၂၁။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ ၉၈ တို့အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ်အသီးသီးကို စိစစ်ဆောင်ရွက်ရသည့်အတွက် ပုံမှန်အစည်းအဝေး အကြိမ်ရေများလာသည်နှင့်အမျှ လုပ်ငန်းအရေအတွက်သည်လည်းများပြားလာသည်ဖြစ်ရာ ထိုလုပ်ငန်းအခြေအနေများကို တိုက်ဆိုင်စိစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ရခြင်းနှင့်ကွင်းဆင်းစိစစ်ခြင်းစသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းလျက် ပြည်သူ့လူထု အမှန်တကယ် အကျိုးရှိမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ မှန်ကန်စွာ ပေါ်ထွက်လာစေရေးအတွက် ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အရ ဤအစီရင်ခံစာ(၁/၂၀၁၉)ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၃၁-၅-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉) နှင့်စပ်လျဉ်း၍အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ဖြစ်သော ၂၇-၅-၂၀၁၉ ရက်နေ့တွင် လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကိုတိကျစွာ ရေးသားဖော်ပြ၍ (၂၈-၅-၂၀၁၉ ရက်နေ့) နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၉)နှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)ကို ပြင်ဆင်ချက်မရှိ သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်(Research and Extension System) ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးစိန်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းဖြစ်ပါတယ်။ လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်(Research and Extension System)ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုရဲ့ရည်ရွယ်ချက်ကတော့ လယ်ယာသားငါးကဏ္ဍ ထုတ်ကုန်များ ပိုမိုထုတ်လုပ်ဆောင်ရွက်နိုင်ရန်၊ အထွက်နှုန်း၊ အရည်အသွေးများမြင့်မားလာစေရန်၊ နိုင်ငံခြားတင်ပို့နိုင်သော လယ်ယာသားငါးထုတ်ကုန်အမျိုးအပြား ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးရှိသော စိုက်ပျိုးရေးပစ္စည်းများသုံးစွဲ၍ အရည်အသွေးမြင့်မား တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်စေရန်၊ ထုတ်လုပ်မှုနှင့်ပတ်သက်သော အခြေခံအချက်အလက်များ သိရှိလိုက်နာဖြေရှင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးပိုမိုရရှိစေရန် ရည်ရွယ်၍ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှုမှာ ရာသီဥတုကြောင့်လည်းကောင်း၊ ဈေးနှုန်းဈေးကွက်နည်းပါးမှုကြောင့်လည်းကောင်း၊ ထုတ်လုပ်မှု ကျဆင်းလာသည့်အပြင် အရည်အသွေးညံ့ဖျင်းလာ၍ နိုင်ငံခြားတင်ပို့ရာတွင် (Reject)ငြင်းပယ်မှု များဖြစ်ပေါ်လာနေကြောင်း တွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်မှာ သီးနှံပေါင်းစုံဈေးနှုန်းနှိမ်ခံရ ခြင်း၊ ဈေးကွက်မရရှိခြင်းနှင့် အကြောင်းအမျိုးမျိုးပြ၍ အပယ်ခံရခြင်းများ ရှိခဲ့ပါတယ်။ ဈေးနှုန်း၊ ဈေးကွက်တွေဟာ နိုင်ငံခြားတိုင်းပြည်များရဲ့ လက်ခုပ်ထဲကရေလို လိုအပ်သလိုတစ်ဖက်သတ် အကျိုးရှိအောင်ဆောင်ရွက်နေခြင်းကို မြန်မာနိုင်ငံတောင်သူလယ်သမားများ တွေ့ကြုံခံစားနေရပါ တယ်။ တောင်သူလယ်သမားများဟာ အရည်အသွေးကောင်းပစ္စည်းများ ရှာဖွေသုံးစွဲမှုအသိပညာ နည်းပါးလာခြင်း၊ အတု၊ အစစ်ခွဲခြား၍ ခက်ခဲသောအရည်အသွေးညံ့ဓာတ်မြေဩဇာများကို အသုံးပြု လာခြင်း၊ ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းစနစ်များချို့တဲ့မှုကြောင့် လျော့နည်းအားနည်း လာခြင်းနှင့် ဖြစ်သလိုစိုက်ပျိုးလာသဖြင့် ဖြစ်သလိုအထွက်နှုန်းများသာထွက်ရှိ၍ နှစ်စဉ်အထွက်နှုန်း နည်း၍ အရှုံးနဲ့ရင်ဆိုင်နေရပါတယ်။ တောင်သူလယ်သမားအများစုမှာ ဘာပိုးကျ၍ ဘာပိုးသတ်ဆေး နဲ့ဘယ်လိုကာကွယ်နှိမ်နင်းရမလဲ။ ဘာရောဂါကျလို့ ဘာရောဂါဆေးနဲ့ ဘယ်လိုကုသရမလဲဆိုတာ သိရှိသုံးစွဲမှုအားနည်းလာသဖြင့် အသိပညာ၊ နည်းပညာရပ်များကို သင်တန်းပေးဆောင်ရွက်သင့်ပါ တယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများဟာ နည်းပညာပေး လုပ်ငန်းများကို ကြိုးစားပမ်းစားဆောင်ရွက်နေကြသော်လည်း ဝန်ထမ်းအင်အား အားနည်းမှုကြောင့် လည်းကောင်း၊ ဘတ်ဂျက်ခွဲဝေနည်းပါးမှုကြောင့်လည်းကောင်း၊ ကွင်းလက်တွေ့ကျေးရွာအထိ ကျယ်ကျယ်ပြန့်ပြန့် ထိထိမိမိမဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ လယ်ယာသားငါးထုတ်လုပ် မှုပြဿနာအခက်အခဲများကို ဖြေရှင်းတတ်မှု၊ ဆောင်ရွက်မှုအားနည်းလာခြင်း၊ ရာသီဥတုဖောက်ပြန် မှုကြောင့် သီးနှံပျက်စီးမှုမဆုံးရှုံးစေရန် လူအစား စိုက်ပျိုးရေးစက်ကိရိယာများ အားကိုးအသုံးပြုဖို့ လိုအပ်ပါတယ်။ လယ်ယာအလုပ်သမားများ ရှားပါးလာမှုကြောင့် စက်ကိရိယာများ အကြွေးစနစ်နဲ့ နှစ်ရှည်နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့် ရောင်းချပေးဖို့လိုအပ်နေပါပြီ။ လက်ရှိလည်း ရောင်းချ နေပါတယ်။ သို့သော် ဝန်ကြီးဌာနအနေဖြင့် နှစ်တို၊ နှစ်ရှည်အကြွေးစနစ်ဖြင့် ရောင်းချမှုအားနည်း ကြောင်း ဒေသနှင့်ကိုက်ညီတဲ့စက်ကိရိယာများ တောင်သူများမှ လိုအပ်ဝယ်ယူချင်သော်လည်း ရောင်းချသည့် ရောင်းတဲ့ပုံစံစနစ်မကိုက်ညီသည့်အတွက် အများစုမှာ မဝယ်နိုင်ပါကြောင်း လေ့လာ တွေ့ရှိရပါတယ်။

**မူကြမ်း**

တစ်ခါတစ်ရံမှာ တောင်သူလယ်သမားများ မလိုအပ်၊ လိုအပ်မသိဘဲ ပိုးသတ်ဆေးများဖျန်းကြသဖြင့် ဓာတ်ကြွင်းအာနိသင်များ များပြားတဲ့ပုဂ္ဂိုလ်များ၊ နိုင်ငံခြားက Reject လုပ်ခံရတဲ့အထိဖြစ်လာသဖြင့် လယ်ယာသားငါးထုတ်လုပ်မှုအသိပညာ၊ နည်းပညာများကို စဉ်ဆက်မပြတ်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ဒါမှသာ စိုက်ပျိုးရေး၊ မွေးမြူရေးပစ္စည်းများကို ထုတ်လုပ်မှုအတွက် စနစ်တကျသုံးစွဲခြင်းဖြင့် နိုင်ငံခြားတင်ပို့နိုင်သောပစ္စည်းများထုတ်လုပ်နိုင်သည့်အပြင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခြင်းဖြင့် ထွက်ကုန်အထွက်နှုန်းများ၊ အရည်အသွေးများ တိုးတက်လာစေနိုင်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကျေးရွာတစ်အုပ်စုလျှင် တစ်ဦးနှုန်း တောင်သူနည်းပညာပေးရေးသင်တန်းများတစ်မြို့နယ်လျှင် အနည်းဆုံး လူ ၅၀ ဦးနှုန်းခန့်အပ်ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးအခြေခံခိုင်အောင်၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်တည်ငြိမ်အောင် ဆောင်ရွက်နေဖို့လိုအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည်ယခင်က လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဌာနလေးခုပေါင်းစပ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အရေးကြီးဆုံးသော၊ အခြေခံအကျဆုံးသော ၇၀ ရာခိုင်နှုန်းအားကိုးထားရတဲ့ ဌာနကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဌာနဟာ ဖွဲ့စည်းမှု (Structure)၊ နည်းစနစ်(System)၊ စီမံခန့်ခွဲမှု(Management)နှင့် ထုတ်လုပ်မှု(Production) အချက်လေးချက်ကို ချိတ်ဆက်မိမိ မှန်ကန်စွာပူးပေါင်းဆောင်ရွက်မှသာ လယ်ယာသားငါးကဏ္ဍတိုးတက်လာမည်ဖြစ်ပါတယ်။ ဌာနပေါင်းထားသော်လည်း လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အားနည်းလျှင် တိုးတက်မှုအားနည်းစေပါတယ်။ လယ်ယာသားငါးကဏ္ဍ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ဒေသအလိုက် (Production Workers)ထုတ်လုပ်မှုကျွမ်းကျင်ဝန်ထမ်းများ၊ (Production Supervisors) ထုတ်လုပ်မှုပညာရှင်များ၊ (Production Managers)ထုတ်လုပ်ရေးမန်နေဂျာများကို စနစ်တကျဖွဲ့စည်းပုံရေးဆွဲ၍ ကျေးရွာအုပ်စုအလိုက် တာဝန်ပေးဆောင်ရွက်ခြင်းဖြင့် ကျေးလက်လူထုရဲ့ထုတ်ကုန်များကို အနီးကပ်တိုင်ပင်ဆွေးနွေးဖြေရှင်းခြင်းဖြင့် အနီးကပ်ကြီးကြပ်မှုဖြင့် အမှားနည်း၍ထုတ်လုပ်မှုများလာနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

မြို့နယ်/တိုင်းဒေသအလိုက် ဈေးကွက်ဝင်သီးနှံများကို မြို့နယ်စံပြစိုက်ကွင်းစိုက်ကွက်များ စိုက်ပျိုးပြသ၍ လက်တွေ့နည်းလမ်းတကျ သင်ကြားဆောင်ရွက်ဖို့ အများအပြားလိုအပ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲတိုးတက်ရေးလုပ်ဆောင်ရာတွင် လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှုကို လျစ်လျူရှုပစ်မထားဘဲ အဓိကထား၍ အခြေခံအားပြုဆောင်ရွက်မှသာ လယ်ယာသားငါးကဏ္ဍတိုးတက်ပြီး နိုင်ငံတော်အတွက် စနစ်တကျမှန်ကန်စွာ တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါတယ်။ နိုင်ငံခြားသို့တင်ပို့စေရန် ဈေးကွက်ဝင်သီးနှံအမျိုးအစားသစ်များ သုတေသနစမ်းသပ်ဖော်ထုတ်ခြင်းကို အားပေးဆောင်ရွက်ဖို့လိုအပ်သလို နိုင်ငံခြား(Export)တင်ပို့နိုင်ရန် ဈေးကွက်ဝင်သီးနှံများ ဒေသအလိုက်သုတေသနများစမ်းသပ်ပြီး သင့်လျော်သော(Export)သီးနှံများကို Mark Production ပိုမိုထုတ်လုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ လယ်ယာသားငါးကဏ္ဍ စနစ်တကျ လက်တွေ့ကျမူဝါဒလုပ်ငန်းစဉ်များ၊ နည်းစနစ်များရေးဆွဲ၍ သင့်တော်သောစီမံကိန်းများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်ရဲ့အဆိုဖြစ်သော လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့တင်ပို့နိုင်စေရန် သုတေသနနှင့်တိုးချဲ့ထုတ်လုပ်ရေးစနစ် (Research and Extension System)ပိုမိုအားပေးဆောင်ရွက်ပါလို့ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားတန်ဖိုးထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်ရဲ့ လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ် (Research and Extension System)ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာသားငါးကဏ္ဍထုတ်ကုန်များ ပိုမိုထုတ်လုပ်ဆောင်ရွက်နိုင်ဖို့ဆိုရင် ငွေကြေးအရင်းအနှီးလုံလောက်ဖို့၊ နည်းပညာများနားလည်ဖို့၊ တည်ငြိမ်တဲ့ဈေးကွက်ကိုက်တဲ့ ဈေးကွက်ရရှိဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှထွက်တဲ့ သီးနှံမျိုးစုံရှိနေပါတယ်။ အဓိကစိုက်ပျိုးနေတဲ့ ဆန်စပါးအနေနဲ့ ပြည်တွင်းစားသုံးမှုဖူလုံတဲ့အပြင် ပိုလျှံဆန်များကို နိုင်ငံတကာသို့တင်ပို့ရောင်းချတဲ့ အနေအထားရှိပါတယ်။ အလားတူပဲမျိုးစုံကိုလည်း မြောက်မြားစွာစိုက်ပျိုးထုတ်လုပ်ကြတဲ့အတွက်ကြောင့် ပြည်ပသို့တင်ပို့ရောင်းချကြပါတယ်။ တောင်သူလယ်သမားများအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်အထွက်တိုးအောင် ဆောင်ရွက်ကြပေမဲ့ သွင်းအားစုကကြီးမြင့်၊ ဈေးကွက်ကတွက်ခြေမကိုက်တော့ သီးနှံထုတ်လုပ်မှုကျဆင်းပါတယ်။ အလားတူ သားငါးကဏ္ဍမှာလည်း အစာဈေးနှုန်းကကြီးမြင့်၊ သားငါးသမားတွေလည်းသိပ်တွက်ခြေမကိုက်ကြပါဘူး။ ဒါကြောင့်မို့ တာဝန်ရှိသူအားလုံးက လယ်ယာသားငါးကဏ္ဍပိုမိုထုတ်လုပ်နိုင်ဖို့ဆိုရင် ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့်ဈေးကွက်ကို ဖန်တီးပေးရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အထွက်နှုန်းကောင်းဖို့ဆိုရင် လယ်ယာကဏ္ဍမှာ ရာသီမှန်ဖို့လိုပါတယ်။ မျိုးကောင်းမျိုးသန့်ရရှိဖို့လိုအပ်ပါတယ်။ အထူးအထွက်ကောင်းမျိုးတွေ သုံးနိုင်ဖို့လိုအပ်ပါတယ်။ နည်းစနစ်ကောင်းတွေလိုအပ်ပါတယ်။ မြေဩဇာသုံးစွဲမှု အချိုးအစားမှန်ဖို့လိုအပ်ပါတယ်။ ရိတ်သိမ်းချိန်လွန်နည်းပညာများ ရရှိဖို့လိုအပ်ပါတယ်။ သီးနှံမျိုးစုံဟာ အပင်သန်၊ အသီးကောင်းနေရုံနဲ့ မရပါဘူး။ ဈေးကွက်ဝင်သီးနှံဖြစ်ဖို့ လိုအပ်ပါတယ်။ စပါးရိတ်သိမ်းရာမှာမောင်းညိုချိန်ရိတ်သိမ်းရမည်ဖြစ်သော်လည်း စပါးကျွန်းမှရိတ်သိမ်းခဲ့ရင် အလေအလွင့်တွေများစွာဖြစ်ပေါ်ပါတယ်။ နေကျွမ်းခြင်း၊ ရေကျွမ်းခြင်း၊ ဓာတ်မြေဩဇာကျွမ်းခြင်းဆိုတဲ့ အဖြစ်မျိုးနဲ့ကြုံခဲ့ရင်တော့ သီးသလောက်မရပါဘူး။ လယ်ကွင်းထဲမှာပဲ အလေအလွင့်များစွာကျန်ခဲ့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထွက်နှုန်းကောင်းဖို့၊ အရည်အသွေးကောင်းဖို့ဆိုရင် နည်းပညာရှိဖို့ အထူးလိုအပ်ပါတယ်။ တောင်သူလယ်သမားတွေကိုလည်း နည်းပညာရပ်များပို့ချပေးဖို့ အမှန်တကယ်လိုအပ်ပါတယ်။ ကျေးရွာအုပ်စုတိုင်းမှာ စိုက်ပျိုးရေးဌာနဝန်ထမ်းတွေ ရှိနေဖို့လိုအပ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ဥရောပနိုင်ငံများသို့ ပင်လယ်ပြင်နှင့်မွေးမြူရေးကန်များမှ ရေထွက်ကုန်ပစ္စည်းများကို တင်ပို့ခွင့်ရနေပြီဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံများကသတ်မှတ်ထားတဲ့စံချိန်စံညွှန်းများနဲ့အညီ တင်ပို့နိုင်ရန်လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ငါး၊ ပုစွန်မွေးမြူသူများက EU စံချိန်စံညွှန်းများနှင့်အညီ မွေးမြူနိုင်ရေး၊ ၎င်းတို့လိုလားတဲ့ မွေးမြူရေး

ထွက်ကုန်ဖြစ်ရေးနှင့် ရေထွက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစေရန် အရေးကြီးတဲ့ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး၊ လေ့ကျင့်ရေးစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ EU ကို ငါး၊ ပုစွန်၊ ကဏန်း စတဲ့သဘာဝမွေးမြူရေးထွက်ကုန်တွေ ပို့လို့ ရနေပြီဖြစ်ပါတယ်။ ရန်ကုန်မြို့ကရေချိုငါး၊ ဧရာဝတီမြို့ကရေချိုငါး၊ ပုစွန်ကြားနဲ့ ပုစွန်ဖြူ ကဏန်း ပျော့၊ တနင်္သာရီမြို့က ကဏန်းပျော့ အစရှိတာတွေကို အထူးပြုတင်ပို့ရမယ်ဆိုတော့ စံချိန်စံညွှန်း သတ်မှတ်ချက်တွေအတိုင်း လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ ယခုလို EU အသိအမှတ်ပြု တင်ပို့ခွင့် ရလာမှုကိုအသုံးချပြီးတော့ မြန်မာ့ရေထွက်ကုန်ပစ္စည်း ပိုမိုတိုးတက်လာဖို့ တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဗီယက်နမ်နိုင်ငံဟာဆိုရင် ရေထွက်ကုန်ပစ္စည်းဈေးကွက် ကို နှစ်စဉ် ၅၀ ရာခိုင်နှုန်းခန့် တင်ပို့နေတဲ့အတွက် သွားရောက်လေ့လာသင့်ပါတယ်။ ဗီယက်နမ်နိုင်ငံ က ငါးရှဉ့်အစုံ ၂၀၀ ကိုလည်း တင်သွင်းပြီးတော့ သားဖောက်သုတေသနလုပ်မယ်လို့လည်း သိရှိရပါ တယ်။ မြန်မာ့ငါးရှဉ့်ကိုလည်း တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံကို တင်ပို့နေရကြောင်းကိုလည်း သိရှိပါ တယ်။ ဒါကြောင့်မို့လို့ သုတေသနလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ဖို့နဲ့ သုတေသနပညာရှင် များတိုးချဲ့ခန့်ထားဖို့၊ သုတေသနလုပ်ငန်းများမှာ ဘတ်ဂျက်မှာပိုမိုသုံးစွဲဖို့ အကြံပြုတင်ပြအပ်ပါ တယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာမှ အထွက်ကောင်းဖို့၊ အရည်အသွေးကောင်းဖို့ဆိုတာထက် ရောဂါပိုးမွှားအန္တရာယ်မှာလည်း ကင်းဝေးဖို့လိုအပ်ပါတယ်။ တောင်သူတွေအနေနဲ့ မိမိသီးနှံမဆုံးရှုံးစေရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ ပိုးသတ်ဆေး၊ မှိုသတ် ဆေးတို့နဲ့ ကုစားကြပါတယ်။ ထိရောက်တဲ့ဆောင်ရွက်မှုမရှိကြတဲ့အတွက် သီးနှံများဆုံးရှုံးကြပါတယ်။ သီးနှံတစ်မျိုးချင်းကိုလိုက်ပြီးတော့ ရောဂါနှင့်ပိုးမွှားများကလည်း များစွာပဲကွာခြားပါတယ်။ ဥယျာဉ် သီးနှံခြံများအတွက် ဒုက္ခအပေးဆုံးကတော့ သီးထိုးယင်ပဲဖြစ်ပါတယ်။ အိတ်စွပ်ခြင်း၊ ထောင်ချောက် ထောင်ဖမ်းခြင်း၊ ဆေးဖျန်းခြင်းတို့ဆောင်ရွက်ကြရပါတယ်။ ဒီလိုမှမလုပ်ခဲ့ရင်လည်း သီးနှံတစ်ခုလုံး သုံးမရတဲ့အထိ ဆိုးရွားလှပါတယ်။ အလားတူ ဖီးကြမ်းငှက်ပျောပင်မှာလည်း ခေါင်းကွဲရောဂါ၊ ခေါင်းပုတ်ရောဂါဟာ ခြံရဲ့ ၄၀ ရာခိုင်နှုန်းလောက်ကို ပျက်စီးစေပါတယ်။ ကုစားလို့မရပါဘူး။ ဟင်းသီးဟင်းရွက်တိုင်းကိုလည်း ပြင်းထန်တဲ့ပိုးသတ်ဆေးများကို တစ်ပတ်တစ်ခါပတ်ဖျန်းနေကြပါ တယ်။ ဓာတ်ကြွင်းမကျန်အောင်လုပ်ဖို့ ခဲယဉ်းပါတယ်။ ကွမ်းစိုက်တောင်သူတွေအနေနဲ့လည်း ကွမ်းမှာဖြစ်လေ့ဖြစ်ထရှိတဲ့ ဒေသအခေါ် စီဆင်းရောဂါ၊ ရိုးမဆစ်ပြုတ်၊ ဒေါင်းမီးကွက်၊ ပင်လိမ်

ရောဂါစတဲ့ ရောဂါများကို ပြင်းထန်တဲ့ဆေးတွေနဲ့ ကွမ်းခူးပြီးတိုင်း ၁၀ ရက်၊ ၁၅ ရက်တစ်ကြိမ် ပက်ဖျန်းနေကြပါတယ်။ ဒီအချက်တွေကိုကြည့်မယ်ဆိုရင် တောင်သူတိုင်းဟာ ပိုးမွှားရောဂါကိုလည်း နားမလည်သလို ပိုးသတ်ဆေးရဲ့သဘောသဘာဝကိုလည်း မသိရှိနိုင်တဲ့အတွက် ဒီလိုအချက်တွေကို တောင်သူတိုင်း သင်တန်းပေးပို့ချရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဌာန ကွမ်းဝန်ထမ်းတွေကိုလည်း အလုံအလောက်ထားရှိပေးရမှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာတော့ ဌာနဝန်ထမ်းကနည်းတော့ စိုက်ကွင်းအနေအထားနဲ့ မျှတမှုမရှိပါဘူး။ စိုက်ပျိုးရေးဌာနအနေနဲ့ ဝန်ထမ်းများကို တိုးချဲ့ခန့်ထား နိုင်ဖို့ အကြံပြုတင်ပြအပ်ပါတယ်။ ယခုအခါမှာ အပင်တိုင်းလိုလို ဓာတ်မြေဩဇာများ၊ အပင်အားတိုး ဆေးများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ အလွန်အကျွံသုံးစွဲလာကြတာကို တွေ့ရှိရပါတယ်။ ဓာတုဆေးများဟာ ဓာတ်ပြိုကွဲမှုမရှိဘဲ ဓာတ်ကြွင်းအာနိသင်များတဲ့ ဆေးများနဲ့ ဓာတ်ပြိုကွဲမှု မြန်သော်လည်း အဆိပ်သင့်မှုပြင်းထန်တဲ့ဆေးများ ပါဝင်နေပါတယ်။ ဓာတ်ကြွင်းအာနိသင်ရှိတဲ့ ဆေးများဟာ တစ်နေရာမှတစ်နေရာသို့ မိုင်ပေါင်းများစွာ ရွေ့လျားနိုင်ပါတယ်။ တစ်နည်းအားဖြင့် သက်ရှိတို့ရဲ့ ခန္ဓာကိုယ်ထဲဝင်လာပြီး အဆီတစ်သျှူးများမှာစုပုံလာပြီး အဆိပ်သင့်မှုကိုဖြစ်ပေါ်စေပါ တယ်။ ဓာတုဆေးများရဲ့ ခန္ဓာကိုယ်ထဲဝင်ရောက်မှုနှုန်းကို အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယား ပြည်နယ်က ဆေးတက္ကသိုလ်ပါမောက္ခ ဒေါက်တာဟိုအက်မာဘတ်က ပါလာသီရွန်ဓာတုပိုးသတ်ဆေး ခန္ဓာကိုယ်အတွင်းဝင်ရောက်မှုကို စမ်းသပ်ခဲ့ရာ လက်ဖျန်မှ တစ်မိနစ်ကို နှစ်ရာခိုင်နှုန်း၊ ၁၅ မိနစ်မှာ ငါးရာခိုင်နှုန်း၊ တစ်နာရီမှာ ရှစ်ရာခိုင်နှုန်း၊ ရှစ်နာရီမှာ ၁၆ ရာခိုင်နှုန်းဝင်ရောက်ပြီးတော့ နဖူးပြင်မှာ ဆိုရင်တော့ အဲဒီရဲ့ ခုနစ်ဆ၊ ဦးခေါင်းမှဝင်မယ်ဆိုရင်တော့ အဲဒီရဲ့လေးဆရှိကြောင်းကို တွေ့ရှိရတဲ့ အတွက်ကြောင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများဟာ အင်မတန်မှအန္တရာယ်များတဲ့ အတွက်ကြောင့် သုံးစွဲသူကိုယ်တိုင် နားလည်တတ်ကျွမ်းမှသာ ဘေးဥပဒ်မဖြစ်နိုင်တဲ့အပြင် စားသုံးသူ များအတွက်ပါ အန္တရာယ်ကင်းဝေးနိုင်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာမှာလည်း (Reject) ငြင်းပယ်မှုများမှကင်းဝေးပြီး ပိုမိုအဆင်ပြေနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှုအနေနဲ့ အထွက်တိုးကောင်းဖို့၊ အရည် အသွေးမြင့်မားဖို့၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းဖို့ဟာ ထုတ်လုပ်သူတောင်သူလယ်သမားတိုင်း စနစ်တကျဆောင်ရွက်တက်ဖို့လိုအပ်ပါတယ်။ အရည်အသွေးမြင့်မားတဲ့၊ အန္တရာယ်ကင်းရှင်းတဲ့ ထုတ်ကုန်ဖြစ်မှသာ ပြည်တွင်းစားသုံးမှုရော၊ ပြည်ပမှာပါကောင်းမွန်တဲ့ တွက်ခြေကိုက်တဲ့ ဈေးကွက်ကို ရရှိမှာဖြစ်ပါတယ်။ တာဝန်ရှိကြတဲ့ အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ၊ ကုမ္ပဏီများ၊ ထုတ်လုပ်သူတောင်သူ

လယ်သမားများ ပေါင်းစပ်ပြီး ထုတ်ကုန်အရည်အသွေးမြင့်မားဖို့ ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အစိုးရက စီမံခန့်ခွဲမယ်၊ ဌာနဆိုင်ရာတွေက ပညာပေးမယ်၊ သုတေသနပြု စမ်းသပ်တီထွင်မယ်၊ ကုမ္ပဏီများက အရင်းအနှီးထောက်ပံ့မယ်၊ ဈေးကွက်ရှာပေးမယ်၊ တောင်သူတွေကိုယ်တိုင်က စိုက်ပျိုးလုပ်ကိုင်ကြမယ်ဆိုရင် အရည်အသွေးပြည့်မီတဲ့ သီးနှံနှင့်သားငါးများရရှိပြီး၊ လယ်ယာသားငါးကဏ္ဍကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်ထုတ်စွမ်းအားလည်း မြင့်မားတိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့် မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်းရဲ့ လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့တင်ပို့နိုင်ရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်(Research and Extension System)ကို ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအားထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသော လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်(Research and Extension System)ကို ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့

၃၁-၅-၂၀၁၉ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံ၏အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၈-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံ၏အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၀ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဝေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံပါ။ အဲဒီတော့ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုတာကလည်း ကျေးလက်နေတောင်သူတွေဟာ အမြဲတမ်းတွဲလုပ်နေကြပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးတိုးတက်ဖို့ဆိုရင် အသေးစားရော၊ အလတ်စား

ရော၊ စီးပွားဖြစ်ရော၊ အကျိုးတူရော၊ ဖက်စပ်ရော အားလုံးကို ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ ဒါပေမဲ့ အဆိုရှင်ကတော့ ဒီနေရာမှာ တောင်သူဗဟိုပြုလို့ဆိုထားတဲ့အတွက် တောင်သူဗဟိုပြုရှုထောင့်ကနေပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ တောင်သူတွေဟာ စပါး၊ ပြောင်း၊ ပဲအမျိုးမျိုး၊ နှမ်းစသည်ဖြင့် စိုက်ကြပါတယ်။ မွေးမြူတဲ့သူတွေကလည်း ကြက်၊ ဘဲ၊ ဝက်၊ သား၊ ငါး စသည်ဖြင့် မွေးမြူကြပါတယ်။ အဲဒီတော့ ဝန်ကြီးဌာနအနေနဲ့လည်း ငါးနှစ်စီမံကိန်းတွေ၊ နှစ်အလိုက်စီမံကိန်းတွေ ချမှတ်ဆောင်ရွက် နေတာရှိပါတယ်။ ယခုအပတ်အတွင်းမှာပဲ ဆောင်ရွက်ခဲ့တဲ့ကိစ္စရပ်တွေလည်းပဲ အများကြီးဖတ်ရှုရ ပါတယ်။ ဒါဆိုရင် အဆိုရှင်က ဘာကြောင့်ဒီအဆိုကို တင်သလဲ။ သေချာနားထောင်ကြည့်လိုက်တဲ့ အခါမှာတော့ တောင်သူလယ်သမားတွေကို တိုးတက်စေလိုတဲ့ အဆိုရှင်ရဲ့စေတနာကို သွားပြီးမြင်ရပါ တယ်။ စီမံကိန်းတွေချမှတ်ထားပေမဲ့ အဖြေရလဒ်ချဉ်းကပ်မှု (Result Base Approach) အနေနဲ့ ဆိုရင် တောင်သူတွေဘဝဟာ ထင်သလောက်တိုးတက်မလာသေးပါဘူး။ အကြွေးတွေရှိနေ တုန်းပါပဲ။ အဲဒီတော့ စိုက်ပျိုးရေးရော၊ မွေးမြူရေးရော ခြောက်မိနစ်အတွင်းမှာ အဆင်ပြေအောင် ဆွေးနွေးရ ရင်တော့ အဓိကနှစ်မျိုးစလုံးမှာရှိတဲ့ မျိုး၊ မြေ၊ အရင်းအနှီး၊ နည်းပညာနှင့် သွင်းအားစုတွေအပေါ်မှာ မူတည်ဆွေးနွေးရမှာ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ စိုက်ပျိုးမြေတွေဟာ ရှိနေပေမဲ့လို့ မွေးမြူရေး မြေတွေဟာ အကန့်အသတ်နဲ့ ဖြစ်နေပါတယ်။ အခုထက်ထိ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် မှာလည်း အခက်အခဲတွေနဲ့ ကြုံနေရတုန်းပါပဲ။ အဲဒီတော့ ငါးနည်းထဲမှာပဲ စဉ်းစားနေမယ့်အစား ဖောက်ထွက်နိုင်မယ့်နည်းတွေကိုလည်း ကျွန်တော်တို့စဉ်းစားဖို့လိုပါတယ်။

တောင်သူလယ်သမားတစ်ဦးချင်းရဲ့ ဘာစိုက်ချင်သလဲဆန္ဒတွေ။ ခေတ်အဆက်ဆက်အထွက် တိုးရေးကိုပဲ ဦးတည်ခဲ့တဲ့နေရာကနေပြီးတော့ အခုအခါမှာဆိုရင်တော့ GAP ဆိုတဲ့ Good Agricultural Practices၊ GAHP ဆိုတဲ့ Good Animal Husbandry Practices ဆိုတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကောင်းမွန်တဲ့ကျင့်စဉ်တွေနဲ့ မွေးနိုင်ဖို့၊ နောက် Law Enforcement ဆိုတဲ့ ဥပဒေရဲ့အကျိုးသက်ရောက်မှုရှိစေဖို့၊ အထူးသဖြင့် ကိုယ့်အိမ်ထဲကပစ္စည်းတွေ ဈေးပေါပေါနဲ့ သူခိုးဈေးနဲ့မထွက်ဖို့၊ သူများဆီက ပေါပေါပဲပဲပစ္စည်းတွေ ကျွန်တော်တို့ဆီ လက်လွတ်စပယ်ဝယ် မလာဖို့ ဥပဒေရဲ့အကျိုးသက်ရောက်မှုတွေ၊ အကန့်အသတ်တွေကိုလည်း ကျွန်တော်တို့ဂရုစိုက်ရမှာ ဖြစ်ပါတယ်။ အရေးကြီးကူနစ်စည်းနှင့် ဝန်ဆောင်မှုဥပဒေမှာဆိုရင် ကျွဲ၊ နွားတွေကို နိုင်ငံရပ်ခြားကို သယ်ပို့ခွင့်ပြုပေမဲ့လည်း ပြည်တွင်းမှာ အခုထက်ထိ အကန့်အသတ်၊ အတားအဆီးနဲ့ ရှိနေပါသေး တယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာဟာ Research and Development အမြဲတမ်းတွဲနေပါတယ်။

မြေကြီးတွေ၊ မျိုးတွေ၊ နည်းပညာတွေတင် Research လုပ်မနေဘဲနဲ့ Market Research တွေပါ ဈေးကွက်သုတေသနတွေမှာလုပ်ဖို့ လိုအပ်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုဈေးကွက်တွေကနေပြီး တော့ ကိုယ့်တိုင်းပြည်က တကယ်ရောင်းချနိုင်တဲ့ နိုင်ငံခြားထွက်ကုန်တွေကို ရရှိမယ်။ ဘယ်နိုင်ငံက ရော ရောင်းချနိုင်တဲ့၊ Export လုပ်နိုင်တဲ့ပစ္စည်းတွေကို ဝယ်ယူနိုင်သလဲ၊ လိုအပ်နေသလဲဆိုဟာဟာ ကျွန်တော်တို့အဖွဲ့ပေါင်းစုံကနေ ပူးပေါင်းရှာဖွေရမှာ ဖြစ်ပါတယ်။ NGO တွေ၊ INGO တွေ၊ UMFCCI တွေ၊ ဆန်ကုန်သည်ကြီးများအသင်း၊ ပဲကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်စသည်ဖြင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် သူတို့တွေကလည်း ဈေးကွက်ကို ရှာရမှာဖြစ်ပါတယ်။ သူတို့တွေရှာဖွေတဲ့နေရာမှာလည်းပဲ သူတို့တွေချည်း ရှာဖွေမယ့်အစား နိုင်ငံ ရပ်ခြားမှာ အခုဆိုရင် ကျွန်တော်တို့နိုင်ငံနဲ့ သံတမန်အဆက်အသွယ်ရှိတဲ့ နိုင်ငံတွေရှိပါတယ်။ မကြာ သေးခင်ကာလကလည်းပဲ စီးပွားရေးသံအရာရှိကိုးဦးလောက် ခန့်လိုက်တာ ဖတ်လိုက်ရပါတယ်။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ သံရုံးတွေရှိနေတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံက ဘာတွေရောင်းချနိုင်သလဲ။ ဘာတွေထုတ်လုပ်နိုင်သလဲ။ သက်ဆိုင်ရာနိုင်ငံတွေမှာလည်းပဲ ဘာတွေလိုအပ်နေသလဲ။ သူတို့နိုင်ငံရဲ့ လိုအပ်ချက်တွေကို ဘယ်လိုတင်ပို့ရောင်းချနိုင်မလဲဆိုတာ ဒီကလူတွေသွားစုံစမ်းတာထက်စာရင် သက်ဆိုင်ရာနိုင်ငံက သံရုံးတွေကပါ ကူညီအားဖြည့်ပေးမယ်ဆိုရင်တော့ ဒီအချက်ဟာ အင်မတန်ကို ဈေးကွက်ရှာဖွေရေးမှာ အောင်အောင်မြင်မြင်လုပ်ဆောင်နိုင်မယ့်အချက် ဖြစ်ပါတယ်။ ဒီအပြင် Research တွေအနေနဲ့လည်းပဲ တောင်သူတစ်ဦးချင်း ဘယ်သီးနှံကိုစိုက်ပျိုးရင်တော့ တစ်နှစ်ကြာရင်၊ ခြောက်လကြာရင် ဘယ်လောက်ထွက်မယ်။ အကျိုးအမြတ် ဘယ်လောက်ရရှိနိုင်တယ်။ နောက် မွေးမြူရေးလုပ်ငန်းမှာဆိုလည်း မိသားစုတစ်စု ကြက်သုံးကောင်မွေးထားရင် တစ်နှစ်ကြာရင် ဘယ်လောက်ရမလဲ။ နွားသုံးကောင်မွေးထားရင် ဘယ်လောက်ရမလဲ။ ဝက်နှစ်ကောင်မွေးထားရင် ဘယ်လောက်ရမလဲဆိုတဲ့ သုတေသနတွေပါ ပြုလုပ်ပြီးတော့ ဆောင်ရွက်ဖို့လိုအပ်တဲ့အတွက် အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်က မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းဖြစ်ပါတယ်။ နိုင်ငံရဲ့အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တိုနှစ်ရှည်

စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတွင် အရည်အသွေးတစ်ချက်၊ အရေးကြီးတဲ့ လုပ်ငန်းစဉ်သုံးချက်ပါရှိတာ တွေ့ရှိရပါတယ်။ ရည်ရွယ်ချက်ကတော့ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပြီး လုပ်ငန်းစဉ်ကတော့ တောင်သူဗဟိုပြုရန် စိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ နှစ်တို၊ နှစ်ရှည်စီမံကိန်းများဆောင်ရွက်ရန် အကောင်အထည်ဖော် အမြန်ဆုံးဆောင်ရွက်တိုက်တွန်းနိုင်ရန် ဒီအချက်သုံးချက် ရည်ရွယ်ချက်တစ်ချက်၊ လုပ်ငန်းစဉ်သုံးချက် ပါရှိတာကို ဒီအဆိုပေါ်မှာ ထောက်ခံအပ်ပါတယ်။

အဆိုရှင် ဦးတင်ထွေးဆွေးနွေးရာမှာ မြေသယံဇာတ၊ ရေသယံဇာတ၊ လုပ်သားသယံဇာတဆိုပြီးတော့ သုံးချက် ဖော်ပြထောက်ပြဆွေးနွေးသွားပါတယ်။ ၎င်းအပြင် ရာသီဥတုသယံဇာတကိုလည်း ပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်ဖို့ လိုအပ်သလို ဖောက်ပြန်တဲ့ရာသီဥတုဒဏ် ဖျက်စီးမှုကိုကာကွယ်ခံနိုင်ရန် ရာသီဥတုနှင့်လိုက်လျောညီထွေ စိုက်နည်းစနစ်များ ပညာပေးဖို့ လိုအပ်နေပါကြောင်း အလေးအနက်ထား တင်ပြဆွေးနွေးလိုပါတယ်။ တောင်သူလယ်သမားဗဟိုပြုစီမံကိန်းဆိုတာ တောင်သူတစ်ဦးစီ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် အခြေအနေကောင်းများဖန်တီးပေးရန် ထွက်ရှိလာတဲ့ သီးနှံများကိုလည်း ဈေးနှုန်းဈေးကွက် အာမခံထားရှိ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်က ထိန်းကျောင်းကြီးကြပ် ဆောင်ရွက်ပေးမှ ဖြစ်ပါမယ်။ ၎င်းအပြင် နိုင်ငံတော်မှ ဈေးနှုန်းဈေးကွက် ရှာဖွေဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

တစ်ဖက်ကလည်း လွတ်လပ်သော တောင်သူလယ်သမားသမဂ္ဂအဖွဲ့ချုပ်ကြီး ဖြစ်ပေါ်လာအောင်ဆောင်ရွက်ပြီး ၎င်းတို့အကျိုးကို ၎င်းတို့အဖွဲ့ကိုယ်တိုင် ဦးဆောင်ပြီး ဆောင်ရွက်နိုင်အောင် ပံ့ပိုးကူညီဖွဲ့စည်းဆောင်ရွက်ပေးဖို့ သင့်နေပါပြီလို့ တင်ပြလိုပါတယ်။ အဆိုရှင်မှာလည်း သီးနှံအာမခံထားရှိရေး၊ သီးနှံပျက်စီးမှုအာမခံထားရှိရေး၊ ဈေးနှုန်းဈေးကွက်အာမခံထားရှိရေး စသည်ကို လုပ်သင့်ကြောင်း ဆွေးနွေးသွားခြင်းအပေါ် ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်။ ၂၀၁၈ ခုနှစ် ပြီးခဲ့တဲ့နှစ်မှာ ဖရဲ၊ အစေ့ထုတ်ပြောင်း၊ ကြံ၊ အာလူး၊ ပဲမျိုးစုံ၊ သီးနှံစုံ ဈေးနှုန်းနိမ့်ကျ၍ အရှုံးပေါ်ခဲ့ရပါတယ်။ ဒါကြောင့် သီးနှံအာမခံထားရှိပေးမှုမရှိတဲ့အတွက် တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာမှာ ရင်တမမနှင့် စိုးရိမ်စိတ်များစွာနှင့် စိုက်ပျိုးနေရကြောင်း ကြားသိနေရပါတယ်။ အဆိုရှင်မှ ကျွဲ၊ နွားများ မွေးမြူထုတ်လုပ်ဖို့ တိုက်တွန်းသွားကြောင်း မထုတ်လုပ်ဘဲ ရှိတဲ့ ကျွဲ၊

**မူကြမ်း**

နွားများရောင်းချနေပါက စက်ကိရိယာအစားမထိုးနိုင်ခင် လယ်ယာကုန်ထုတ်လုပ်ငန်းများ ထိခိုက်လာစေမည်ဖြစ်ပါကြောင်း ဆွေးနွေးသွားတာကလည်း အထူးမှတ်သားစရာကောင်းပါတယ်။

တကယ်အဖြစ်အပျက်မှာလည်း ဒီအခြေအနေအတိုင်း ကိုက်ညီတာကိုလည်း တွေ့ရပါတယ်။ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု နည်းပါးလာသည့်အတွက် အဆိုရှင်ဆွေးနွေးချက်များဟာ လက်ရှိအခြေအနေနှင့် မှန်ကန်ကြောင်း ထောက်ခံအပ်ပါတယ်။ မြေသယံဇာတနှင့်ပတ်သက်၍ အစိုးရဌာန၊ ကုမ္ပဏီလုပ်ငန်းရှင်အဖွဲ့များဟာ မြေတွေရယူထားပြီး အကျိုးရှိရှိအသုံးချမှုနည်းပါးသည့်အတွက် မစိုက်ပျိုးသောမြေများ ပြန်လည်သိမ်းဖို့ နည်းဥပဒေနှင့်အညီ အမြန်ဆုံးဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ နှောင့်နှေးကြန့်ကြာခြင်းဟာ ယုံကြည်မှုကိုအားလျော့စေပြီး နိုင်ငံတော်ရဲ့စိုက်ပျိုးရေးထုတ်လုပ်မှုကို ထိခိုက်စေပါတယ်။

မတရားမြေသိမ်းစဉ်က အတင်းအဓမ္မရယူသိမ်းဆည်းပြီး စီမံကိန်းအကောင်အထည်မဖော်သော မြေများ၊ မူလတောင်သူများပြန်ပေးရန် နိုင်ငံတော် အကြီးအကဲများမှ အကြိမ်ကြိမ်သတိပေးလမ်းညွှန်သော်လည်း ယနေ့ထိ နှောင့်နှေးကြန့်ကြာ အချိန်ဆွဲနေကြောင်း လိုအပ်သလိုအရေးယူဆောင်ရွက်ဖို့လိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။ ရေသယံဇာတနှင့်ပတ်သက်၍ မြန်မာနိုင်ငံဟာ မြစ်၊ ချောင်း၊ အင်းအိုင်ပေါကြွယ်ဝပြီးတော့ ရေသွင်းဧရိယာပိုမိုတိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း၊ ရာသီဥတု ဖောက်ပြန်သော အခြေအနေတွင် ရေရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့်ဆောင်ရွက်ဖို့လိုအပ်သလို ရေကြီးနစ်မြုပ်သီးနှံပျက်စီးမှုမရှိအောင် မြစ်ကော၊ ချောင်းကော၊ မြောင်းကောများကို ကြိုတင်စီမံတူးထားရှိဖို့လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူသယံဇာတနှင့်ပတ်သက်၍ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံကျေးလက်ဒေသများတွင် စိုက်ပျိုးထုတ်လုပ်မှု နိမ့်ကျသည်နှင့်အမျှ လုပ်ငန်းကဏ္ဍအခွင့်အလမ်းများ နည်းပါးလာပြီး နိုင်ငံခြားသို့ မိသားစုလိုက် ရွှေ့ပြောင်းလုပ်ကိုင်ဆောင်ရွက်နေကြောင်း စိတ်မကောင်းစွာ ကြားသိနေရပါတယ်။ ကျေးလက်လူထုချမ်းသာမှ နိုင်ငံတော်ချမ်းသာစေပါတယ်။ ကျေးလက်လူထုချမ်းသာအောင် တောင်သူလယ်သမားဗဟိုပြု စိုက်ပျိုးမွေးမြူရေးစီမံကိန်းများ၊ သား၊ ငါးထုတ်လုပ်မှုကဏ္ဍ နှစ်တိုနှစ်ရှည်စီမံကိန်းများ စနစ်တကျရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း လုပ်ကွက်ငယ်၊ လုပ်ကွက်လတ်၊ တောင်သူလယ်သမားများကို နှစ်တိုနှစ်ရှည်ချေးငွေများ ထုတ်ချေးပေးဖို့ တောင်းဆိုနေပါကြောင်း၊ လိုအပ်နေပါ

ကြောင်း အသိပေးရင်း အဆိုရှင်ရဲ့ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို လေးစားတန်ဖိုးထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်ရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါသည်။]

**အချိန်၊ ၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၁ ကိုဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဦး(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး ဖြစ်ပါတယ်။ အခု ကျွန်တော် ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသော အဆိုရဲ့ရည်ရွယ်ချက်ဟာ နိုင်ငံတော်ရဲ့အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့နှေးအားနည်းနေခြင်းသည် နိုင်ငံတကာနှင့် ကုန်သွယ်မှုအခန်းကဏ္ဍမှာ ကုန်သွယ်ရေးလိုငွေတွေပြမှုအပေါ်မှာ မှီတည်နေပြီးတော့ ဒီကုန်သွယ်ရေးလိုငွေပြမှု

အပေါ် ပြန်လည်ဖြည့်ဆည်းဖို့အတွက် ပို့ကုန်ပစ္စည်းများပြန်လည်ထုတ်လုပ်ဖို့ ပို့ကုန်ပစ္စည်းပိုမိုထုတ်လုပ်တဲ့အခန်းကဏ္ဍလည်းပဲ တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ကြောင်း အစိုးရကိုတိုက်တွန်းထားတယ်လို့မြင်ပါတယ်။ ကျွန်တော်ကတော့ ပြည်ပပို့ကုန်ပိုမိုထုတ်လုပ်ရေးကဏ္ဍမှာ စိုက်ပျိုးရေးကဏ္ဍအပေါ်မှာအခြေခံပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုအားကောင်းအောင် ကဏ္ဍပေါင်းစုံမှ ကြိုးစားရုန်းကန်နေသောနိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ အဆိုရှင်ကတော့ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့အတွက် မြေသယံဇာတ၊ ရေသယံဇာတနှင့် လူသားသယံဇာတများ အလွန်ပေါများတယ်လို့လည်း ဆိုထားပါတယ်။ တကယ်တော့ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အခြေခံကျတဲ့သယံဇာတများ ပေါများဖူလုံရုံနဲ့ မပြည့်စုံပါဘူး။ ယင်းသယံဇာတများကို နည်းမှန်လမ်းမှန်နဲ့ အကျိုးရှိရှိအသုံးချနိုင်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အခြေခံစီးပွားရေးမူဝါဒမှာလည်းပဲ စိုက်ပျိုးရေးကိုအခြေခံပြီး တခြားသောစီးပွားရေးလုပ်ငန်းများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးလို့ဆိုထားပါတယ်။ စိုက်ပျိုးရေးကိုအခြေခံပြီးတော့ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မယ်ဆိုရင် တောင်သူများကို နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ ရင်းနှီးမြှုပ်နှံမှုငွေကြေး၊ စက်ကိရိယာ၊ သွင်းအားစုများ၊ နိုင်ငံတော်မှ ကူညီပံ့ပိုးဖို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က)နှင့် (ခ)မှာလည်းပဲ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏(က)အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်။ (ခ) စိုက်ပျိုးထုတ်လုပ်သည့်ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိအောင် ကူညီဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။ ပုဒ်မ ၂၉ မှာလည်းပဲ နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရမည်လို့လည်းဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ တောင်သူများကို စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းအားနည်းမှုကြောင့် မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အလွန်အကျွံသုံးစွဲကြပြီးတော့ ထွက်ရှိသီးနှံများ ဈေးကွက်မှ ရောင်းတမ်းမဝင်ဘဲနဲ့ ရသင့်ရထိုက်သောဈေးနှုန်းများ မရခြင်းကိစ္စရပ်များ ဖြစ်ပေါ်နေတာကိုလည်း တွေ့မြင်ရပါတယ်။ ဥပမာအားဖြင့် ဆန်စပါးကဏ္ဍမှာဆိုရင် မနက်က

ချက်ပြုတ်ထားတဲ့ထမင်းက ညနေမှာစား၍မသင့်တော်သောအနေအထားသို့ဖြစ်သွားခြင်း၊ ညနေမှာ ချက်ထားတဲ့ထမင်းက မနက်မှာစား၍မသင့်တော်သောအနေအထားဖြစ်သွားခြင်း၊ အဆိုးဆုံးကတော့ ပြီးခဲ့တဲ့လပိုင်းမှာ ကျွန်တော်တို့နိုင်ငံကနေပြီးတော့ ပြည်ပကိုတင်ပို့လိုက်တဲ့ဆန်သည် ပိုးသတ်ဆေး၊ မြေသြဇာများ လိုအပ်တာထက် ပိုမိုသုံးစွဲထားမှုကြောင့် စားသုံးရန်မသင့်ဟု မှတ်ချက်ပြုခြင်းခံရခြင်း ကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ စိုက်ပျိုးမြေများပိုမိုများပြားအောင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်နေချိန်မှာပဲ တစ်ဖက်က လယ်မြေများကို တခြားနည်းသုံးစွဲခွင့် တရားဝင်မရဘဲနဲ့ ဥပဒေမဲ့အဆောက်အဦများဆောက်လုပ်ခြင်း၊ အိမ်ခြံမြေများပြုလုပ်ခြင်း၊ ကန်များတူးဖော်ခြင်းစတဲ့ စိုက်ပျိုးမြေဆုံးရှုံးစေမှုများကိုလည်းပဲ ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ၊ အဆင်ပြေစွာ အသုံးပြုနိုင်ဖို့ စိုက်ပျိုးမြေများပိုမိုလာစေဖို့ မြေကွက်များကို ဧကကွက်များစနစ်တကျဖော်ထုတ်ပေးဖို့လည်း လိုပါတယ်။ ယနေ့ ကျွန်တော်တို့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှာဆိုရင် လယ်ကွက်တွေကို ဧကကွက်များ တွင်တွင်ကျယ်ကျယ် ဖော်ထုတ်အသုံးပြုနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့လယ်မြေအများစုဟာ လယ်တစ်ဧကကို အကွက် ၁၀ ကွက်ခန့်ထိ ရှိနေပါတယ်။ လယ်ကွက်ကိုပိုင်းခြားတဲ့လယ်ကန်သင်းကလည်း အနည်းဆုံး နှစ်ပေကနေ သုံးပေအထိ ရှိပြီးတော့ လယ်မြေရဲ့ တစ်ရာခိုင်နှုန်းကနေ သုံးရာခိုင်နှုန်းထိ နေရာယူထားပြီးတော့ စိုက်ပျိုးမြေဧကတွေလည်း လျော့စေပါတယ်။ လယ်မြေများကို စနစ်တကျ ဧကကွက်များဖော်သုံးနိုင်မည်ဆိုရင် တစ်နိုင်ငံလုံးမှာ စိုက်ပျိုးမြေဧကသည် တစ်ရာခိုင်နှုန်းကနေ သုံးရာခိုင်နှုန်းအထိ တိုးပွားလာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒါကိုလည်းပဲ တောင်သူများကို ဧကကွက်များ ဖော်ထုတ်ဖို့၊ ပညာပေးဆွေးနွေးဖို့ ပြောပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ စိုက်ပျိုးရေးဘဏ်များမှ စိုက်ပျိုးစရိတ်ထုတ်ချေးတဲ့ကိစ္စမှာလည်းပဲ စိုက်ပျိုးရေးဘဏ်များမှ လယ်သမားတစ်ဦးကို ၁၀ ဧကထက်ပိုပြီးတော့ စိုက်ပျိုးစရိတ်မထုတ်ချေးပါဘူး။ သာမန်အားဖြင့်တော့ ၁၀ ဧကအထက်ပိုင်ဆိုင်တဲ့လယ်သမားဟာ စိုက်ပျိုးစရိတ်စိုက်ထုတ်နိုင်တယ်လို့ထင်ရပေမဲ့ အများစုသောလယ်သမားများဟာ မိမိရဲ့ကြိုးစားအားထုတ်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် လယ်ဧကတိုးချဲ့ပိုင်ဆိုင်လာပေမဲ့ စိုက်စရိတ်ရင်းနှီးမြှုပ်နှံလောက်တဲ့အထိတော့ အဆင်မပြေပါဘူး။ ဒါကြောင့် ၁၀ ဧကအထက်ပိုင်ဆိုင်တဲ့လယ်သမားများအပေါ်မှာ ၁၀ ဧကအထိသာစိုက်ပျိုးစရိတ်ထုတ်ချေးမှုအပေါ်မှာလည်းပဲ ပြန်လည်စဉ်းစားသင့်ပါကြောင်း အကြံပြုလိုပါတယ်။ လယ်သမားများ

ကို မျိုးကောင်းမျိုးသန့်များ ပြည့်စုံလုံလောက်အောင် ထုတ်လုပ်ဖြန့်ဖြူးပေးဖို့နဲ့လယ်သမားများရဲ့ လယ်ထွက်မျိုးစပါးနဲ့ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်းသည် လယ်တစ်ဧကထွက်နှုန်းအပေါ်မှာ ၁၀ တင်းကနေ ၂၅ တင်းအထိကွာခြားတာကို တွေ့ရှိရပါတယ်။ ဒါကိုလည်းပဲ နိုင်ငံတော်အနေနဲ့ မျိုးကောင်းမျိုးသန့်များလုံလောက်အောင် စီစဉ်ပေးနိုင်ဖို့ အကြံပြုပါတယ်။ နိဂုံးချုပ်အနေနဲ့ နိုင်ငံရဲ့ ပြည်တွင်းထုတ်ကုန်ထုတ်လုပ်မှုမြင့်မားဖို့ဆိုရင် လက်ရှိအနေအတိုင်း အခြားသောစီးပွားရေးထုတ်ကုန်များ တိုးတက်အောင် ထုတ်လုပ်သလို မြေယာကိုအခြေပြုပြီးတော့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနဲ့ သားငါးထုတ်လုပ်မှုကို ရှေးယခင်ကနေ ယနေ့အထိ လုပ်ကိုင်လာခဲ့တဲ့ တောင်သူများကို ဗဟိုပြုပြီးတော့ တောင်သူများများလိုအပ်နေတဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုပေးမှု၊ မျိုးကောင်းမျိုးသန့်များ၊ နည်းပညာများ၊ သွင်းအားစုများကို နိုင်ငံတော်မှ နှစ်ရှည်နှစ်တိုစီမံကိန်းများရေးဆွဲပြီးတော့ ကူညီအကောင်အထည်ဖော်ပေးခြင်းအားဖြင့် ထုတ်ကုန်တန်ဖိုးများ မြင့်တက်လာပြီးတော့ နိုင်ငံတကာနဲ့ကုန်သွယ်မှုအခန်းကဏ္ဍမှာလည်း ကုန်သွယ်ရေးလိုငွေပြမှုအပေါ်မှာ ဖြည့်ဆည်းပေးနိုင်ဖို့ဖြစ်ကြောင်း ဆွေးနွေးရင်းနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်က ဦးကျော်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၈-၅-၂၀၁၉ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုကို ခြုံငုံသုံးသပ်ရရင် တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ တောင်သူလယ်သမားများကိုဗဟိုပြုတဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွေမှာ ငွေကြေးအရင်းအနှီးနှင့် နည်းပညာပံ့ပိုးပေးခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် ဈေးကွက်ဝေစုရရှိရေးနှင့် ပို့ကုန်တင်ပို့မှုတိုးတက်၍ လိုငွေကို လျှော့ချနိုင်ရေးအတွက် စီမံကိန်းရေးဆွဲပြီး ဖော်ဆောင်ပေးဖို့ အစိုးရကိုတိုက်တွန်းတဲ့အဆိုကောင်းတစ်ခုဖြစ်ပါတယ်။ လွှတ်တော်ထဲမှာ တောင်သူလယ်သမားတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ အဆိုတွေ၊ မေးခွန်းတွေနဲ့ ကိုယ်စားလှယ်တော်တော်များများဟာ ကြိုးစားပြီးတင်ပြတာတွေ၊ ဆွေးနွေးတာတွေကို ကြည့်ရရင် လယ်သမားများရဲ့ဘဝဟာ သိသိသာသာတိုးတက်လာဖို့ လိုနေသေးတယ်ဆိုတာကို မီးမောင်းထိုးပြနေတယ်လို့ ယူဆရပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရွာက ကျွန်တော့်ဦးကြီးနှစ်ယောက်က သူတို့မသေခင်မှာ ဆုတောင်းခဲ့ဖူးပါတယ်။ မဆလခေတ်ကပေါ့။ တစ်ဦးကကျေး/ဂျာစိုက်ပျိုးရေးဝန်ထမ်း၊ နှစ်ဦးစလုံးက လယ်သမားတွေပါ။ သူတို့ရဲ့တောင်သူအလုပ်မှာ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ကြိုးကြိုးစားစား လုပ်ခဲ့ကြတဲ့ သူတွေပါ။ ဒါပေမဲ့လုပ်သလောက်အကျိုးမခံစားရတဲ့အခါမှာ ဒေါမနဿဖြစ်ပြီးတော့ သူတို့ရဲ့ခံစားချက်တွေကို ယခုလိုပြောသွားခဲ့တာကို သတိရနေပါတယ်။ တစ်ဦးက သူသေပြီး လူပြန်ဖြစ်မယ်ဆိုရင် ဒီမိုကရေစီနိုင်ငံမှာ လူပြန်ဖြစ်ချင်တယ်တဲ့။ တစ်ဦးကတော့ ဖြစ်လေရာဘဝတိုင်းမှာ အုပ်စိုးသူဖြစ်ရပါလို၏တဲ့။ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ အဲဒီခေတ်ကလယ်သမားဖြစ်ရတာ အလွန်နိမ့်ကျလွန်းတဲ့အတွက် မိမိတို့ကိုယ်မိမိ တောင်သူလယ်သမားဖြစ်ရတာ ဂုဏ်မယူနိုင်တာဘဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသလိုပါပဲ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိကာလများဟာ တောင်သူလယ်သမားတွေရဲ့ဘဝတွေဟာ ခါးသီးလှပါတယ်။ ဈေးကွက်မလွတ်လပ်တာ။ လယ်ယာမြေပိုင်ဆိုင်ခွင့်ဆုံးရှုံးတာ။ လွတ်လပ်စွာကြေကွဲခွင့်မရတာတွေဟာ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေကြောင့်ဆိုရင် မမှားလောက်ပါဘူး။ စိုက်ကွက်တွေမမှန်လို့ စိုက်ပျိုးပြီးသားတွေကို မိမိကိုယ်တိုင်ပြန်ဖျက်ခဲ့ရတာတွေဟာ တောင်သူတွေရဲ့ရင်ထဲကို စူးဝင်ခဲ့တဲ့ ဆူးများဖြစ်ပါတယ်။ လွန်လေပြီးသောကာလက ဖြစ်ပါတယ်။ သို့သော် ယနေ့ပြည်သူကိုဗဟိုပြုတဲ့ ပြည်သူကိုမျက်နှာမူတဲ့ ခေတ်သစ်ကို ရောက်လာပြီဖြစ်ပါတယ်။ အတိတ်ကခါးသီးတဲ့ သင်ခန်းစာတွေကို ပြန်လည်သုံးသပ်ပြီး ယနေ့ခေတ်မှာ တောင်သူလယ်သမားတွေရဲ့ဘဝကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် အကူးအပြောင်းကာလမှာ အဆင်မပြေနိုင်တာတွေရှိနိုင်သော်လည်း ရေရှည်မှာတိုးတက်ဖွံ့ဖြိုးလာမယ်လို့ ယုံကြည်ပါတယ်။ တောင်သူတွေရဲ့ဘဝဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ ရှုန်းကန်ကြိုးစားအုံးမှာဖြစ်ပါတယ်။ လက်တွေ့မြေပြင်မှာခံစားနေရတဲ့ အခက်အခဲတွေကတော့ ဥပမာ- စိုက်ပျိုးပြီးချိန်လွန်မှ စိုက်ပျိုးစရိတ်ရတာတွေ၊ အခြေခံစပါးဈေးနှုန်းအောက်ဝယ်ယူမှုတွေ၊ နှစ်ချင်းဆပ်ချေးငွေတွေကြောင့် စပါးပေါ်ရာသီမှာ ထိန်းမထားနိုင်ဘဲ ဈေးနှိမ်ခံပြီးရောင်းချနေရတာတွေ၊ ကမ္ဘာ့ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်မထုတ်လုပ်နိုင်လို့ ဈေးကွက်ဝေစုမရတာတွေ၊ နယ်စပ်ကုန်သွယ်ရေးတစ်ဖက်စောင်းနင်းအနှိမ်ခံရတာတွေ၊ အရည်အသွေးနိမ့်ကျလို့ ဈေးကွက်အပိတ်ခံရတာတွေဟာ ယနေ့တောင်သူတွေရင်ဆိုင်နေရတဲ့ အခက်အခဲများဖြစ်ပါတယ်။ ဒါတွေကို ကျော်လွှားနိုင်ဖို့ဆိုရင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ဝင်တွေ၊ မြန်မာနိုင်ငံဆန်းစပါးလုပ်ငန်းရှင်အသင်း၊ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း၊ ယနေ့ဆန်တင်ပို့ခွင့်ရနေတဲ့ Export တွေ၊

တောင်သူလယ်သမားကိုယ်စားလှယ်တွေနဲ့ Cooperate ပူးပေါင်းဆွေးနွေး အဖြေရှာပြီးတော့ တောင်သူလယ်သမားဘ၀၊ လူမှုစီးပွားတိုးတက်ရေးအတွက် ကြိုးစားသင့်ပြီလို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ မွေးမြူရေးကဏ္ဍနှင့်စပ်လျဉ်းပြီး အကြံပြုတင်ပြချင်ပါတယ်။ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက် မွေးမြူရေးလုပ်ငန်းကတော့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ၀က်နှင့် ကြက်၊ ဘဲတိရစ္ဆာန်များဖြစ်ပါတယ်။ စပါးနှင့်တွဲဖက်မွေးမြူရတဲ့ငါး စပါးကတော့ World Bank ရဲ့ နည်းပညာအကူအညီနဲ့ စမ်းသပ်ဆဲကာလဖြစ်ပါတယ်။ သီးသန့်ငါးမွေးမြူရေးကဏ္ဍမှာ ကတော့ ငါးမွေးမြူရေးသမားများရဲ့လိုအပ်ချက်ဖြစ်တဲ့ လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရဖို့ အတွက် ယခင်ခေတ်ကာလက တူးပြီးသားငါးကန်များအတွက် သက်သာတဲ့ဒဏ်ကြေး အမြန်ဆုံး ဆောင်နိုင်ရေးကို မျှော်လင့်နေကြပါတယ်။ အသားစားနှင့်နို့စားအတွက် မွေးမြူရမည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူရေးဘက်မှာ လွန်စွာအားနည်းတာကို တွေ့ရပါတယ်။ ကျွဲ၊ နွားအက်ရှင်ဈေးကွက် မထိန်း နိုင်လို့၊ ပြည်တွင်း အသားထုတ်လုပ်ငန်းတွေ လျော့ကျလာလို့၊ ပြည်တွင်းဈေးကွက်မှာ အသားဈေးကြီး တာတွေ ရှိလာပါပြီ။ ၀က်မွေးမြူရေးကတော့ နေရာကျယ်လို့ မလိုအပ်ပေမဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ အတွက်ကတော့ ကျယ်ဝန်းတဲ့စားကျက်မြေတွေရှိဖို့ လိုပါတယ်။ အဲဒီအတွက် မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိတော့တဲ့ စာကျက်မြေဥပဒေကိုပြန်လည်ဆန်းစစ်ပြီး၊ ခေတ်နှင့်လျော်ညီအောင်ပြင်ဆင် ရေးဆွဲပြီး၊ အသားစားနှင့်နို့စားအတွက် ကျယ်ကျယ်ပြန့်ပြန့်မွေးမြူဖို့ လိုအပ်မယ်လို့ အကြံပြုလိုပါ တယ်။ ဒေသရင်းဖြစ်တဲ့ ကြက်နှင့်ဘဲမွေးမြူရေးကိုလည်း ဒေသအလိုက်၊ မွေးမြူရေးဇုန်အလိုက် ရင်းနှီး မတည်ငွေများ ထုတ်ချေးခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်၊ ပြည်ပလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးနှင့်တွဲဖက်လို့ရမည့် မွေးမြူရေးလုပ်ငန်းများ အခြားရာသီပေါ် သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် ဥပဒေများကို ဖြေလျှော့ပေးဖို့ လိုလိမ့်မယ်လို့ အကြံပြုလိုပါတယ်။ ဥပမာ-လယ်မြေမှာစပါးသီးနှံတင်မကဘဲ အခြားဈေးကွက်ဝင် ကြံနှင့်ပြောင်း၊ ငှက်ပျောများကို စိုက်ပျိုးနိုင်အောင် ဖြေလျှော့မှုတွေလုပ်ရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လူဦးရေအလွန်များပြားတဲ့ တရုတ်နှင့်အိန္ဒိယနိုင်ငံ နှစ်နိုင်ငံခြားမှာ ပထဝီအနေအထားအရ ရှိနေပါတယ်။ တရုတ်နိုင်ငံရဲ့ စားသုံးသူဈေးကွက်ကို လိုအပ်ချက်ဖြစ်တဲ့ သစ်သီးနှင့်အသားဈေးကွက်၊ ဆန်ဈေးကွက်တွေကို အထူးအောင်မြင်အောင်စိုက်ဖို့ လိုသလို အိန္ဒိယပြည်သူတွေရဲ့ စားသုံးသူဈေးကွက်ရဲ့အထူးလိုအပ်ချက်ကတော့ မတ်ပဲဖြစ်ပါတယ်။

ဈေးကွက်ရဲ့လိုအပ်တဲ့ ပမာဏလောက်ကို ဈေးကွက်သုတေသနပြုလုပ်ပြီး မိမိနိုင်ငံအတွက် ဒေသအလိုက်ဖြစ်ထွန်းမည့်သီးနှံများကို စိုက်ပျိုးတင်ပို့ဖို့လိုပါမည်လို့ အကြံပြုပါရစေ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကတင်ပြချက်များကို ခြုံငုံသုံးသပ်ရရင် အမျိုးသားဖွံ့ဖြိုးတိုးတက်ဖို့နှင့်တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ဖို့ ပြည်သူကိုဗဟိုပြုတဲ့ လွှတ်လပ်တဲ့နိုင်ငံရေးစနစ် ယခုထက်ပိုမိုထွန်းကားတိုးတက်မည်ဆိုရင် ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ အများစုတောင်သူလယ်သမားများရဲ့လိုအပ်ချက်များကို။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံရဲ့အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ တောင်သူကိုဗဟိုပြုတဲ့ စိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ နှစ်ရှည်၊ နှစ်တိုစီမံကိန်းရေးဆွဲဆောင်ရွက်ဖို့ တစ်နည်းအားဖြင့်လည်း မဟာဗျူဟာနည်းဗျူဟာမြောက် Policy များချမှတ်ဆောင်ရွက်ဖို့ တိုက်တွန်းတာပဲဖြစ်ပါတယ်။ အဆိုရှင်ရဲ့တိုက်တွန်းချက်ဟာ အလွန်မှန်ကန်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ဘာပဲလုပ်လုပ်ပြည်သူကို ဗဟိုပြုဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါးထုတ်လုပ်မှုတွေလုပ်ရာမှာလည်း တောင်သူတွေကိုဗဟိုပြုဆောင်ရွက်မှသာအောင်မြင်မှာပဲဖြစ်ပါတယ်။ ထုတ်လုပ်မှုတန်ဖိုးတွေမြင့်တက်ဖို့ Policy တွေချမှတ်ရာမှာ စိုက်ပျိုးမွေးမြူသူတွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေအရ အကာအကွယ်ပေးတာ၊ လိုအပ်ချက်တွေကို ပံ့ပိုးပေးတာ၊ ဈေးကွက်မြှင့်တင်ပေးတာတွေလုပ်ရန်လည်း လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ပြောသလို ကျွန်တော်တို့နိုင်ငံမှာ မြေသယံဇာတ၊ ရေသယံဇာတနှင့်လုပ်သားသယံဇာတတွေ အလွန်ပေါကြွယ်ဝပါတယ်။ အဲဒီကြွယ်ဝတဲ့သယံဇာတတွေကို စနစ်တကျတန်ဖိုးမြင့်အောင် အသုံးမချနိုင်ခဲ့တာ၊ အသုံးမချနိုင်သေးတာက ဆင်းရဲတွင်းနက်ရတဲ့ အကြောင်းအရင်းလည်းဖြစ်ပါတယ်။ ဒါဟာအကြီးမားဆုံးစိန်ခေါ်မှုဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းတစ်ရပ်လည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူတွေမှာ စပါးစိုက်ပျိုးမရတဲ့မြေ၊ ရေကြီးနစ်မြုပ်ကွင်းတွေမှာ ငါးကန်တွေတူးထားတာတွေရှိပါတယ်။ ခေတ်အဆက်ဆက်တရားဝင်

ဖြစ်ဖို့ လန ၃၉ လျှောက်ထားခဲ့ကြသော်လည်း အများစုဟာ တရားဝင်လုပ်ကိုင်ခွင့်မရခဲ့ကြသေးပါဘူး။ ခေတ်အဆက်ဆက်လက်သင့်ရာပဲ စားတော်ခေါ်ခဲ့ကြတာဖြစ်ပါတယ်။ မွေးမြူရေးလုပ်ကိုင်တဲ့ တောင်သူတွေဟာ တိုင်းပြည်ရဲ့နိုင်ငံခြားငွေနဲ့ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ဆောင်ရွက်နေကြသော်လည်း နိုင်ငံရဲ့ပံ့ပိုးမှု၊ ကာကွယ်ပေးမှုလည်းမရဘဲနဲ့ ကျီးလန့်စာစား ဆောင်ရွက်နေကြရပါတယ်။ တရားဝင်ဆောင်ရွက်ခွင့်၊ မြေအသုံးချခွင့်ရမှလည်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ကြမှာ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ငွေကြေးအရင်းအနှီးတွေကို ဖော်ဆောင်နိုင်ကြမှာဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက သင့်တင့်တဲ့ဒဏ်ငွေနဲ့ တရားဝင်ဆောင်ရွက်ပေးမယ်ပြောတာ ကြာခဲ့သော်လည်း အခုထိ မဆောင်ရွက်ပေးနိုင်သေးတာကြောင့် မွေးမြူရေးတောင်သူတွေမှာ မျှော်တလင့်လင့်နဲ့ စိုးရိမ်တကြီး ဖြစ်နေကြဆဲဖြစ်ပါတယ်။ စိုက်ပျိုးရန်မဖြစ်ထွန်းတဲ့မြေတွေကိုစိစစ်ပြီးတော့ မွေးမြူရေးအတွက် အခြားနည်းသုံးခွင့်ကိုရရှိအောင် အမြန်ဆုံးဆောင်ရွက်ပေးဖို့ ထပ်မံတိုက်တွန်းလိုပါတယ်။

Power Point သုံးခွင့်ပြုပါ။ ဒါကတော့ အိန္ဒိယမှာ တစ်နှစ်ကို စိုက်ပျိုးရေးပို့ကုန် အမေရိကန်ဒေါ်လာဘီလီယံ ၃၀ ကနေ ၆၀ အထိ ရဖို့လို့ သုံးနှစ်အတွင်းမှာ လျာထားတဲ့ Policy ကို Cabinet က ဆုံးဖြတ်အတည်ပြုခဲ့တာလည်းဖြစ်ပါတယ်။ ဒါကတော့ ငါးမွေးမြူတဲ့နိုင်ငံတွေနဲ့နှိုင်းယှဉ်သုံးသပ်ချက် ဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင် အတုယူစရာ၊ ပြင်စရာတွေလည်း အများကြီးရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတွေရဲ့ ရှေ့ကိုရောက်နေတဲ့လုပ်ဆောင်ချက်တွေကို ကျွန်တော်တို့အတုယူသင့်ပါတယ်။ ဒါကလည်း Forum တစ်ခုကနေပြီးတော့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲဖို့လိုအပ်တဲ့ မွေးမြူရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ အကြံပြုချက်တွေ၊ ဖော်ဆောင်ချက်တွေပဲ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ စိုက်ပျိုးမြေဧက ၂၉ သိန်းကျော် ရှိပြီးတော့ မွေးမြူရေးအတွက်က ၃၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီမွေးမြူရေးရှိတဲ့အထဲမှာ ၇၀၀၀ ကျော်ပဲ တရားဝင်လုပ်ကိုင်ခွင့်ရပါသေးတယ်။ ဒါကတော့ သနပ်ပင်မြို့နယ်ကနေပြီးတော့ ဘက်စုံမွေးမြူရေးဇုန်သတ်မှတ်ပြီးတော့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒါလည်း သနပ်ပင်မြို့နယ်က မွေးမြူရေးဇုန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်မှာ လယ်မြေဧကက နှစ်သိန်းကျော်ရှိပြီးတော့ မိုးစပါးက တစ်သိန်းခွဲခန့်၊ နွေစပါးက ဧကသုံးသောင်းခန့်စိုက်ပျိုးပါတယ်။ ငါးမွေးကန်ကတော့ ဧက ၇၀၀၀ ကနေပြီးတော့ ၈၀၀၀ ခန့်ထိရှိပါတယ်။ သနပ်ပင်မှာ ငါးလုပ်ငန်း၊ ငါးမွေးမြူရေး၊ ငါးပိ၊ ငါးချဉ်နဲ့ ဘဲ၊ ဘဲဥ ထွက်တာနာမည်ကြီးပါတယ်။ ဘက်စုံမွေးမြူရေးဇုန်အဖြစ် သတ်မှတ်ပေးဖို့ ဆောင်ရွက်

နေတာလည်း အလွန်ကြာနေပါပြီ။ ဖုန်အဖြစ်သတ်မှတ်ပေးပြီးတော့ တူးပြီးတဲ့ငါးကန်တွေကို အထက်မှာဖော်ပြခဲ့သလို ထိုက်သင့်တဲ့ဒဏ်ကြေးနဲ့ တရားဝင်ခွင့်ပြုပေးရန်လိုအပ်ပါတယ်။ ဒါမှသာ တစ်နေရာတည်းမှာ ငါး၊ ဘဲ၊ ကြက်၊ ဝက် စတဲ့သားငါးထွက်ကုန်တွေကို ထုတ်လုပ်ဖြန့်ချိနိုင်မှာပဲ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွက်လည်း ပြယုဒ်ဖြစ်သလို စီးပွားရေးဖွံ့ဖြိုးမှုနဲ့အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိကြမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးပဲလုပ်လုပ်၊ မွေးမြူရေးပဲလုပ်လုပ် တိုင်းပြည်ဝင်ငွေရရှိရေး၊ စားသုံးမှုဖူလုံရေးဖြစ်တဲ့အတွက် ထိထိရောက်ရောက်ပံ့ပိုးဆောင်ရွက် ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြံပြုချက်လေးတချို့တင်ပြချင်ပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖို့ဆိုလို့ရှိရင် (၁)အချက်ကတော့ တူးပြီးတဲ့ငါးကန်တွေကို သင့်တင့်တဲ့ဒဏ်ကြေးဆောင်ပြီး တရားဝင်မြေအသုံးချခွင့် အမြန်ဆောင်ရွက်ပေးသင့်ပါတယ်။ (၂)အချက်ကတော့ စိုက်ပျိုးမွေးမြူရေး ကဏ္ဍတိုးတက်ပြောင်းလဲရေးအတွက် အဓိကမောင်းနှင်အားဖြစ်တဲ့ ငါးမွေးမြူရေးလုပ်ငန်းကို အရှည် အမျှော်အမြင်ဖြင့် Policy ချမှတ်ဆောင်ရွက်သင့်ပါတယ်။ (၃)အချက်ကတော့ စံချိန်စံညွှန်းတွေ၊ အခြေခံအဆောက်အဦတွေ၊ ဓာတ်ခွဲခန်း၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးစတာတွေကို ဖော်ဆောင် ၍ ဈေးကွက်သစ်များ ရှာဖွေချိတ်ဆက်ပေးရန်လိုအပ်ပါတယ်။ (၄)အချက်က မိရိုးဖလာစိုက်ပျိုးမွေးမြူ ရေးမှ ဈေးကွက်ဝယ်လိုအား လိုအပ်တဲ့လိုအပ်မှုအတိုင်း ထုတ်လုပ်မှုကိုပြောင်းလဲမြှင့်တင်ရန်လိုအပ် ပါတယ်။ အားလုံးအကျိုးရှိမယ့် ဖွံ့ဖြိုးမှုပုံစံဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်များဖွံ့ဖြိုးတိုးတက်ဖို့ Policy ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာ ပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်သန်းနုဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမှာတော့ ကျွန်မအနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က နိုင်ငံရဲ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တိုနှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်က နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ တောင်သူများစိုက်ပျိုးရေး

နှင့် မွေးမြူရေးကို စီမံကိန်းများ ရေးဆွဲပြီး အကောင်အထည်ဖော်စေချင်တဲ့ဆန္ဒဖြစ်တဲ့အတွက် အလွန်ကောင်းမွန်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသောလူဦးရေဟာ ကျေးလက်နေပြည်သူများဖြစ်ကြပြီး မြေယာပေါ်အမှီပြု၍ ဆန်စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးခြင်းလုပ်ငန်းနှင့် သားငါးမွေးမြူခြင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများ ဖြစ်ပါတယ်။

အစိုးရအဆက်ဆက်က လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းခဲ့ကြပေမဲ့ ရာခိုင်နှုန်းအများစုဟာ လက်မှုလယ်ယာအဖြစ် ရှိနေကြသေးတာ တွေ့ရပါတယ်။ နေရာလုပ်ငန်းများအတွက် အလုပ်သမားရှားပါးတဲ့ပြဿနာတွေနဲ့လည်း ကြုံတွေ့နေကြရပါတယ်။ တောင်သူများအဆင်ပြေစေနိုင်ရန်အတွက် စက်ပစ္စည်းများ လိုအပ်လို့လာပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးစရိတ်များကို နှစ်တိုနှစ်ရှည်ချေးပေးရာမှာ ယခုထက်ပိုမိုလျင်မြန်လွယ်ကူဖို့ လိုတယ်လို့ အကြံပြုချင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်မှ တောင်သူများဟာ ယနေ့အချိန်အထိ လက်မှုလယ်ယာအဖြစ်သာရှိကြပြီး ကျွဲ၊ နွားများဖြင့်သာ ထွန်းယက်စိုက်ပျိုးနေကြဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွဲ၊ နွားစားကျက်မြေများဟာ ယခုအချိန်မှာ မရှိမဖြစ်လိုအပ်နေပြီး နိုင်ငံရဲ့ထုတ်ကုန်အတွက် မွေးမြူရာမှာလည်း စားကျက်မြေများကို ကျွဲ၊ နွားစားသုံးရန်နေရာအဖြစ် ထားရှိရန် အဓိက လိုအပ်ချက်ဖြစ်ပါတယ်။ အသားငါးကဏ္ဍအတွက် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ မွေးမြူရန်အတွက်လည်း စားကျက်မြေမှာ အဓိကဖြစ်နေပြန်ပါတယ်။ ကျွဲ၊ နွားများမွေးမြူရေးအတွက် အစီအမံများမရှိပါက ကျွဲ၊ နွားများ ရှားပါးပျောက်ကွယ်ပြီး လယ်ယာလုပ်ငန်းကို ထိခိုက်လာကာ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းမှာလည်း အောင်မြင်မှုရမှာ မဟုတ်ပါဘူးရှင်။ အဆိုရှင်က နိုင်ငံအနှံ့စားကျက်ကွင်းများ တည်ရှိနေတယ်လို့ ဆွေးနွေးထားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ ကျွန်မရဲ့မဲဆန္ဒနယ်ထဲက စားကျက်များအကြောင်း ဆွေးနွေးလိုပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးလည်း ကြယ်ပွင့်ပြမေးခွန်းလည်း မေးမြန်းထားပြီးဖြစ်ပါတယ်။ ကျွန်မရဲ့မြို့နယ်အတွက် နေရာအများစုဟာ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေတဲ့နေရာများဖြစ်ကြပါတယ်။ ကာကွယ်တောအတွင်း ကျရောက်နေတဲ့ နွားစာမြက်ခင်းများဟာ တောင်သူများပိုင်ဆိုင်တာမဟုတ်တဲ့အတွက် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနရဲ့ အရိပ်ရပင်စိုက်ပျိုးခြင်းကို နှစ်စဉ်ခံရပြီးတောင်သူများရဲ့ နွားစားကျက်အတွက် ထိခိုက်နေပါတယ်။ ဒီပြဿနာဟာ ဌာနနှင့် ပြည်သူအကြားအဖုအထစ်ဖြစ်နေပါတယ်။ အဓိကကတော့ ကျွဲ၊ နွားများကို လွတ်လပ်စွာနွားကျောင်းခွင့် ထွန်ဖြုတ်လာတဲ့နွားများကို စားကျက်အတွင်းမှာ လွတ်လပ်စွာသွားလာကျက်စားခွင့်မရ ဖြစ်နေကြပါတယ်။

ဒါကြောင့် ကျွဲ၊ နွားများအတွက် ဒါမှမဟုတ် တောင်သူများရဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်နိုင်ဖို့အတွက် ဒါမှမဟုတ် နိုင်ငံရဲ့အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ တောင်သူကိုဗဟိုပြု တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်နေတဲ့ စားကျက်ဟာ တောင်သူ များပိုင်ဆိုင်ဖို့ လိုနေပါတယ်။ မြေလွတ်၊ မြေရိုင်းမဟုတ်တဲ့အတွက် မြေလွတ်၊ မြေရိုင်းလျှောက်ဖို့ မလွယ်ဖြစ်နေရပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနကလည်း ကာကွယ်တောအတွင်း က စွန့်လွှတ်ဖို့ ဝန်လေးနေပါတယ်။ ဒါကြောင့် တောင်သူများအတွက် မရှိမဖြစ်လိုအပ်နေတဲ့ စားကျက် မြေကို ပိုင်ဆိုင်မှုရရှိအောင် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာကို သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ် ညှိနှိုင်းပေးစေလိုပါတယ်။ သို့မှသာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှာဖြစ်တယ်ဆို တာ မိမိမဲဆန္ဒနယ်ရဲ့ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်ကို တင်ပြရင်း အဆိုရှင်ရဲ့ တောင်သူဗဟိုပြုလုပ်ငန်း များဖြင့် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ဝင်ရောက်ဆွေးနွေးလိုက်ရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျန်းမာချမ်းသာကြပါ စေလို့လည်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင် တင်သွင်းထားတဲ့အဆိုကတော့ နိုင်ငံ၏အမျိုးသားစီးပွားတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေး နှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ပေး ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းလို့ တင်သွင်းထားတာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက် ပထမပိုင်းမှာ ဖော်ပြထားတာကတော့ လက်ရှိအခြေအနေမှာ နိုင်ငံရဲ့စီးပွားရေးကျဆင်းမှု ကြောင့် အသွင်ကူးပြောင်းရေးကာလဖြစ်စဉ်ကို အထိုက်အလျောက်ထိခိုက်မှုများလည်း ရှိနေပါတယ် လို့ သုံးသပ်တင်ပြထားတာတွေ့ရပါတယ်။ သတိပြုရမယ့်အချက်ပဲ ဖြစ်ပါတယ်။ ဒီအခြေအနေကို ကျော်လွှားနိုင်ဖို့အတွက် နိုင်ငံရဲ့စီးပွားရေးကဏ္ဍကို စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးအား

တိုးမြှင့်ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးနိုင်ရန် အကြံပြုတိုက်တွန်းထားတဲ့အဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စိုက်ပျိုးရေးလုပ်ဖို့အတွက် မြန်မာနိုင်ငံနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၊ မြို့နယ်အသီးသီးမှာ မိုးစပါးရိတ်သိမ်းပြီးကာလ နွေရာသီမှာဆိုရင် ရိုးပြတ်တောတွေ ဝင်းဝါနေတာ တစ်မျှော်တစ်ခေါ် ကျယ်ကျယ်ပြန့်ပြန့် ဒေသအများအပြားမှာ မြင်တွေ့ရပါတယ်။ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဧကပေါင်း သန်းနှင့်ချီပြီးရှိနေတာ ဖြစ်ပါတယ်။ မြေအမျိုးအစားကလည်း ဘာအပင်ပဲစိုက်စိုက် ဖြစ်ထွန်းအောင်မြင်တဲ့မြေတွေပဲ ဖြစ်ပါတယ်။ ဒီမြေကြီးတွေဟာ ဘိုးစဉ်ဘောင်ဆက်ထိန်းသိမ်းလာခဲ့လို့ တည်ရှိနေတာ ဖြစ်ပါတယ်။ တစ်လက်မအထိမခံအပြုတ်နှံမယ်လို့ ကြွေးကြော်ပြီးထိန်းသိမ်းလာခဲ့ရတဲ့မြေတွေပဲ ဖြစ်ပါတယ်။ အခုလည်းထိန်းသိမ်းနေရသလို နောင်များလည်း ထိန်းသိမ်းနေရဦးမယ့်မြေတွေပဲ ဖြစ်ပါတယ်။ ဒီလိုအစဉ်အဆက်လက်ဆင့်ကမ်းထိန်းသိမ်းနေရသော်လည်း မြေကိုအသုံးချစိုက်ပျိုးလုပ်ကိုင်ခြင်းမရှိတဲ့အတွက် မြေတွေလည်း အသုံးမကျဖြစ်နေရသလို အလုပ်အကိုင်အခွင့်အလမ်းရှားပါးပြီး လုပ်စရာရိုးပြတ်တောလယ်မြေတွေကို ကျောခိုင်းလျက် ပြည်ပတိုင်းပြည်များမှာ ရရာအလုပ်ကို လုပ်ကိုင်နေကြရတာ ရင်နာစရာကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စင်ကာပူနိုင်ငံဟာ ရန်ကုန်မြို့လောက်ပဲရှိတယ်လို့ မှတ်သားဖူးပါတယ်။ ဒီလိုမြေကြီးကျယ်ကျယ်ပြန့်ပြန့်မပိုင်ဆိုင်ပါဘူး။ အကယ်၍ပိုင်ဆိုင်လိုတယ်ဆိုပါက တောင်းယူလို့လည်းမရ၊ ဝယ်ယူလို့လည်းမရ၊ သိပ္ပံပစ္စည်းလို တီထွင်လို့လည်းမရ၊ သတ်ယူလို့လည်းမရတဲ့ခေတ်ကာလအခြေအနေမျိုးပဲ ဖြစ်ပါတယ်။ ဒီအခြေအနေမျိုးမှာ မိမိနိုင်ငံအနေနဲ့ ဘာပင်မဆိုစိုက်ပျိုးလို့ဖြစ်ထွန်းတဲ့မြေများ ကျယ်ကျယ်ပြန့်ပြန့်ပိုင်ဆိုင်ထားခြင်းဟာ ကြီးမားတဲ့အားသာချက်ပဲ ဖြစ်ပါတယ်။ ဒီမြေကြီးတွေမှာ ထွန်ယက်စိုက်ပျိုးဖို့အတွက် ကျွဲ၊ နွားလိုအပ်ချက်၊ စက်ကိရိယာလိုအပ်ချက်၊ လူလုပ်အားလိုအပ်ချက်များလည်း အပြည့်အစုံရှိနေပြီးဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ စားနပ်ရိက္ခာလိုအပ်ချက်ဟာလည်း တိုးတက်များပြားလျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ နွေရာသီမှာ ဝင်းဝါနေတဲ့ ရိုးပြတ်တောကို စိမ်းစိုနေအောင်စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့ရောင်းချပေးနိုင်မယ်ဆိုရင် တိုင်းပြည်ရဲ့လိုငွေပြမှုကိုလည်း ကျော်လွှားနိုင်တာဖြစ်ပြီး တောင်သူလယ်သမားများရဲ့စီးပွားရေးလည်း မြင့်တက်လာမှာ ဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် အဓိကလိုအပ်ချက်ဟာလည်း မြေနေရာပဲ ဖြစ်ပါတယ်။ တောတောင်မြေ၊ ဥယျာဉ်

မြေ၊ လယ်မြေ၊ ဒီရေရောက်မြေစသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်များများစားစားရှိနေတဲ့အတွက် မွေးမြူရေးနှင့်အသားငါးထုတ်လုပ်ရေးလုပ်ငန်းကိုလည်း တိုးမြှင့်ထုတ်လုပ်ပြီး တင်ပို့ရောင်းချပေးနိုင်မယ်ဆိုရင် နိုင်ငံရဲ့စီးပွားရေးလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ကမ္ဘာမှာ စက်မှုသိပ္ပံရော၊ စီးပွားရေးရော ဖွံ့ဖြိုးတိုးတက်မှုမှာ ထိပ်ဆုံးနိုင်ငံများဖြစ်တဲ့ အမေရိကန်၊ တရုတ်၊ ဂျပန်နိုင်ငံများတောင် မွေးမြူရေးလုပ်ငန်းကို လက်မလွှတ်ဘဲအားထားလုပ်ကိုင်နေကြတာ နမူနာယူသင့်ပါတယ်။ နိုင်ငံတော်အနေနဲ့ နည်းပညာအကူအညီနဲ့ ငွေကြေးအထောက်အပံ့များပေးတာ၊ ဈေးကွက်ကို ဖန်တီးချဲ့ထွင်ပေးမယ်ဆိုပါက မအောင်မြင်စရာမရှိဘူးလို့ ယုံကြည်မိပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအတွက်ရော၊ အသားငါးထုတ်လုပ်ရေးလုပ်ငန်းကိုပါ အခုရေတွင်းတူး၊ အခုရေကြည်သောက်ဆိုသလို လုပ်၍မရနိုင်သည့်အတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ပေးနိုင်ပါရန် အကြံပြုတိုက်တွန်းထားတဲ့အဆိုကောင်းတစ်ခုပဲ ဖြစ်ပါတယ်။ ဒီအဆိုကို အတည်ပြု၍ ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော်၍ ဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံအတွက် ကြီးမားတဲ့ကောင်းကျိုးရရှိမယ်ဆိုတာ ယုံကြည်တဲ့အတွက် ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအေးမင်း(ခရမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ဆွေးနွေးအကြံပြု ထောက်ခံသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေဖို့ စိုက်ပျိုးရေးနဲ့ သားငါးထုတ်လုပ်ရေးကဏ္ဍတွေမှာ အဓိကကျတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်တဲ့ တောင်သူတွေကိုယ်တိုင် အဓိကအခန်းကဏ္ဍတွေက ပါဝင်ဆောင်ရွက်မယ့်အစီအမံတွေကို ပြည်ထောင်စုအစိုးရ တာဝန်ရှိသူများက နှစ်တိုနှစ်ရှည် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးစေလိုတာဖြစ်ပါတယ်။ ဒီနေရာမှာ နှစ်တိုနှစ်ရှည်စီမံကိန်းဆိုတဲ့ နေရာမှာ အာမခံစနစ်နဲ့ပတ်သက်ပြီးတော့၊ နည်းပညာနဲ့ပတ်သက်ပြီးတော့၊ သွင်းအားစုနဲ့ပတ်သက်ပြီးတော့၊ ဈေးကွက်နဲ့ပတ်သက်ပြီးတော့၊ မြေအသုံးချမှုနဲ့ပတ်သက်ပြီးတော့ အထူးသဖြင့် မြေအသုံးချမှုမှာ အဆိုရှင်ပြောသွားတဲ့ စားကျက်မြေနဲ့ပတ်သက်ပြီးတော့ တိကျတဲ့ဆုံးဖြတ်ချက်တွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်တဲ့ သင့်တော်တဲ့အစီအမံတွေကို အမြန်ဆုံးချမှတ်ပေးဖို့လိုပါတယ်။ ကမ္ဘာနဲ့

တစ်ဝန်းမှာ ပြင်းပြင်းထန်ထန်ပြောင်းလဲလာနေတဲ့ ရာသီဥတုနဲ့ဈေးကွက်လိုအပ်ချက်များကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကြီးတွေမှာ မျိုး၊ စိုက်ပျိုးပုံ၊ ရေသွင်းရေထုတ်ပုံ၊ ရိတ်သိမ်းချွေလှေ့ပုံ၊ သိုလှောင်ရောင်းချပုံ စတာတွေနဲ့ပတ်သက်ပြီးတော့ လိုအပ်ချက်တွေကြောင့် တီထွင်ကြံဆလာတဲ့ နည်းပညာတွေနဲ့အတူ အပြောင်းလဲကြီး ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။ ဒီလိုနည်းစနစ်တွေ တိုးတက် ပြောင်းလဲလာတဲ့နဲ့အမျှ ကျွန်တော်တို့နိုင်ငံမှာလည်း ရှေးယခင်ပဝေသဏီကလို တောင်သူတစ်ဦးချင်းစီ သင့်ရာသင့်ရာ စိတ်ကူးအကြံဉာဏ်လေးနဲ့ မိရိုးဖလာ စိုက်ခဲ့၊ ပျိုးခဲ့၊ မွေးမြူခဲ့တဲ့ အစဉ်အလာအတိုင်း စိုက်ပျိုးမွေးမြူနေလျှင်တော့ တိုးတက်လာတဲ့နည်းပညာအကူအညီတွေရဲ့နောက်မှာ များစွာကျန်ရစ်ခဲ့ ပါတော့မယ်။ နိုင်ငံရဲ့ ကုန်သွယ်မှုလိုငွေကို ဖြည့်ဆည်းပေးဖို့ အနီးစပ်ဆုံး၊ အလွယ်ကူဆုံးနဲ့ အရိုးရှင်း ဆုံးကတော့ အဆိုရှင်ဖော်ပြခဲ့သလို ကိုယ့်နိုင်ငံမှာအပေါ်များဆုံးဖြစ်တဲ့ ရေ၊ မြေ၊ လူတို့နဲ့ အလိုက်ဖက်ဆုံး ဖြစ်တဲ့ စိုက်/မွေးကဏ္ဍမှာ ရှိသမျှအကြံဉာဏ်တွေ၊ လက်လှမ်းမီသမျှ ရင်းနှီးမြှုပ်နှံမှုတွေ ပုံအောရပါ မယ်။ ခေတ်မီနည်းပညာတွေနဲ့ လိုအပ်တဲ့သွင်းအားစုတွေကို လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်တဲ့ တောင်သူနဲ့ပေါင်းပြီးတော့ စိုက်/မွေးကဏ္ဍကို အမြင့်ဆုံးရောက်အောင် မြှင့်တင်ရပါမယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အဆိုရှင်တင်ပြခဲ့သလို စိုက်ပျိုးမွေးမြူရေးကဏ္ဍကြီးရဲ့ လုပ်ငန်းစဉ်တိုင်းမှာ တောင်သူတွေကိုဗဟိုပြုရပါမယ်။ ကျွန်တော်တို့မဲဆန္ဒနယ်က တောင်သူအချို့ရဲ့ဆောင်ရွက်ချက်တွေကို တင်ပြပါရစေ။ ကျွန်တော့်နယ်မှာ P-4 Project ဆိုတာကို ၂၀၁၆-၂၀၁၇ ခုနှစ်ကတည်းကစပြီးတော့ ဆောင်ရွက်ကြပါတယ်။ ပါဝင်တဲ့သူတွေကတော့ စိတ်ပါဝင်စားတဲ့တောင်သူတွေ၊ NGO အဖွဲ့အစည်း တွေ၊ ကုမ္ပဏီတွေ၊ အစိုးရဌာနတာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်ကြပါတယ်။ စိတ်ပါဝင်စားသူ တောင်သူတွေဟာ သင့်လျော်တဲ့အစုအဖွဲ့ငယ်တွေ ဖွဲ့ပါတယ်။ အဲဒီအစုအဖွဲ့ငယ်တွေ ပြန်ပေါင်းပြီး တော့ မြို့နယ်အဖွဲ့ဖွဲ့ပါတယ်။ ဖွဲ့ပြီးတော့ မြို့နယ်ခေါင်းဆောင်တစ်ဦးရွေးပါတယ်။ ဒီတောင်သူအဖွဲ့တွေ ကို NGO ကိုယ်စားလှယ်ကနေပြီးတော့ သင့်တော်တဲ့ ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးပါတယ်။ ကုမ္ပဏီက သွင်းအားစုတွေနဲ့ပတ်သက်ပြီးတော့ စာချုပ်စာတမ်းပြုလုပ်ပြီးတော့ ကူညီပေးပါတယ်။ တောင်သူအဖွဲ့ဝင်တွေ၊ စိုက်/မွေးပညာရှင်တွေ စတာတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီးတော့ စိုက်ပျိုးမယ့် ရာသီအမီ စိုက်မယ့်မျိုး၊ ဆေး၊ မြေဆီ စတာတွေနဲ့ပတ်သက်ပြီးတော့ လုပ်ငန်းစဉ်တွေကို ဆွေးနွေး တိုင်ပင်ကြပြီးတော့ တောင်သူအဖွဲ့ဝင်တွေက ညှိနှိုင်းဆုံးဖြတ်ကြပါတယ်။ ရိတ်သိမ်းချိန်ရောက်တဲ့ အခါမှာ ထွက်ကုန်ရောင်းချမှု စခန်းတစ်ခုဖွင့်ပါတယ်။ အဲဒီစခန်းမှာပဲ သိုလှောင်ရောင်းချတဲ့ အစုအရပ် လုပ်ပြီးတော့ မန္တလေး၊ မူဆယ် စတဲ့ ကုန်စည်ဒိုင်တွေနဲ့ချိတ်ဆက်ပြီးတော့ အချိန်အလိုက် ပေါက်ဈေးကို

ဖုန်း၊ အင်တာနက်တွေကတစ်ဆင့်သိရှိပြီးတော့ အားလုံးရဲ့အကြံဉာဏ်၊ သဘောတူဆုံးဖြတ်ချက်တွေနဲ့ အရည်အသွေးသတ်မှတ်တာ၊ ဈေးနှုန်းဆုံးဖြတ်တာ ဆောင်ရွက်ကြပါတယ်။ ဒီလုပ်ငန်းစဉ်ရဲ့ အကျိုးကျေးဇူးကတော့ တောင်သူတစ်ဦးချင်းစီမဟုတ်ဘဲနဲ့ အားလုံးရဲ့ ဆွေးနွေးအကြံပြုချက်အပေါ် မှာ လုပ်ဆောင်ကြတဲ့အတွက် ခေတ်နဲ့လျော်ညီတဲ့ နည်းပညာတွေရရှိတဲ့အတွက် ဥပမာ- GAP လို နည်းမျိုးကို ရရှိလာတယ်။ မျိုး၊ မြေဆီ၊ ဆေးဝါးနဲ့ပတ်သက်ပြီးတော့ တိကျတဲ့သုံးစွဲမှုတွေရတယ်။ တောင်သူအဖွဲ့အစည်းဖြစ်လာတဲ့အတွက် ကုမ္ပဏီတွေက ပိုယုံလာတယ်။ ဒါကြောင့်မို့လို့ သွင်းအားစု တွေနဲ့ ကူညီပံ့ပိုးမှုတွေရတယ်။ ပြဿနာ၊ အခက်အခဲရှင်းတဲ့အခါမှာ အရင်ထက် ပိုမိုလျင်မြန်ထိရောက် လာတယ်။ ထွက်ကုန်ရောင်းချတဲ့နေရာမှာ ဈေးနှုန်းအရည်အသွေးနဲ့ပတ်သက်ပြီးတော့ ပင်ရင်း ကုန်စည်ဒိုင်များနဲ့ချိတ်ဆက်ပြီးတော့ ကြားခံကုန်သည်ပွဲစားတို့ရဲ့ ဈေးကစားတာကို မခံရတော့ဘူး။ သီးနှံပေါ်ခါစဈေး၊ သီးနှံလှိုင်လှိုင်ပေါ်တဲ့ဈေး တောင်သူထံမှာမရှိပေမဲ့လည်း အဲဒီအခြေအနေတွေ အားလုံးဟာ ဈေးအတက်အကျမရှိတော့ဘူး။ အဖွဲ့ဝင်အချင်းချင်း တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွေ ကြောင့် လုပ်ငန်းအတွက်သာမကဘဲနဲ့ တခြား လူမှုရေး၊ ဘာသာရေး၊ ပညာရေး စတဲ့ ပရဟိတလုပ်ငန်း များမှာပါ ပူးပေါင်းဆောင်ရွက်မှုတွေ ရရှိလာကြတယ်။ စိန်ခေါ်မှုတွေကတော့ မြေပြင်မှာ တောင်သူ လယ်သမားအဖွဲ့တွေ ရှုပ်ထွေးလာနိုင်တယ်။ ပါတီတွေနဲ့ပတ်သက်တဲ့ တောင်သူလယ်သမားအဖွဲ့၊ သမဂ္ဂနဲ့ပတ်သက်တာတွေ၊ ကော်မတီအမည်ပေါက်တွေ စတာတွေရှုပ်ထွေးလာမယ်။ မသေချာ၊ မရေရာတဲ့ NGO ကုမ္ပဏီတွေနဲ့ ချိတ်ဆက်မိပြီဆိုလို့ရှိရင် လိမ်လည်ခံရာတာတွေ၊ အမြတ်ကြီးစားခံရ တာတွေ ဒါတွေရှိနိုင်တယ်။ အချို့အဖွဲ့ဝင်တောင်သူတွေ ဖြစ်စဉ်ရဲ့စည်းကမ်း၊ ရည်ရွယ်ချက်တွေ မသိဘဲနဲ့ အကြွေးရဖို့၊ မြေဆီရဖို့ပဲ ကြိုးစားကြတဲ့အခါကျတော့ ကိုယ်တိုင်ကြိုးစားအားထုတ်မှုမရှိတဲ့ အတွက် ဝင်ငွေတိုးလာပေမဲ့ အစိုးရကြွေး၊ ကုမ္ပဏီကြွေး ဒါတွေသာတိုးလာတယ်။ နောက်တစ်ခါ ဒီစီမံကိန်းတွေကို တောင်သူတွေမသိရှိကြသေးဘူး။

အဲဒီတော့ ဒီစိန်ခေါ်မှုတွေ ဘယ်လိုကျော်လွှားမလဲဆိုတော့ တောင်သူတွေ ပိုမိုသိရှိဖို့အတွက် ပညာပေးလှုံ့ဆော်မှုတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ ဒါတွေလုပ်ဖို့လိုတယ်။ တောင်သူ အကျိုးလိုလားတဲ့ NGO ကုမ္ပဏီပိုင်ရှင်၊ ကုမ္ပဏီပညာရှင်တွေ၊ တောင်သူတွေနဲ့ ထိတွေ့ဆက်ဆံ နိုင်မယ့် နည်းလမ်းကောင်းတွေ များများဖန်တီးပေးဖို့လိုတယ်။ ဒါ့အပြင် လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကို အမြန်ဆုံးအကောင်အထည်ဖော်ပေးဖို့လိုတယ်။ ဒါကတော့ မှတ်တမ်းဓာတ်ပုံတွေပါ။ ဒါက တောင်သူအဖွဲ့ဝင်တွေနဲ့ ကိုယ်စားလှယ်အဖွဲ့ဝင်တွေနဲ့

ဆွေးနွေးတဲ့မှတ်တမ်းဓာတ်ပုံပါ။ ဒါကတော့ ဈေးနှုန်းဆုံးဖြတ်တဲ့၊ အရည်အသွေးဆုံးဖြတ်တဲ့နေရာမှာ တောင်သူတွေကိုယ်တိုင်ပါဝင်နေတဲ့ပုံပါ။ ဒါကတော့တောင်သူတွေ စုရပ်လုပ်ပြီးတော့ ကုန်လှောင်ပြီးတော့ ရောင်းတဲ့နေရာပါ။ ဒါကတော့ တောင်သူတွေ အလေးချိန်ချိန်တွယ်တဲ့နေရာမှာ ကိုယ်တိုင်ဝင်ပြီးတော့ ဆုံးဖြတ်တဲ့ကိစ္စပါ။ ဒါကတော့ ဆွေးနွေးပွဲမှတ်တမ်းပါ။ ဒါကတော့ ကားပေါ်ပစ္စည်းတွေတင်နေတဲ့ကိစ္စပါ။ ဒါကတော့ ဆွေးနွေးပွဲအပြီးမှာ အားလုံးအောင်ပွဲခံနေတဲ့ မှတ်တမ်းတင်ဓာတ်ပုံပါ။ ဒါကတော့ ဆွေးနွေးပွဲဓာတ်ပုံပါ။ ဒါကြောင့်မို့လို့ ဒီလိုနိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွားနှင့် တောင်သူတို့အတွက် အမှန်တကယ်အကျိုးရှိမယ့်အဆိုဖြစ်တဲ့အတွက် လေးနက်စွာထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကော့မှူးမဲဆန္ဒနယ်က ဦးကျော်ဆွေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ဆွေဝင်း(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျားနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျား။ ဒီနေ့ နိုင်ငံနှင့်ပြည်သူများစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးကြ၊ ထုတ်ကုန်တွေတိုးမြှင့်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ဝင်ငွေတွေကိုတိုးပွားလာအောင် အလုပ်လုပ်နေကြတဲ့ တောင်သူတွေရဲ့အပေါ်မှာ အားပေးထောက်ပံ့ချင်တယ်ဆန္ဒနဲ့ တင်သွင်းခဲ့သော ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော် ဦးကျော်ဆွေဝင်းက ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

အဆိုကိုလေ့လာတဲ့အခါမှာ အဓိကရှုထောင့်နှစ်မျိုးကို တွေ့ရပါတယ်။ ပထမရှုထောင့်ကတော့ အရေးကြီးတဲ့နိုင်ငံရဲ့ဝင်ငွေရှာနေတဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကို တိုးတက်စေဖို့ အဆိုရှင်ရဲ့စေတနာကို မြင်နေရပါတယ်။ ဒီထဲမှာ ကိုယ်စားလှယ်ကြီးတွေအားလုံးလည်း ဒီကိစ္စအပေါ်မှာ အငြင်းပွားစရာမရှိဘူးလို့ ထင်မြင်ယူဆမိပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော်တို့ထက်မနည်းတဲ့ စေတနာတွေရှိနေမယ်လို့ ယုံကြည်မိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့နောက်ရှုထောင့်ကတော့ စီမံကိန်းတွေပဲဖြစ်ပါတယ်။ ခုနကပြောတဲ့ စိတ်ရင်းစေတနာနဲ့ အကျိုးရလဒ်တွေကိုရရှိစေဖို့ စီမံကိန်းတွေလိုတယ်ဆိုတာကို အဆိုရှင်က မီးမောင်းထိုးပြလိုက်တယ်လို့ပဲ ကျွန်တော့်အနေနဲ့ ရိုးရှင်းစွာနားလည်မိပါတယ်။ အဲဒီတော့ ဒီနေ့ လွှတ်တော်ကြီးမှာ ပြန်ပြီးစဉ်းစားကြည့်မယ်ဆိုရင် ကျွန်တော်တို့လိုချင်တာတွေကိုသိပြီး ဘယ်လိုလုပ်မလဲဆိုတာကို ဆက်ပြီးစဉ်းစားဖို့ပဲ လိုပါတယ်။ အဆိုရှင်ကတော့ စီမံကိန်းတွေလိုပါတယ်လို့ ဆိုလိုပါတယ်။ စီမံကိန်းလို့ဆိုတာနဲ့ အဆိုဟာ စိုက်ပျိုးရေး၊

မွေးမြူရေးကဏ္ဍတွေကို ဖွံ့ဖြိုးဖို့စဉ်းစားကြပါစို့။ စိုက်ပျိုးရေးလုပ်ဖို့အတွက် လိုအပ်ချက်တွေကို စာရင်းနဲ့ရေးကြမယ်ဆိုရင် ဒီလွှတ်တော်ကြီးထဲက ကိုယ်စားလှယ်တွေအားလုံးလိုလိုဟာ တောင်သူလယ်သမားတွေရဲ့မဲတွေနဲ့ ရောက်ရှိလာကြတာပါ။ ဆိုလိုတာကတော့ စိုက်ပျိုးရေးမှာလိုအပ်ချက်တွေအားလုံးကိုသိပြီးသားမို့ ကျွန်တော် ဒီနေ့အကျယ်ချဲ့မပြောလိုပါဘူး။ သွင်းအားစု၊ စက်ကိရိယာ၊ ရိတ်သိမ်းချိန်လွန်နည်းပညာအားလုံး သိကြပြီးသလို ဒီနေ့ကိုယ်စားလှယ်တွေအားလုံးကလည်း ဆွေးနွေးနေကြပါပြီ။ ကျွန်တော်ကတော့ ဒီနေ့ ကျွန်တော့်မဲဆန္ဒနယ်အခြေအနေလေးကို အခြေခံပြီးတော့ ဆွေးနွေးလိုပါတယ်။ ကျွန်တော် မွေးဖွားကြီးပြင်းခဲ့ရတဲ့ တွံတေးမြို့နယ်၊ ဒလမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်တို့တည်ရှိရာ ရန်ကုန်အနောက်ပိုင်းဒေသမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က သုံးသီးစားလို့ခေါ်တဲ့ သီးနှံတွေအထွက်တိုးဖို့အတွက်ကို ကမ္ဘာ့ဘဏ်က လေ့လာခဲ့ပါတယ်။ မြေပြန့်ဒေသမှာ ဒယ်အိုးကြီးသုံးလုံးလို့ခေါ်တဲ့ ချိုင့်ဝှမ်းဒေသမှာ ရေမဝပ်ဖို့၊ ပင်လယ်ရေငန်တွေကို အချိန်မီနုတ်ပြစ်နိုင်ဖို့၊ မိုးတွင်းရေချိုတွေကို လှောင်ထားနိုင်တဲ့ရေတံခါးတွေကို တပ်ဆင်ဖို့၊ မြေမျက်နှာသွင်ပြင်အသေးစိတ်၊ အနိမ့်၊ အမြင့်တွေ၊ ဒီရေအတက်အကျ အသေးစိတ်တွေ လေ့လာပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ ကံအားလျော်စွာပါပဲ အဲဒီစီမံကိန်းဟာ မလုပ်ဖြစ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုရင် ၁၉၈၀-၁၉၉၀ ခုနှစ် ပြည်တွင်းနိုင်ငံရေးနှင့် သက်ဆိုင်နေတယ်ဆိုတာ ကိုယ်စားလှယ်ကြီးများအသိပဲဖြစ်ပါတယ်။

ကျွန်တော်တို့မဲဆန္ဒနယ်မှာ စိုက်ပျိုးရေးနဲ့အတူ တစ်နိုင်တစ်ပိုင်ငါးမွေးမြူရေး၊ ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေးတွေကို လုပ်ဆောင်တဲ့နေရာမှာလည်း လိုအပ်တဲ့နည်းပညာ၊ လိုအပ်တဲ့ထောက်ပံ့ငွေတွေ၊ စီမံကိန်းနှင့်လုပ်ဆောင်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တောင်သူတွေရဲ့ဘဝဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ မီးမောင်းထိုးပြလိုတာကတော့ အဆိုရှင်တင်ပြတဲ့အထဲက စီမံကိန်းများဖြင့် အကောင်အထည်ဖော်ခြင်းအပိုင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ ရေရှည်စီမံကိန်းကြီးထဲက တစ်ပိုင်းချင်း၊ တစ်ပိုင်းချင်း အကောင်အထည်ဖော်ခဲ့တာတွေကို ထိုက်တန်တဲ့အကျိုးတွေရခဲ့သလားတွေကို နမူနာပြရင်းနဲ့ နောက်ထပ်ဆက်လုပ်ချင်တဲ့စီမံကိန်းတွေကိုလည်း တင်ပြနေခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ စီမံကိန်းတွေချအလုပ်လုပ်သွားမယ်ဆိုရင် ဆတက်ထမ်းပိုးပိုပြီးတော့ အောင်မြင်လာမှာလည်း သေချာပါတယ်။ အဲဒီလိုပါပဲ နိုင်ငံတစ်ဝန်းမှာ နေရာဒေသပထဝီဝင်အနေအထားအလိုက် အသေးစိတ်လေ့လာပြီး လယ်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍတွေမှာ စီမံကိန်းတွေချမှတ်လုပ်ဆောင်ကြမယ်ဆိုရင် ကျွန်တော်တို့ရဲ့

တောင်သူဦးကြီးတွေအပြင် ပြည်သူပြည်သားအားလုံးရဲ့ စားဝတ်နေမှုဘဝဖွံ့ဖြိုးလာမယ်လို့ ယုံကြည်တဲ့အတွက် ဒီနေ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါး ထုတ်လုပ်ရေးကဏ္ဍကို နှစ်တိုနှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ တိုက်တွန်းထားတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က လက်ရှိအခြေအနေမှာ နိုင်ငံရဲ့စီးပွားရေးကျဆင်းနေမှုကိုလည်း ထည့်သွင်းဆွေးနွေးထားပါတယ်။ ဒါအမှန်ပဲ ဖြစ်ပါတယ်။ ထုတ်ကုန်သွင်းကုန်ပမာဏ မမျှမတဖြစ်နေမှုကြောင့် နှစ်စဉ်လိုလို ကုန်သွယ်မှုလိုငွေပြနေပါတယ်။ လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ် ပထမခြောက်လပတ်မှာ ပို့ကုန်ဟာ အမေရိကန်ဒေါ်လာ ၈၃၀၆.၂ သန်းဖြစ်ပြီးတော့ သွင်းကုန်ပမာဏဟာ အမေရိကန်ဒေါ်လာ ၈၉၆၅.၇ သန်းဖြစ်နေပြီးတော့ ကုန်သွယ်မှုလိုငွေဟာ ၆၅၉.၅ သန်းဖြစ်နေတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူများသုံးစွဲနေတဲ့ ဓာတ်မြေသြဇာတင်သွင်းမှုကို ကြည့်မယ်ဆိုရင် ရေကြောင်းကနေတစ်ပတ်ကို တန်ချိန် ၁၅၀၀၀ ကနေပြီးတော့ ၃၀၀၀၀ ကျော်အထိ တင်သွင်းနေတာကို တွေ့ရှိရပါတယ်။ ကျန်ခဲ့တဲ့တစ်ပတ်က ဓာတ်မြေသြဇာကတင်သွင်းမှုဟာ ကနေဒါနိုင်ငံက တန်ချိန် ၁၀၀၀ ၊ တရုတ်နိုင်ငံကတန်ချိန် ၁၈၂၂ တန်၊ အီဂျစ်က ၄၅၁.၄၁၈ တန်၊ ဂျာမနီနိုင်ငံက ၁၅၄၈ တန်၊ အီရန်နိုင်ငံက တန်ချိန် ၁၀၀၀ ၊ အစ္စရေးနိုင်ငံက ၇၂ တန်၊ ဂျပန်နိုင်ငံက ၂၅.၅ တန်၊ ကိုရီးယားနိုင်ငံက ၁၃၃ တန်၊ နယ်သာလန်နိုင်ငံက ၄၂ တန်၊ နော်ဝေက ၁၁၃၉.၅၂ တန်၊ ဆော်ဒီအာရေဗျက ၂၀၄၁.၇ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံက ၈၉၉၄.၄၇၆ တန် စုစုပေါင်း ၁၈၂၇၉.၆၇ တန်၊ အမေရိကန်ဒေါ်လာတန်ဖိုးအားဖြင့် ၅၅၅၀၇၅ ကျော်တန်ဖိုးရှိကြောင်း သိရှိရပါတယ်။

အလားတူ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ရိဒ်၊ တမူး ကုန်သွယ်ရေးစတဲ့ စခန်းကိုးခုကလည်း စုစုပေါင်း တစ်ပတ်အတွင်းမှာတန်ချိန်ပေါင်း ၁၈၀၀၀ ကျော်

ကို တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါတွေဟာ ဒီဓာတ်မြေဩဇာကတောင်သူလယ်သမားတိုင်း မဖြစ်မနေအသုံးပြုရတဲ့အတွက် ပြည်တွင်းဓာတ်မြေဩဇာစက်ရုံများကိုလည်း ထုတ်လုပ်မှုမြင့်မားဖို့ အတွက် တောင်သူလယ်သမားကို စျေးနှုန်းသက်သာစွာနဲ့ ဖြန့်ဖြူးဖို့ကျွန်တော့်အနေနဲ့ အကြံပြုလိုပါ တယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်နေ့ကနေ ၁၇ ရက်နေ့အထိ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့ကနေ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ကို ကုန်ပစ္စည်းတင်ပို့မှုကို ကြည့်မယ်ဆိုရင် အမေရိကန်ဒေါ်လာ ၄၃၀ တန်ဖိုးရှိတဲ့ ကြက်သွန်နီ ၂၀၀၀ ကီလိုဂရမ်တင်ပို့နိုင်သော်လည်း ထိုင်းနိုင်ငံမယ်ဟောင်ဆောင်မှတစ်ဆင့် တင်သွင်း မှုဟာ အမေရိကန်ဒေါ်လာ ၉၃၆၀ ရှိ ဟင်းချိုမှုန့် ၇၈၀၀ ကီလိုဂရမ်နှင့် ၁၁၈ ဒေါ်လာရှိတဲ့ ပဲနို့ဗူး ၂၀၀ ကီလိုဂရမ်တင်သွင်းမှုကို ကြည့်မယ်ဆိုရင် မိမိတို့တောင်သူလယ်သမားများရဲ့ ထွက်ကုန်တင်ပို့မှု နှင့် အခြားနိုင်ငံများရဲ့ တင်သွင်းမှုများဟာ ကွာဟမှုကြီးမားနေတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆန်၊ စပါးထုတ်လုပ်တင်သွင်းမှုကို တင်ပြလိုပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ဆန်တင်ပို့မှုကိုကြည့်မယ်ဆိုရင် ၂၀၁၆ ခုနှစ်မှာ ဆန်တန်ချိန် ၉.၉ သန်း၊ အမေရိကန်ဒေါ်လာ ၄.၄ ဘီလီယံ၊ ၂၀၁၇ ခုနှစ်မှာ ဆန်တန်ချိန် ၁၁.၆၇ သန်း၊ အမေရိကန်ဒေါ်လာ ၅.၁၈ ဘီလီယံ၊ ၂၀၁၈ ခုနှစ်မှာ ဆန်တန်ချိန် ၁၁.၀၉ သန်း၊ အမေရိကန်ဒေါ်လာ ၅.၆၁ ဘီလီယံတင်ပို့နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာတော့ ဆန်ဖြူတန်ချိန် ၄.၈ သန်း၊ ပေါင်းဆန်တန်ချိန် ၂.၄ သန်း၊ ဟုမ္မလင်းဆန်တန်ချိန် ၁.၃ သန်း၊ အထွေထွေဆန်မွှေး ၀.၆ သန်း၊ ကောက်ညှင်းဆန်တန်ချိန် ၀.၄ သန်း စုစုပေါင်း ဆန်တန်ချိန် ၁၀.၅ သန်းတင်သွင်းမယ်လို့ လျာထားကြောင်း သိရှိရပါတယ်။ မြန်မာ နိုင်ငံအနေနဲ့ကတော့ ၂၀၁၇-၂၀၁၈ မှာ ပင်လယ်ရေကြောင်းကနေ ကုမ္ပဏီ ၈၃ ခုကနေ ဆန်တန်ချိန် ၁.၂ သန်း၊ အမေရိကန်ဒေါ်လာ ၃၈၁ သန်း၊ နယ်စပ်မှကုမ္ပဏီ ၁၅၅ ခုမှ ၁.၇ သန်း၊ အမေရိကန် ဒေါ်လာ ၅၉၅ သန်းရရှိပြီးတော့ ၂၀၁၈-၂၀၁၉ မှာ ပင်လယ်ရေကြောင်းမှနေပြီး ကုမ္ပဏီ ၇၀ ကနေပြီး တော့ ဆန်တန်ချိန် .၈၅ သန်း၊ အမေရိကန်ဒေါ်လာ ၂၈၈ သန်း၊ နယ်စပ်မှ ကုမ္ပဏီ ၁၀၃ ခုမှ ဆန်တန် ချိန် ၁.၀၇ သန်း၊ အမေရိကန်ဒေါ်လာ ၃၅၉ သန်းရရှိကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။ ၂၀၁၉ ခုနှစ် မှာတော့ မြန်မာနိုင်ငံအနေနဲ့ ၂.၈ သန်းတင်ပို့မည်ဟု သိရှိရပါတယ်။ အဲဒီတော့ ဆန်စျေးအနေနဲ့ ကြည့်မယ်ဆိုရင်လည်း လက်ရှိမြန်မာ့ဆန်စျေး ၂၅ မှတ်အမျိုးအစား FOB ပေါ် သင်္ဘောပေါ် ပေါက်စျေးတစ်တန်ကို ၂၇၅ ဒေါ်လာသာရပေမဲ့ ထိုင်းနိုင်ငံဆန်က ၃၇၉ ဒေါ်လာ၊

ဗီယက်နမ်နိုင်ငံက တစ်တန်ကို ၃၃၃ ဒေါ်လာရရှိနေပါတယ်။ ဒီအချက်ကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံက ဆန်တင်ပို့မှုနဲ့ ဆန်စျေးနှုန်းကွာခြားချက်ကိုလည်း တွေ့ရှိနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပဆန် ဆန်စပါးတင်ပို့မှုကောင်းမွန်မှသာ ပြည်တွင်း ဆန်စပါးစျေးကွက်လည်း ကောင်းလာနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းစပါးစျေးကွက်များကျဆင်းလာခဲ့ ကာ ဝယ်လိုအားလည်း လျော့နည်းခြင်းကြောင့် စပါးစိုက်တောင်သူများအခက်အခဲများစွာနဲ့ ရင်ဆိုင် နေရပါတယ်။ စပါးစျေးကွက်တည်ငြိမ်ရန်နှင့် စပါးပေါ်ချိန်မှာ စျေးကျဆင်းမှုများ မဖြစ်စေရန် လိုအပ် ပါတယ်။ တရုတ်နိုင်ငံမှ ဆန်ကား ၅၃ စီးအပိတ်ခံရပြီးနောက်ပိုင်းကစပြီး စပါးစျေးများထိုးကျလာခြင်း ဖြစ်ပါတယ်။ ယခုအခါ မူဆယ်နယ်စပ်ဂိတ်မှာ ဆန်အိတ်ရေ ၁၀ သိန်းနဲ့ သကြားအိတ်ရေ ၁၆ သိန်း၊ ပြောင်းများသုံးလကျော်ပိတ်ဆို့နေတာကို သိရပါတယ်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ နေ့လယ် ပိုင်းမှာလည်း ပြင်ပသတင်းဌာနများက မြန်မာ့ဆန်တန်ချိန် ၁၈၀၀၀ ကို စားသုံးရန်မသင့်ဟူ၍ အိုက်ဗရီကို့စ်နိုင်ငံက ဖျက်ဆီးပစ်လိုက်ကြောင်းလည်း သတင်းဖော်ပြချက်ကြောင့် မြန်မာ့ဆန်များ သိက္ခာကျပြီး နာမည်ပျက်ခဲ့ရပါတယ်။ မြန်မာ့ဆန်စပါးလောကကြီးတစ်ခုလုံးလည်း တုန်လှုပ်သွားပြီး ယူကျုံးမရ ဖြစ်ခဲ့ရပါတယ်။ မြန်မာ့ဆန်တန်ချိန်များစွာဟာလည်း FOB စနစ်နဲ့ရောင်းချသော်လည်း မြန်မာ့ဆန်ရဲ့ နိုင်ငံတကာစျေးကွက်ကို အဟန့်အတားတစ်ခုဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပြီး ရာသီဥတုမျှတတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ မြေဆီဩဇာအလွန်ထက်သန်တဲ့ နိုင်ငံဖြစ်သလို တောင်သူလယ်သမားများအနေနဲ့လည်း အားစိုက်ခွန်စိုက်လုပ်နိုင်စွမ်းရှိပါတယ်။ အရင်းအနှီး၊ နည်းပညာနဲ့ သေချာရေရာခိုင်မာတဲ့စျေးကွက်ရှိမယ်ဆိုရင် စိုက်ပျိုးရေးနယ်ပယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး ကမ္ဘာ့အလယ်မှာဝင့်ကြွားလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အစိုးရနဲ့ သက်ဆိုင်တဲ့ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာကုမ္ပဏီများ၊ တောင်သူလယ်သမားများနဲ့ ပေါင်းစပ်ပြီးတော့ နှစ်တိုနှစ်ရှည်စီမံကိန်းများကို စနစ်တကျရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်တဲ့ ကျေးလက် နေတောင်သူလယ်သမားမိသားစုများရဲ့လူမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်ရဲ့ မြေသယံဇာတကို အမှီပြုပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူ လယ်သမားများကိုဗဟိုပြု၍ သက်ဆိုင်တဲ့တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်ရဲ့လယ်ယာသားငါးကဏ္ဍများ တိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့်

ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့သဘောထားပြုမှုများနှင့်အတူ ပေါင်းစပ်ရှင်းလင်းဆွေးနွေးတင်ပြပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းတဲ့အဆိုဟာ နိုင်ငံတော်ရဲ့ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တောင်သူကို ဗဟိုပြုထားတဲ့စိုက်ပျိုးရေးနဲ့ အသား၊ ငါး ထုတ်လုပ်ရေးကဏ္ဍတွေမှာ နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ပေးဖို့ တိုက်တွန်းထားတဲ့အဆိုဖြစ်ပါတယ်။ ယခုအဆိုအပေါ်မှာ လက်ရှိပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်တဲ့ စဉ်ဆက်မပြတ်တိုးတက်မှုရှိစေရေး ရည်ရွယ်ချမှတ်ထားတဲ့ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ၊ မျှော်မှန်းချက်များနှင့် ရေးဆွဲအကောင်အထည်ဖော်နေမှုအပေါ်မှာ အခြေပြုဆွေးနွေးတင်ပြပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့တိုက်တွန်းထားတဲ့အဆိုဟာ ကျယ်ပြန့်တဲ့အဆိုတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့် အချိန်အနည်းငယ် တိုးမြှင့်ဆွေးနွေးခွင့်ပြုနိုင်ပါရန်နှင့် တင်ပြအပ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ချက်အနက်မှ ဆဋ္ဌမအချက်ဖြစ်တဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေဖို့နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီမျှတဲ့ စီးပွားရေးပုံစံဖော်ထုတ်ဖို့ ဆိုတဲ့အချက်နှင့်အညီ မူဝါဒတွေ၊ မဟာဗျူဟာတွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာအခါမှာ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ပြီး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြစ်တဲ့(Myanmar Sustainable Development Plan-MSDP)ရဲ့ မဟာဗျူဟာ ၂၀၁၈-၂၀၃၀ ခုနှစ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာကဏ္ဍအနေနဲ့ မူဝါဒ ၁၀ ချက် ချမှတ်ထားပါတယ်။ မူဝါဒအလိုက် သက်ဆိုင်တဲ့လုပ်ငန်းစဉ်များလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအစိုးရကာလဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းပြီးတဲ့နောက် လယ်ယာကဏ္ဍမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာဖြစ်တဲ့ (Agricultural Development Strategy-ADS)ကို ရေးဆွဲထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လယ်ယာကဏ္ဍအနေနဲ့ ထုတ်လုပ်မှုတန်ဖိုးကို ယခင်နှစ်ကထက် ၂.၄ ရာခိုင်နှုန်းတိုးတက်စေဖို့နဲ့ သားငါးကဏ္ဍမှာ ၄ ရာခိုင်နှုန်း တိုးတက်စေဖို့ ရည်မှန်းချက်ထား အကောင်အထည်ဖော်လျက်ရှိပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ်တွေနှင့်အညီ တောင်သူကို ဗဟိုပြုဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနဲ့ပတ်သက်ပြီး တင်ပြပါမယ်။

စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ဖို့အတွက် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေးဟာ အခြေခံကျတဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်ဘက်က ဆောင်ရွက်ပေးနိုင်မှု တောင်သူလယ်သမားတွေရဲ့အမှန်လိုအပ်ချက် ဦးစားပေးဆောင်ရွက်ရမယ့်အခြေအနေအပေါ်မှာ စိစစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ကြီးကြပ်မှုနဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းဧက ၆၂၃၀၂ ဧက ဖော်ထုတ်ဆောင်ရွက်ပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍအတွက် စိုက်ပျိုးရေရရှိရေးဟာ အရေးကြီးသလို တောင်သူများနှစ်စဉ်လိုလို ကြုံတွေ့နေရတဲ့ ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေး၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေဟာလည်း အရေးပါပါတယ်။ ခေတ်အဆက်ဆက်က တည်ဆောက်အသုံးပြုခဲ့ပြီး ပြုပြင်ဖို့လိုအပ်လျက်ရှိတဲ့ ဆည်ရေသောက်စနစ်တွေကို ပြန်လည်ပြုပြင်ခြင်း၊ ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို နှစ်စဉ်အစီအမံများ ချမှတ်ဆောင်ရွက်ပေးခြင်းအားဖြင့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံဧက ၂၆ သိန်းကျော်ကို စိုက်ပျိုးရေ ပြည့်စုံလုံလောက်စွာ ပေးဝေနိုင်လျက်ရှိပါတယ်။ ဒါ့အပြင် တောင်သူတွေပါဝင်တဲ့ ရေအသုံးပြုမှုအဖွဲ့တွေကိုလည်း စနစ်တကျဖွဲ့စည်းပြီး ဆည်ရေကိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအစီအမံများလည်း အကောင်

အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ထုတ်လုပ်ထွက်ရှိတဲ့သီးနှံတွေ ဈေးကွက်နဲ့ ဈေးနှုန်းအာမခံချက်များရှိစေဖို့အတွက် ကန်ထရိုက် လယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲလာတဲ့ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမယ့် သီးနှံမျိုးများ၊ သီးနှံစိုက်စနစ်များဟာ လက်ရှိအနေအထားမှာ တောင်သူများအတွက် အရေးကြီးလာတာ ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုဖြစ်စဉ်များနဲ့ သီးနှံဖျက်ပိုးမွှားရောဂါ ကျရောက်မှုတွေကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုများနဲ့ စွန့်စားဆောင်ရွက်ရတဲ့အခြေအနေတွေကို စနစ်တကျ စီမံခန့်ခွဲပြီး ကုစားနိုင်မယ့် သီးနှံအာမခံစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတဲ့ အတွက် မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေဖြစ်နိုင်တဲ့ သီးနှံအာမခံစနစ်ကို ရွေးချယ်ဆောင်ရွက်သွား နိုင်ဖို့ မြန်မာ့အာမခံလုပ်ငန်းနှင့် တာဝန်ရှိအစိုးရအဖွဲ့အစည်းများ သီးနှံအာမခံကုမ္ပဏီများ၊ အခြား အာမခံနှင့် ချေးငွေဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ ကိုယ်စားလှယ်များ ပါဝင်တဲ့အဖွဲ့နဲ့ သီးနှံအားခံစနစ်တစ်ရပ် ပေါ်ပေါက်လာရေး ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက် လျက်ရှိနေပြီဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုးရေးကဏ္ဍ၊ အသားကဏ္ဍနှင့် ငါးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ဖို့ အရည်အသွေးကောင်းမွန်တဲ့ သီးနှံနှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်တဲ့တိရစ္ဆာန် မွေးမြူရေးကျင့်စဉ်(GAHP)၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(GAqP)တို့ကို ကျင့်သုံးပြီး နိုင်ငံတကာဈေးကွက်ရဲ့ လိုအပ်ချက်နှင့် ကိုက်ညီတဲ့ အရည်အသွေးပြည့်မီသော ကဏ္ဍဆိုင်ရာထွက်ကုန်များ ကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသားကဏ္ဍအနေနဲ့ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေဖို့အတွက် ရည်မှန်းချက်များ လက်ရှိဒုတိယ(၅)နှစ်စီမံကိန်း(၂၀၁၆-၂၀၁၇ ခုနှစ်ကနေ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ) နှစ်အလိုက်တိုင်းရင်းကြက် မွေးမြူဖွံ့ဖြိုးတိုးတက်ရေး၊ နို့စားနွား ဖွံ့ဖြိုးတိုးတက်ရေး၊ မေထုန်မဲ့မြှင့်တင်ရေး၊ သဘာဝသားစပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားကျက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကို ရေးဆွဲထားပြီး မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့် သုတေသန စီမံကိန်းများနဲ့လည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။

**မူကြမ်း**

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိရစ္ဆာန်ထုတ်ကုန်များ စနစ်တကျထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိတဲ့နေရာမှာ တိရစ္ဆာန်အစာများ စနစ်တကျထုတ်လုပ်နိုင်ဖို့အတွက် စားကျက်။ စိုက်ပျိုးရေးကို စနစ်တကျဆောင်ရွက်လာဖို့ လိုအပ်လာပါတယ်။ အမျိုးသားအဆင့် စားကျက်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အနေနဲ့ နိုင်ငံတော်ရဲ့ အထောက်အပံ့ကျပ် ၁.၂ ဘီလီယံသုံးစွဲပြီး ၂၀၁၈-၂၀၂၃ ခုနှစ်အထိ ငါးနှစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေတောင်သူများ မွေးမြူရေးကို ပိုမိုမွေးမြူလာနိုင်စေဖို့အတွက်လည်း မြစိမ်းရောင်အသားကဏ္ဍ၊ ဖွံ့ဖြိုးရေးကျေးရွာထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့် နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲတိရစ္ဆာန်မျိုးများ ဖြန့်ဖြူးခြင်းနှင့် နို့ပေါင်းစက်ရှိတဲ့ ဒေသတွေမှာ နို့စားနွားမွေးမြူဖြန့်ဖြူးခြင်းတို့ကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွဲနွားအရှင်တွေ ပြည်ပတင်ပို့နေတဲ့အနေအထားကြောင့် ပြည်တွင်းကျွဲနွားရှားပါးမှုမဖြစ်စေရေးအတွက်ကိုလည်းပဲ ရေရှည်အစီအမံများနှင့် ဆောင်ရွက်လျက်ရှိနေတဲ့အခြေအနေ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်အစီအမံနဲ့ အဖွဲ့အစည်းများ၊ ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးနှင့် မွေးမြူရေးဇုန်များ ထူထောင်ခြင်းလုပ်ငန်းများနှင့်လည်း အကောင်အထည်ဖော်လျက်ရှိနေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုစီမံကိန်းအနေနဲ့ ကျေးလက်နေပြည်သူတွေ ဝင်ငွေတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာမှာ စပါးစိုက်ခင်းအတွင်း ငါးထည့်သွင်းမွေးမြူခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ)၊ သဘာဝရေမြေနှင့် ဆည်တမံအတွင်း ငါးသားပေါက်များ စိုက်ထည့်ပြီး သယံဇာတထိန်းသိမ်းခြင်းစီမံကိန်းများနှင့် စီမံအကောင်အထည်ဖော်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အတူ နိုင်ငံတကာငါးလုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရေချိုငါးမွေးမြူရေးနည်းပညာဖွံ့ဖြိုးမှု၊ ငါးသုတေသနစင်တာတို့ကိုလည်းပဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေ သတ္တဝါဖွံ့ဖြိုးမှုစီမံချက်(National Aquaculture Development Plan)ကို နှစ်ရှည်စီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးကဏ္ဍ၊ သား၊ ငါးထုတ်လုပ်မှုကဏ္ဍများမှာ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ်တွေနှင့်အညီ တောင်သူလယ်သမားများကို ဗဟိုပြုပြီး ချက်ချင်းအကျိုးခံစားရမယ့် လုပ်ငန်းတွေ၊ ကာလတိုအကောင်အထည်ဖော်ရမယ့်လုပ်ငန်များနဲ့

ရေရှည်ကိုမျှော်မှန်းဆောင်ရွက်ရတဲ့ လုပ်ငန်းတွေကို စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာမှာ ခေတ်မီ နည်းပညာလိုအပ်ချက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိုအပ်ချက်ရှိနေမှုများအပေါ်မှာ အခြေခံပြီး နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီး စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ဖို့ သုတေသနနှင့်တိုးချဲ့ပညာပေးရေး၊ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ဖြန့်ဖြူးပေးရေး၊ လယ်ယာလုပ်ငန်းခွင်စက်ကိရိယာ တိုးမြှင့်သုံးစွဲနိုင်ရေး၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီတဲ့ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် တောင်သူလယ်သမားများ အရင်းအနှီးနှင့် ချေးငွေ၊ ထောက်ပံ့ငွေများ တိုးတက်ရရှိရေး၊ ကျေးလက်အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို အထောက်အကူဖြစ်စေမယ့် ရေရရှိရေး၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်သူများရဲ့စွမ်းဆောင်ရည်မြှင့်တင်ရေးစတဲ့ တောင်သူဗဟိုပြုဖွံ့ဖြိုးမှု နှစ်တို၊ နှစ်ရှည်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတာ ဖြစ်တဲ့အလျောက် ဒီလိုတောင်သူဗဟိုပြု ဆောင်ရွက်တဲ့စီမံကိန်းတွေက ကျေးလက်ဒေသလူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်စေခြင်းကနေ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်မှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော့်အဆိုရဲ့ အဓိကကတော့ ကျေးလက်မှာနေတဲ့ ပြည်သူတွေဟာ သူတို့ကိုယ်တိုင် သူတို့ရဲ့လူမှုရေးဘဝ၊ စီးပွားရေးဘဝ၊ ပညာရေးဘဝတိုးတက်ပြီးတော့ သူတို့ရဲ့လုပ်တဲ့လုပ်ငန်းအပေါ်မှာ တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အထောက်အကူဖြစ်နိုင်ဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်ပေးဖို့ စိတ်ကောင်းစေတနာကောင်းနဲ့ တင်တဲ့အဆိုပဲဖြစ်ပါတယ်။ ဒါကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး ၁၀ ဦးကနေပြီးတော့မှ လက်တွေ့ဘဝနဲ့ပေါင်းစပ်ပြီးတော့ လွှတ်တော်ထဲမှာ ကျွန်တော့်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားတဲ့အတွက် များစွာမှလည်းကျေးဇူးတင်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးနဲ့ ဒုတိယဝန်ကြီးကတော့ အခု Slide တွေရော တင်ပြဆွေးနွေးချက်တွေ တော်တော်လေးကိုအားရစရာပဲမြင်ပါတယ်။ သို့သော်လည်းပဲ တကယ်တမ်းကျတော့ လက်တွေ့ဘဝနဲ့ကွာခြားနေတာတွေ့ရပါတယ်။ တကယ်လုပ်လို့ရှိရင်တော့ အဟုတ်ဖြစ်မှာပါ။ တကယ်မလုပ်လို့သာလျှင် လက်တွေ့ဘဝနဲ့ကွာခြားနေတာဖြစ်တဲ့အတွက် ဒါတွေကိုလည်းပဲ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ပြီးတော့ သုံးသပ်ပေးစေလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ပြည်သူ့ကိုယ်စားလှယ်တွေပါ။ ဝန်ကြီးဌာနသည် အဓိကလည်း ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ အားကိုးအားထားပြုရတဲ့ အစိုးရရဲ့အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ဝန်ကြီးဌာနနဲ့ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ဘက်က ချို့ယွင်းချက်တွေတင်ပြမယ်။ ဝန်ကြီးဌာနဘက်ကလည်း ပြင်သင့်တာပြင်ပြီးတော့ တကယ့်လက်တွေ့မှာ ဆောင်ရွက်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့တိုင်းပြည်ရဲ့ရေရှည်ဟာ အများကြီးအောင်မြင်သွားနိုင်စရာအကြောင်းရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဝန်ကြီးဌာနရဲ့တင်ပြချက်တွေသည် လက်တွေ့ထဲမှာတော့ ဒီလောက်ထိအောင်မြင်တာ မတွေ့တဲ့အတွက် မှတ်တမ်းတင်ပါဆိုတဲ့နေရာမှာ ကျွန်တော်တို့လွှတ်တော်ကြီးကတော့ ဒီလောက်နဲ့မှတ်တမ်းတင်ဖို့တော့မသင့်ပါဘူး။ စောင့်ကြည့်ဖို့လိုပါတယ်။ ဒါမှသာလျှင် ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်သည် ဘယ်လိုလုပ်နေတယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကလည်း နောက်ပိုင်းမှာသုံးသပ်နိုင်စရာတွေအများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုကို မှတ်တမ်းတင်ပြီးတော့ စောင့်ကြည့်ပေးပါရန် လွှတ်တော်ကိုလေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၀ ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကတော့ မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၄)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။


**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၄း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**


## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ (၃၀.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


U Hla Kyaw



U Kyaw Htay

pyithu.hluttaw.mm


U Hla Kyaw



U Soe Myint

pyithu.hluttaw.mm


U Hla Kyaw


U Sai Ngaung Sai Hein


pyithu.hluttaw.mm


U Kyaw Myo


U Kyaw Min


pyithu.hluttaw.mm


U Zar Ni Min



U Kyaw Myo

pyithu.hluttaw.mm


U Min Kyi


U Kyaw Myo

pyithu.hluttaw.mm


U Kyaw Myo


U Maung Maung Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်